မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၃)
အမှတ် (၁၄၉)

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၂ ရက်

၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့။

ဒို့တာဝန်အရေး (၃) ပါး

- ❒ ပြည်ထောင်စု မပြိုကွဲရေး။
- ❒ တိုင်းရင်းသား စည်းလုံး ညီညွတ်မှု မပြိုကွဲရေး။
- ❒ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်သမ္မတရုံး

(အမိန့်အမှတ်၊ ၆/ ၂၀၁၄)

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁၁ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်)

လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးကော်မရှင်ဖွဲ့စည်းခြင်း

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၇ နှင့် ပုဒ်မ ၉၊ ပုဒ်မ ၁၀ တို့ပါ ပြဋ္ဌာန်းချက်များအရ အောက်ပါပုဂ္ဂိုလ်များကို ယှဉ်တွဲပါ ရာထူးနေရာများတွင် ခန့်အပ်၍ **လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေး ကော်မရှင်**အား ဖွဲ့စည်းတာဝန်ပေးလိုက်သည်-

(၁)	ဦးမြဝင်း စစ်မှုထမ်း(အငြိမ်းစား)	ဥက္ကဋ္ဌ
(၂)	ဦးကျော်ကျော် သွန်ကြားရေးမှူးချုပ် (အငြိမ်းစား၊ နိုင်ငံခြားရေးဝန်ကြီးဌာန)	အဖွဲ့ဝင်
(၃)	ဦးစိုးတင့် ညွှန်ကြားရေးမှူး (အငြိမ်းစား၊ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)	အဖွဲ့ဝင်
(၄)	ဦးသန်းအောင် ညွှန်ကြားရေးမှူး (အငြိမ်းစား၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)	အဖွဲ့ဝင်
(၅)	ဦးမောင်ရှိန် စစ်မှုထမ်း(အငြိမ်းစား)	အဖွဲ့ဝင်
(၆)	ဒေါက်တာတိုက်စံ ပါမောက္ခ(အငြိမ်းစား၊ တပ်မတော်နည်းပညာတက္ကသိုလ်)	အဖွဲ့ဝင်
(၇)	ဦးနေဝင်း သံအမတ်ကြီး(အငြိမ်းစား)	အဖွဲ့ဝင်
(၈)	ဒေါ်မြတ်မြတ်စိုး ညွှန်ကြားရေးမှူးချုပ် (အငြိမ်းစား၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)	အဖွဲ့ဝင်

စာမျက်နှာ ၃ ကော်လံ ၅ ✳

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း လန်ဒန်မြို့အခြေစိုက် ဂျာဒင်းမက်သီဆင်ဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌ Sir Henry Keswick ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ဆောက်လုပ်ရေးနှင့် ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် လန်ဒန်မြို့အခြေစိုက် ဂျာဒင်းမက်သီဆင်ဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌ Sir Henry Keswick ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ဆွေးနွေးတင်ပြ

ယင်းသို့တွေ့ဆုံစဉ် ဂျာဒင်းမက်သီဆင်ဦးပိုင်ကုမ္ပဏီဥက္ကဋ္ဌမှ အင်ဂျင်နီယာ၊ ဆောက်လုပ်ရေး၊ ပို့ဆောင်ရေးဝန်ဆောင်မှုလုပ်ငန်းများ၊ ဟိုတယ်နှင့် အစားအသောက်ဝန်ဆောင်မှုလုပ်ငန်းများ၊ ကမ္ဘာ့ထိပ်တန်းစာရင်းဝင် မော်တော်ယာဉ်များရောင်းဝယ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများ၊ အိမ်ခြံမြေလုပ်ငန်းများ၊ လူသုံးကုန်ပစ္စည်းအမျိုးမျိုး လက်လီရောင်းဝယ်ရေး စူပါမားကက်၊ ဟိုက်ပါမားကက်လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုပြုလုပ်နိုင်မည့် အခွင့်အလမ်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဦးဉာဏ်ထွန်းနှင့်အတူ ဒုတိယဝန်ကြီး ဦးတင်ဦးလွင်၊ ဒေါက်တာ ဒေါ်သက်သက်ဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ရာဇူဒိုင်မြစ်ကူးတံတားကြောင့် လမ်းပန်းဆက်သွယ်ရေးအဆင်ပြေ

မော်လမြိုင်ကျွန်း ဖေဖော်ဝါရီ ၂၅

ဧရာဝတီ တိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ် အရှေ့ဘက်ခြမ်းတွင် နိုင်ငံတော်မှတည်ဆောက်ပေးခဲ့သော ရာဇူဒိုင်အမှတ်(၁) တံတား(ဝဲပုံ)၊ ရာဇူဒိုင်အမှတ်(၂) တံတားနှင့် ကျိုက်ပိမြစ်ကူးဘေလီတံတားတို့၏ကျေးဇူးဖြင့် ယခင်က ကုန်းလမ်းခရီး လမ်းပန်းဆက်သွယ်ရေးမရှိခဲ့သော မော်လမြိုင်ကျွန်းမြို့နယ်သည် ယခုအခါ ရန်ကုန်မြို့နှင့် တိုက်ရိုက် ဆက်သွယ်သွားလာနိုင်ကြပြီ ဖြစ်သည်။

ယခင်က ကျိုက်ပိနှင့်ကျော်ဇံ ကျေးရွာကြီးတို့မှာ ကျိုက်ပိမြစ်ကူးတံတားမရှိသဖြင့် လမ်းပန်းဆက်သွယ်ရေးအခက်အခဲရှိခဲ့ရာ နိုင်ငံတော်မှ ကျိုက်ပိ မြစ်ကူးဘေလီတံတား ဆောက်လုပ်ပေးခဲ့သဖြင့် မော်ကျွန်း-ကျိုက်ပိ-ကျော်ဇံကျေးရွာများအထိ ခရီးသည်တင် လိုင်းကားများ တိုက်ရိုက်ပြေးဆွဲနေပြီဖြစ်ရာ ခရီးသွားပြည်သူများ အချိန်မရွေးသွားလာနိုင်ကြပြီဖြစ်သည်။

အဆိုပါ မော်ကျွန်း-ကျိုက်ပိ-ကျော်ဇံခရီးစဉ် လမ်းတစ်လျှောက်ရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူသွားသည့်

စာမျက်နှာ ၈ ကော်လံ ၅ ❁

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တိုးတက်မှုအတွက် အလုပ်များများလုပ်

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာ ပေါ်ပေါက်ရေးသည် အဓိက အချက်တစ်ချက်ဖြစ်ပါသည်။ အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်လုပ်နိုင်သော စက်ရုံ အလုပ်ရုံ နေရာများစွာရှိရန် လိုပါသည်။ အထူးသဖြင့် စီးပွားရေးအချက်အချာကျသော မြို့ကြီး၊ ပြကြီးများတွင် အလုပ်လုပ်နိုင်သော အလုပ်များစွာ ပေါ်ပေါက်ဖန်တီးပေးရမည်ဖြစ်ပါသည်။ လူတစ်ဦး အနည်းဆုံးအလုပ်တစ်ခုလုပ်နိုင်သော အခြေအနေဖြစ်ရမည် ဖြစ်ပါသည်။

ယနေ့ဖွံ့ဖြိုးပြီးနိုင်ငံများကို လေ့လာကြည့်လျှင် အနည်းဆုံး လူတစ်ဦး အလုပ်တစ်ခုနှုန်း လုပ်ကိုင်နေကြသည်ကို တွေ့နိုင်ပါသည်။ လူငယ်လူရွယ်များသာမက အသက် ၆၀ ကျော်ပြီး သူများပင်လျှင် အလုပ်လုပ်ချင်လျှင် အလုပ်ရှိပါသည်။ အလုပ် မရှားပါ။ အလုပ်အကိုင်အခွင့်အလမ်းများ ပေါများသည်။ အချိန်ပြည့်(လုပ်ချိန် ၈ နာရီ) အလုပ်လုပ်ချင်လျှင် အချိန်ပြည့် လုပ်နိုင်ပါသည်။ အချိန်ပိုင်း(နာရီဖြင့်) လုပ်ချင်လျှင် အချိန်ပိုင်း အလုပ်များရှိပါသည်။ သန့်ရှင်းရေးလုပ်ငန်းမှအစ စက်မှုကုန်ထုတ် လုပ်ငန်းများအထိ အလုပ်အကိုင်များ ပေါပါသည်။

အလုပ်လုပ်ကြသူများမှာလည်း အချိန်ပြည့်အလုပ်အပြင် အချိန်ပိုင်းအလုပ်များကိုပါ လုပ်ကိုင်ကြပါသည်။ အချို့ ကျောင်းတက်ရင်းပင် အလုပ်လုပ်ကြသည်။ တစ်ဖက်က ပညာရှာရင်း အခြားတစ်ဖက်တွင် အချိန်ပိုင်းအလုပ်များ ဝင်လုပ်ကြပါသည်။ ဤသို့လုပ်ကိုင်ခြင်းဖြင့် လူငယ်များအား စီးပွားရေး၊ အတွေးအခေါ်၊ အတွေ့အကြုံကောင်းများကိုလည်း ရရှိစေနိုင်ပါသည်။ ဘဝအတွေ့အကြုံများ တိုးပွားစေပြီး လုပ်ကိုင်နိုင်စွမ်းရည်ကို တိုးတက်စေနိုင်ပါသည်။

သို့သော် အလုပ်လုပ်သည်ဆိုရာတွင် အလုပ်လုပ်သလောက် အကျိုးခံစားခွင့်ရှိရပါမည်။ အထူးသဖြင့် ထိုက်တန်သော လုပ်အားခ ရရှိရေးပင်ဖြစ်ပါသည်။ အလုပ်အများကြီးလုပ်ပြီး ထိုက်တန်သော အခကြေးငွေမရလျှင် ထိုအလုပ်လုပ်သူ၏ဘဝ မတိုးတက်နိုင်ပါ။ ထိုက်တန်သော လုပ်အားခရရှိမှသာလျှင် အလုပ်လုပ်သူအတွက် အကျိုးရှိပြီး ဘဝတိုးတက်ပြောင်းလဲနိုင်ပါသည်။ သို့မဟုတ်ချေက အလုပ်ရှင်သာ အကျိုးများပြီး အလုပ်သမားအတွက် အကျိုးမရှိနိုင်ပါ။ အလုပ်တစ်ခုသည် အလုပ်ရှင်နှင့်အလုပ်သမား မျှတစွာအကျိုးခံစားနိုင်ရမည်ဖြစ်ပါသည်။ သို့မှသာ ဒီမိုကရေစီနည်းလမ်းကျပါသည်။ တိုးတက်နိုင်ပါသည်။

ကျွန်ုပ်တို့အများစုမှာ အလုပ်တစ်ခုသာ အေးအေးဆေးဆေး လုပ်နေကြပါသည်။ အပိုဝင်ငွေရသည့် အချိန်ပိုင်းအလုပ်လုပ်သူကား ရှားပါသည်။ ဝင်ငွေရအောင် အလုပ်ကို များများလုပ်ခြင်းဖြင့် တိုးတက်နိုင်ပါသည်။ ထို့ကြောင့်လည်း ဆရာကြီးပီမိုးနင်းက “မြန်မြန်ချမ်းသာလိုလျှင်၊ မြန်မြန်ဆင်းရဲကြ”ဟူ၍ တိုက်တွန်းခဲ့ခြင်းဖြစ်ပါသည်။ ဆိုလိုသည်မှာ အလုပ်ကိုများများလုပ်ကြပါဟု ဆိုခြင်းပင်ဖြစ်ပါသည်။ အပြောလျှော့ပြီး အလုပ်များများ လုပ်ကြဖို့လိုပါသည်။

အချုပ်ဆိုရလျှင် တိုင်းပြည်တိုးတက်အောင် ဖော်ဆောင်ရာတွင် အချိန်ပြည့်၊ အချိန်ပိုင်းအလုပ်များစွာ ပေါ်ထွန်းလာရပါမည်။ လုပ်သလောက်လည်း ထိုက်တန်သော လုပ်ခကြေးငွေ ရရှိရပါမည်။ လူတိုင်းလူတိုင်း ကြီးငယ်မဟူ အလုပ်ကိုများများ လုပ်ကြရမည်ဖြစ်ပါသည်။ ပဒေသာပင်သည် မြေကမပေါက်နိုင်ပါ။ ကြီးပွားတိုးတက်သော နိုင်ငံဖြစ်လိုလျှင် ကိုယ်တိုင် အလုပ်များများလုပ်၊ သို့မှသာ အမြန်တိုးတက်နိုင်မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့် ပုသိမ်မြို့ မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့နှင့် တွေ့ဆုံဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဖေဖော်ဝါရီ ၂၃ ရက် မွန်းတည့် ၁၂ နာရီက ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ပုသိမ်ဟိုတယ်၌ ကျင်းပသော မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့ တွေ့ဆုံဆွေးနွေးပွဲနှင့် နည်းပညာဖြန့်ဖြူးခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် ဧရာဝတီတိုင်းဒေသကြီး ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်း တွေ့ဆုံဆွေးနွေးရာမှ ထွက်ပေါ်လာသော ရော်ဘာစိုက်ပျိုးနည်းစနစ်၊ မျိုးကောင်းမျိုးသန့်၊ အစေးခြစ်ထုတ်မှု လုပ်ငန်းစဉ်၊ သွင်းအားစုများ အသုံးပြုသည့်စနစ်များကို မြန်မာနိုင်ငံ ရော်ဘာထုတ်လုပ်မှုအခန်းကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ပြီး နိုင်ငံခြားတင်ပို့နိုင်သည့် အရည်အသွေးမီရော်ဘာများ ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထုတ်လုပ်သည့် ရော်ဘာများကိုလည်း ပြည်ပသို့တင်ပို့ရန်နှင့် ဈေးကွက်ရရှိအောင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်ချဲ့ထွင်ရာတွင် ဂျပန်နိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းနှင့် MoU ရေးထိုးထားပြီး အဆင့်မီရော်ဘာများ ထုတ်လုပ်နိုင်မည်ဖြစ်၍ ရေရှည်အရည်အသွေးမီ ရော်ဘာထုတ်လုပ်ပြီး ဈေးကောင်းရရှိလာမည်ဖြစ်ကြောင်း၊ ဧရာဝတီ တိုင်းဒေသကြီးအတွင်း ရော်ဘာစိုက်ပျိုးဧက နှစ်သိန်းကျော်ရှိပြီး ပိုမိုတိုးချဲ့ စိုက်ပျိုးသွားကြရမည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အစည်းအဝေးအတွေ့အကြုံ ထပ်ဆင့်ရှင်းလင်း

ပဲခူး ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ခရိုင်တရားရုံး၏ ဆဋ္ဌမအကြိမ်မြောက် လုပ်ငန်းညှိနှိုင်းအစည်းအဝေး အတွေ့အကြုံများ ထပ်ဆင့်ရှင်းလင်းသည့် အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တရားလွှတ်တော် အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ ထပ်ဆင့်ရှင်းလင်းပွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် တိုင်းဒေသကြီး တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးအတွေ့အကြုံများကို တိုင်းဒေသကြီးလွှတ်တော် တရားသူကြီးချုပ် ဦးမောင်မောင်ရွှေက ထပ်ဆင့်ရှင်းလင်းမှာကြားပြီး တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူးနှင့် တိုင်းအတွင်းရှိ တရားရေး အရာရှိများ စုစုပေါင်း ၉၁ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

သန့်စင်

ဥတ္တရသီရိမြို့ ပညာရေးစုံညီပွဲတော်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့ အခြေခံပညာအလယ်တန်းကျောင်း (ရွှေနံ့သာ)၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပညာရည်ထူးချွန်ဆုပေးပွဲနှင့် စုံညီပွဲတော်ကို ဖေဖော်ဝါရီ ၁၅ ရက် နံနက် ၉ နာရီက အဆိုပါကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ယခုနှစ် စုံညီပွဲတော်ကို ရွှေနံ့သာ အမှတ်(၁)ကျောင်းဆရာတော် ဦးအဂ္ဂရာဇာနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ကဦးစီးကာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းရီမွန်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်ကြသည်။ အတန်းလိုက် ထူးချွန်ဆုရ ကျောင်းသားကျောင်းသူများကို ဆုများချီးမြှင့်သည်။ ထို့နောက် အခမ်းအနားဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းကူညီပမ်းဆောင်ရွက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခင်မောင်မြင့်

သီတဂူရွှေပြည်ဟင်္သာ (ရန်ကုန်) ၃၃-ကြိမ်မြောက် အလင်းဒါနပြုလုပ်ပါမည်။

Dr.Mya Aung ကြီးကြပ်မှုနှင့် Dr.Yi Yi Aung, Dr.Khin Ohmar Khine, Dr. Khin Ohn Myint, Dr.Kyaw Min Lwin, Dr. Aung Cho Htwe, Dr. Thein Than Htike, Dr. Tin Myo Thant, Dr. Win Mar Tun, Dr. Khin Oo May, Dr. May Zun Aung Win, Dr. Hla Myat Nwe, Dr. Kyawt Kyawt Naing, Dr. Yinmin Han, Dr. Naing Lin

လက်ပံတောင်းတောင်ကြားရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများ ရွှေ့ပြောင်းတည်ဆောက်ရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများအမှူးပြုသော ဆရာတော်သံဃာတော်များထံမှ ဩဝါဒခံယူ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနှင့်ပတ်သက်သည့် စုံစမ်းစစ်ဆေးရေး အစီရင်ခံစာအပေါ် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းနှင့် ဒေါက်တာမြင့်အောင်၊ စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေး၊ ဒုတိယဝန်ကြီးများနှင့်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယနေ့မွန်းလွဲ ၂ နာရီတွင် လက်ပံတောင်းတောင်ကြားရှိ ဗုဒ္ဓသာသနိကအဆောက်အအုံများ ရွှေ့ပြောင်းတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများ၊ တိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများနှင့် လက်ပံတောင်းတောင်ဒေသရှိ ဆရာတော် သံဃာတော်များထံမှ ဩဝါဒခံယူကြသည်။ **(အပေါ်ယာပုံ)**

ဆားလင်းကြီးမြို့နယ် သံဃနာယကအဖွဲ့ရုံးတည်ရှိသည့် ကံစွယ်ကျောင်းတိုက်၌ကျင်းပသည့် အဆိုပါအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ကျောင်းတိုက်ဆရာတော် ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ၊ စစ်ကိုင်းတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌဆရာတော်၊ တိုင်းဒေသကြီးသံဃနာယကအဖွဲ့ (ရွှေကျင်) ဒုတိယဥက္ကဋ္ဌ၊ ဆားလင်းကြီးမြို့တောင်ပေါ်ကျောင်းဆရာတော်နှင့် မြန်မာနိုင်ငံလုံးဆိုင်ရာ လယ်တီကမ္မဋ္ဌာနာစရိယအဖွဲ့ဥက္ကဋ္ဌ၊ လယ်တီဒီပနီ ထွန်းကားပြန့်ပွားရေးအဖွဲ့ဒုတိယဥက္ကဋ္ဌ၊ ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကလေးဝတောရစာသင်တိုက် ပဓာနနာယကဆရာတော်တို့က သာသနိကအဆောက်အအုံများ ရွှေ့ပြောင်းရာတွင် ပိုမိုကြီးမားကောင်းမွန်ခိုင်ခံ့အောင် ဘဏ္ဍာစားအဖြစ် ရွှေ့ပြောင်းတည်ဆောက်သွားရန်နှင့် သာသနာရေးဆိုင်ရာ ထုံးတမ်းအစဉ်အလာများနှင့် ညီညွတ်စေရေးအတွက် ဩဝါဒကထာများချီးမြှင့်ခဲ့ကြကြောင်း ကနဦးသတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

✳ ရှေ့ဖုံးမှ

(၉) ဦးသင်းမောင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး (အငြိမ်းစား၊
အမျိုးသားစီမံကိန်းနှင့်
စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန)

(၁၀) ဦးဆွန်ဒုတ်ကျင့် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူး
(အငြိမ်းစား၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

(၁၁) ဒေါက်တာညီညီထွန်း — အဖွဲ့ဝင်
တိရစ္ဆာန်ဆေးကုဆရာဝန် (အငြိမ်းစား၊
မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ
ဖွံ့ဖြိုးရေးဝန်ကြီးဌာန)

(၁၂) ဦးကျော်မြင့် — အဖွဲ့ဝင်
စစ်မှုထမ်း(အငြိမ်းစား)

(၁၃) ဒေါ်သန်းသန်းရီ — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)

(၁၄) ဦးအောင်လှိုင်စိုး — အဖွဲ့ဝင်
ညွှန်ကြားရေးမှူး(အငြိမ်းစား၊ပြည်ထောင်စု
စာရင်းစစ်ချုပ်ရုံး)

(၁၅) ဦးတင်ဦး — အတွင်းရေးမှူး
သံအမတ်ကြီး(အငြိမ်းစား)

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ပြည်သူ့ဆောက်လုပ်ရေးနှင့် ကိုရီးယားကုမ္ပဏီတို့ လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် ကိုရီးယားသမ္မတနိုင်ငံ SAMBO Engineering Co.,Ltd. တို့အကြား MoU လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့နံနက် ၁၁ နာရီတွင်ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးကျော်လင်းနှင့် ကိုရီးယားသမ္မတနိုင်ငံ SAMBO Engineering Co.,Ltd. ဥက္ကဋ္ဌ Mr.Lee Chang Yoon တို့က နှစ်နိုင်ငံနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဖိုရမ်တက်ရောက်ရန် ကမ္ဘောဒီးယားသို့ထွက်ခွာ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကမ္ဘောဒီးယားနိုင်ငံတွင် ဖေဖော်ဝါရီ ၂၅ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ASEAN-Japan Young Entrepreneurs :Partnership for Growth Forum သို့ တက်ရောက်ရန် မြန်မာအမျိုးသမီးစီးပွားရေး စွမ်းဆောင်ရှင်များအသင်းမှ အတွင်းရေးမှူး ဒေါ်နှင်းဝေ ဦးဆောင်သည့်အဖွဲ့ဝင်ငါးဦးသည် ယနေ့နံနက်ပိုင်းက လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြသည်။ **(သတင်းစဉ်)**

မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများဖွင့်လှစ်ပြီးဖြစ်၍ ပြန်လည်စွန့်လွှတ်သည့်မြေများအတွက် မြေသိမ်းဆည်းခံရသူများက ပိုင်ဆိုင်မှုအထောက်အထားများဖြင့် လာရောက်စုံစမ်းလျှောက်ထားနိုင်

တနင်္သာရီတိုင်းဒေသကြီး ခရိုင်နှင့်မြို့နယ်အသီးသီးတွင် မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံးများကို အောက်ပါအတိုင်း ဖွင့်လှစ်ပြီးဖြစ်သဖြင့် ပြန်လည်စွန့်လွှတ်သည့်မြေများတွင် သိမ်းဆည်းခံထားရသည့်မြေများပါဝင်ခြင်း ရှိ/မရှိကိုစုံစမ်းနိုင်ကြောင်း၊ပါဝင်ပါကသက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီရုံး (ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးရုံး)များတွင် ခိုင်လုံသောအထောက်အထားဖြင့် လျှောက်ထားနိုင်ကြောင်းနှင့် တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်-

စဉ်	ကော်မတီအမည်	တည်နေရာ	ဆက်သွယ်ရန်ဖုန်း
၁	တနင်္သာရီတိုင်းမြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး	၀၅၉-၂၃၅၅၇
၂	ထားဝယ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၂၁၀၀၅
၃	မြိတ်ခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၄၁၀၁၃
၄	ကော့သောင်းခရိုင်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၅၁၄၉၉
၅	ထားဝယ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၅၉-၂၂၅၀၀
၆	ရေဖြူမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၉-၄၉၈၆၅၃၅၆
၇	လောင်းလုံမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၃၃၀၀၄
၈	သရက်ချောင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်မြေစာရင်းဦးစီးဌာန	၀၅၉-၃၅၀၉၆
၉	မြိတ်မြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၄၁၇၃၁
၁၀	ကျွန်းစုမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၆၂၀၁၀
၁၁	ပုလောမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၃၀၀၀၂
၁၂	တနင်္သာရီမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေးကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၉-၄၉၃၅၉၀၉၂
၁၃	ကော့သောင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၅၁၆၄၆
၁၄	ဘုတ်ပြင်းမြို့နယ်မြေအသုံးချမှုစီမံခန့်ခွဲရေး ကော်မတီ	မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန	၀၅၉-၅၁၀၀၂

နိုင်ငံတကာသတင်း

မြောက်ကိုရီးယားကင်းလှည့်သင်္ဘော တောင်ကိုရီးယားရေပိုင်နက် ချိုးဖောက်ဝင်ရောက်ဟုဆို

ဆိုးလ် ဖေဖော်ဝါရီ ၂၅

မြောက်ကိုရီးယားကင်းလှည့်ရေယာဉ်တစ်စင်းသည် တနင်္လာနေ့နှောင်းပိုင်းက တောင်ကိုရီးယား ရေပိုင်နက်အတွင်း အချိန်အတန်ကြာ စည်းကမ်းချိုးဖောက်ဝင်ရောက်ခဲ့ကြောင်း ဆိုးလ်မြို့ရှိ တာဝန်ရှိသူများက ပြောကြားသည်ဟု ဖေဖော်ဝါရီ ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အဆိုပါ ကင်းလှည့်သင်္ဘောသည် တောင်ကိုရီးယားမှ သတိပေးမှုပြုလုပ်သည့်တိုင်အောင် အချိန်အတန်ကြာ တောင်ကိုရီးယားနယ်စပ်ကျွန်းအနီး၌ရှိနေခဲ့ကြောင်း ၎င်းတို့က ပြောသည်။ မြောက်ကိုရီးယားက အဆိုပါရေပိုင်နက်ကို အငြင်းပွားပြီး ယခင်ကလည်း သင်္ဘောများဖြတ်ကျော်ဝင်ရောက်ခဲ့သည်ဟု ဆိုသည်။

ယင်းပိုင်နက်ကျူးကျော်ဝင်ရောက်မှုသည် ပြုံယမ်းက လက်မခံနိုင်သော အမေရိကန်နှင့်တောင်ကိုရီးယားတို့ ပူးတွဲစစ်ရေးလေ့ကျင့်မှု စတင်ပြီးနောက် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ **(ဘီဘီစီ)**

အီဂျစ်အစိုးရအဖွဲ့ နုတ်ထွက်သွားပြီ

ကိုင်ရို ဖေဖော်ဝါရီ ၂၅

အီဂျစ်အစိုးရတစ်ဖွဲ့လုံး နုတ်ထွက်သွားပြီဖြစ်ကြောင်း အီဂျစ်ကြားဖြတ်ဝန်ကြီးချုပ် ဟေဇမ်ဘေဘလောဝီက ဆိုင်းမဆင့်ဗုံမဆင့် ကြေညာလိုက်သည်။ ယင်းကဲ့သို့ အစိုးရတစ်ဖွဲ့လုံးနုတ်ထွက်ရန် ဆုံးဖြတ်လိုက်ခြင်းမှာ နိုင်ငံ၏ အခြေအနေမကောင်းသည့်သဘောကြောင့်ဟု ဘေဘလောဝီက ပြောသည်။ ယင်းကြေညာချက်သည် ဆန္ဒပြမှုများဆက်တိုက်ဖြစ်ပွားပြီးနောက် ပေါ်ထွက်လာခြင်းဖြစ်သည်။

ဇူလိုင်လက သမ္မတမော်စီအား ဖြုတ်ချပြီးနောက် မစ္စတာဘေဘလောဝီအာယာယီဝန်ကြီးချုပ်အဖြစ် ရွေးချယ်တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် လုံခြုံရေးတပ်များက မော်စီထောက်ခံလှုပ်ရှားသော မွတ်ဆလင်ညီအစ်ကိုတော်များပါတီကို ဖြိုခွင်းစဉ် လူပေါင်း ၁၀၀၀ ကျော် သေဆုံးပြီး ထောင်ပေါင်းများစွာဖမ်းဆီးခံရပြီးနောက် ယာယီဝန်ကြီးချုပ်ဖြစ်လာသည်။ **(ဘီဘီစီ)**

တစ်အိမ်ထောင်ကလေးတစ်ဦးသာ မွေးဖွားခွင့်ဥပဒေဖြေလျှော့ ရှန်ဟိုင်းသည် ဆဋ္ဌမမြောက်ပြည်နယ်ဒေသဖြစ်လာ

ပေကျင်း ဖေဖော်ဝါရီ ၂၅

ရှန်ဟိုင်းပြည်နယ်၏ ဥပဒေပြုအာဏာပိုင်အဖွဲ့က တရုတ်နိုင်ငံ၏ ယခင်ထိန်းချုပ်ထားသော တစ်အိမ်ထောင်ကလေးတစ်ဦးသာ မွေးဖွားခွင့်ဥပဒေကို ယနေ့ဖြေလျှော့ပေးလိုက်ပြီဖြစ်သဖြင့် ယခင်ကလေးတစ်ဦးရှိပြီးပါက ဒုတိယကလေးတစ်ဦး ထပ်ယူခွင့်ပြုသည့် ပြည်နယ်များတွင် ရှန်ဟိုင်းပြည်နယ်သည် ဆဋ္ဌမမြောက် ပြည်နယ်ဖြစ်လာခဲ့သည်။

အဆိုပါ ပြင်ဆင်ချက်ဥပဒေသည် ရှန်ဟိုင်းမြူနီစီပယ်ပြည်သူ့ဂရက်၏ အမြဲတမ်းကော်မတီအစည်းအဝေးပြီး ထွက်ပေါ်လာခြင်းဖြစ်ပြီး လာမည့် မတ်လ ၁ ရက်မှစကာ သက်ဝင်မည်ဖြစ်သည်။

ရှန်ဟိုင်းပြည်နယ်သည် ယခုအခါ ကလေးမွေးဖွားနှုန်းနည်းပါးခြင်း၊ သက်ကြီးလူဦးရေများပြားလာခြင်းနှင့် ကျား၊ မ လူဦးရေ မညီမျှခြင်းအပါအဝင် မွေး၊ သေစာရင်းလေ့လာမှုတွင် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။ ယခုပြင်ဆင်ချက်ဥပဒေ အသက်ဝင်လာပြီးပါက လာမည့်သုံးနှစ်မှ ငါးနှစ်တာကာလအတွင်း ကလေးငယ်မွေးဖွားနှုန်းသည် ၇၅၀၀၀ ဦးရေမှ ၁၅၀၀၀၀ အထိ ရောက်ရှိနိုင်ကြောင်း တွက်ချက်ရရှိသည်ဟု ဆိုသည်။ **(ဘီဘီစီ)**

လက်ဘနွန်အရှေ့ပိုင်းကို အစ္စရေးတို့က လေကြောင်းတိုက်ခိုက်မှုများပြုလုပ်

လက်ဘနွန် ဖေဖော်ဝါရီ ၂၅

ဆီးရီးယားနယ်စပ် လက်ဘနွန်အရှေ့ပိုင်း၌ အစ္စရေးဂျက်လေယာဉ်များက လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ကြောင်း လက်ဘနွန်သတင်းအေဂျင်စီက ပြောသည်။

ဖြစ်စဉ်မှာ ဘီကားတောင်ကြား နာဘီရှာအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း လက်ဘနွန်သတင်းအေဂျင်စီက ပြောသည်။ အလားတူမြောက်ပိုင်း၌လည်း လေကြောင်းတိုက်ခိုက်မှုများရှိခဲ့ကြောင်း၊ အစ္စရေးလုံခြုံရေးသတင်းရပ်ကွက်ဖော်ပြချက်ကို အစ္စရေးစစ်တပ်ကမူ အတည်ပြုခြင်းမရှိခဲ့ကြောင်း ရိုက်တာက ဖော်ပြခဲ့သည်။ ၎င်းဘီကားတောင်ကြားသည် လက်ဘနွန်စစ်သွေးကြွ ဟစ်ဇ်ဘိုလာစစ်သွေးကြွအုပ်စုများ ခြေကုပ်ယူထားသောနေရာဖြစ်သည်။ **(ဘီဘီစီ)**

ယူကရိန်းကြားဖြတ်သမ္မတ စည်းလုံးညီညွတ်သောအစိုးရဖွဲ့မည်ဆို ယူကေနှင့်အမေရိကန် ယူကရိန်းကိုအရေးပေါ်ငွေကြေးကူညီမည်

ယူကရိန်းကြားဖြတ်သမ္မတ တာချီနော့ဗ်နှင့် အီးယူနိုင်ငံခြားရေးမူဝါဒအကြီးအကဲ ကက်သရင်းအက်ရှ်တန်တို့ တနင်္လာနေ့က ကီယက်ဗ်၌ တွေ့ဆုံစဉ်။

ကီယက်ဗ် ဖေဖော်ဝါရီ ၂၅

ယူကရိန်းကြားဖြတ်သမ္မတ အိုလီဇန္ဒားတာချီနော့ဗ်က သမ္မတ ဗစ်တာယာနုကိုဗစ်ချ်အား ဖြုတ်ချပြီးရက်ပိုင်းအကြာ စည်းလုံးညီညွတ်သော အစိုးရတစ်ရပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း ဖေဖော်ဝါရီ ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

အမေရိကန်က ယူကရိန်းခေါင်းဆောင်သစ်ကို အသိအမှတ်မပြုသေးသော်လည်း မစ္စတာယာနုကိုဗစ်ချ်သည် နိုင်ငံကို ကြာရှည်စွာဦးဆောင်နိုင်စွမ်းမရှိခဲ့ဟု ဆိုသည်။

ထိုအတောအတွင်း ယူကေနိုင်ငံခြားရေးဝန်ကြီး ဝီလျံဟာဂျူးနှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးတို့သည် ကီယက်ဗ်ကို အရေးပေါ်ဘဏ္ဍာရေးအကူအညီပေးရန် ဝါရှင်တန်၌ တွေ့ဆုံဆွေးနွေးကြမည်ဟု ဆိုသည်။

ထွက်ပြေးပျောက်ကွယ်နေသော မစ္စတာယာနုကိုဗစ်ချ်အား ဖမ်းဝရမ်းထုတ်ထားသည်။ မစ္စတာယာနုကိုဗစ်ချ်နှင့် အခြားအဆင့်မြင့်အရာရှိများအား ငြိမ်းချမ်းစွာဆန္ဒပြသော ပြည်သူများအား သတ်ဖြတ်မှုဖြင့် အမှုဖွင့်တရားစွဲဆိုထားကြောင်း ယာယီပြည်ထဲရေးဝန်ကြီး အာဆင်အမာကော့ဗ်က ပြောသည်။

လွန်ခဲ့သော သီတင်းပတ်က ယာနုကိုဗစ်ချ် ဆန့်ကျင်သူများနှင့် ရဲတပ်ဖွဲ့ဝင်များ အဓိကရုဏ်းဖြစ်ပွားခဲ့ရာ ဒါဇင်ပေါင်းများစွာသော ပြည်သူများ သေဆုံးခဲ့ရသည်။ **(ဘီဘီစီ)**

စစ်သွေးကြွများ၏ သံသယရှိခိုအောင်းနေရာများ ပါကစ္စတန်စစ်တပ်က လေကြောင်းချိုပုံးကြဲတိုက်

မြောက်ဝါဇီရစ္စတန်တောင်ကြားရှိ ပါကစ္စတန်တိုက်ခိုက်ရေးသမားများအား တွေ့ရစဉ်။

အစ္စလမ္မာဘတ် ဖေဖော်ဝါရီ ၂၅

ပါကစ္စတန်စစ်တပ်က နိုင်ငံအနောက်မြောက်ပိုင်းရှိ သံသယရှိ စစ်သွေးကြွများ၏ခိုအောင်းနေရာများကို လေကြောင်းမှတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ၂၇ ဦး သေဆုံးသွားကြောင်း ဖေဖော်ဝါရီ ၂၅ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။

တိုက်ခိုက်ရေး ဂျက်လေယာဉ်များသည် အင်္ဂါနေ့က မြောက်ဝါဇီရစ္စတန်လူမျိုးစုဒေသကို ပစ်မှတ်ထားပြီး ဗုံးကြဲတိုက်ခိုက်ခဲ့ကြောင်း တာဝန်ရှိသူများက ပြောသည်။

ပါကစ္စတန်အစိုးရနှင့် တာလီဘန်စစ်သွေးကြွ ညှိနှိုင်းရေးမှူးများအကြား ဆွေးနွေးပွဲသည် တာလီဘန်နှင့်ဆက်နွယ်သောအုပ်စုတစ်စုက စစ်သား ၂၃ ဦးအား သတ်ဖြတ်ခဲ့ပြီးနောက် လွန်ခဲ့သော သီတင်းပတ်က ဆွေးနွေးပွဲပျက်သွားခဲ့သည်။

အဆိုပါ စစ်သွေးကြွများသည် တောင်ဝါဇီရစ္စတန်နှင့် မြောက်ဝါဇီရစ္စတန်အကြား ဖြန့်ကြက်ခြေကုပ်ယူထားကြပြီး အသေခံဗုံးခွဲတိုက်ခိုက်မှုများ ပြုလုပ်ရန်အတွက် လေ့ကျင့်ရေးစင်တာများ ထူထောင်ထားကြောင်း အမည်မဖော်လိုသူ စစ်ဘက်တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်ကို ကိုးကားလျက် ရိုက်တာက ဖော်ပြသည်။

ယခုနောက်ဆုံးတိုက်ခိုက်မှုများကို မြောက်ဝါဇီရစ္စတန် ရှာဝေါတောင်ကြားနှင့် ဒတ်တာခဲလ်ဒေသတို့၌ တိုက်ခိုက်ခဲ့ကြောင်း ရိုက်တာသတင်းအေဂျင်စီက ဖော်ပြသည်။ ယင်းလေကြောင်း တိုက်ခိုက်မှုသည် မြောက်ဝါဇီရစ္စတန်၌ တာလီဘန်တပ်မှူး အက်ရှ်မတ်လူတာရှာဟန်း သေနတ်ဖြင့်ပစ်သတ်ခံရပြီး တစ်ရက်အကြာတွင် ဖြစ်ပွားခဲ့သည်။ ယမန်နှစ်က အမေရိကန်တို့က မောင်းသူမဲ့လေယာဉ်ဖြင့် တိုက်ခိုက်မှုကြောင့် သေဆုံးသွားသော ဟာကီမူလာမက်ဆွတ် သေဆုံးပြီးနောက် ပါကစ္စတန်တာလီဘန်(တီတီပီ)က ရှာဟန်းအား ကြားဖြတ်ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သော သီတင်းပတ်က ပါကစ္စတန်အစိုးရတာဝန်ရှိသူများသည် တာလီဘန်ညှိနှိုင်းရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားပြီးမှ ဖျက်သိမ်းလိုက်သည်။ **(ဘီဘီစီ)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြင့်မားတိုးတက်ရေးထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် ဖေဖော်ဝါရီ ၂၁ ရက် မွန်းလွဲပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မူကြိုကျောင်း၊ Assembly Hall ၌ အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံပြီး အတွင်းသင်ယူမှုနေရာများ၊ အပြင်သင်ယူမှုနေရာများနှင့် မီးဖိုချောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၌ မြန်မာ့ရိုးရာမုန့်လုပ်ငန်း၊ ဇာထိုးပန်းထိုးလုပ်ငန်းနှင့် စက်ချုပ်လုပ်ငန်းများ သင်ယူနေမှု၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးဂိုဒေါင် အသစ်ဖွင့်လှစ်မည့် ကလေးပြုစုရေးဌာန အဆောက်အအုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် The Bridge of Life ရတနာ့မေတ္တာနှင့် ပန်းဆက်သူဖောင်ဒေးရှင်းတို့ ပူးပေါင်းဆောင်ရွက်သော အမှီခိုမဲ့ကလေးများ (Street Children)အတွက် ညအိပ်ဆောင် (Night Shelter) ဖွင့်ပွဲအခမ်းအနားသို့ ဝန်ကြီးချုပ် ဦးသိန်းအောင်နှင့်အတူ တက်ရောက်ပြီး ဝန်ကြီးဌာနအနေဖြင့် ထောက်ပံ့ငွေကျပ် ၁၀သိန်း လှူဒါန်းခဲ့သည်။

ဖေဖော်ဝါရီ ၂၂ ရက်တွင် ပြည်ထောင်စုဝန်ကြီးသည် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါ်ခင်စောမူ၊ ငပုတောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်သန်းမြင့်တို့နှင့်အတူ ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ၊ ငရုတ်ကောင်းတောင် ကျေးရွာသို့ ကွင်းဆင်းပြီး ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ပစ္စည်းများနှင့် ပြည်သူများအတွက် လက်ဆောင်ပစ္စည်းများကို ပေးအပ်သည်။

ဆက်လက်ပြီး ကျိုက္ကူးကျေးရွာ တိုက်နယ်ဆေးရုံ၌ လူနာများကို အားပေးစကားပြောကြားပြီး အထက ကျောင်း၌ ဒေသခံကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ ကျိုက္ကူးကျေးရွာတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် လူမှုရေးလိုအပ်ချက်ဖြစ်သည့် ဘိုးဘွားရိပ်သာ တည်ဆောက်ဖွင့်လှစ်ရန် ငွေကျပ်သိန်း ၃၀၀နှင့် သွပ်အချပ် ၁၀၀၊ တိုက်နယ်ဆေးရုံတွင် သူနာပြုနေအိမ်အသစ် တည်ဆောက်ရန် ငွေကျပ်သိန်း ၃၀၊ တီရှပ်၊ အမျိုးသားလုံချည်၊ အမျိုးသမီးလုံချည်၊ ခြင်ထောင်၊ မျက်နှာသုတ်ပဝါ၊ စောင်၊ ဆပ်ပြာစသည့် အိမ်အသုံးအဆောင်ပစ္စည်းများ ခုနစ်မျိုးပါဝင်သည့် ၅၅ စုံတို့ကို ထောက်ပံ့ပေးအပ်သည်။ ထို့နောက် ဘဝရှေ့ဆောင်ကျေးရွာသူကြီး ဦးလှမြင့် စာကြည့်တိုက်၌ ပညာပေးစာစောင်များ၊ ဓမ္မပါလဘုန်းတော်ကြီးကျောင်း၌ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းပြီး အခြားဘုန်းတော်ကြီးများအတွက်လည်း လှူဖွယ်ပစ္စည်းများ လှူဒါန်းခဲ့သည်။

ဆက်လက်၍ ကညင်ချောင်းကျေးရွာ(မြောက်) ကျောင်းဟောင်းဓမ္မာရုံ၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဘုန်းတော်ကြီးများအတွက် လှူဖွယ်ပစ္စည်းများ၊ ကုန်းတန်းကျေးရွာနှင့် ကညင်ချောင်းကျေးရွာ(မြောက်) ရွာချင်းဆက်လမ်းကို လတ်တလောသွားလာနိုင်ရန်အတွက် တံတားချဉ်းကပ်လမ်း ဆောက်လုပ်ရန် ငွေကျပ် ၁၀ သိန်း၊ ဆိုလာပါဝါ ၁၀ စုံ၊ အိမ်အသုံးအဆောင် ပစ္စည်းများ ခုနစ်မျိုးပါဝင်သည့် အစုံ ၇၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ကျောက်ချောင်းကျေးရွာ အထကကျောင်း၌ ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဘုန်းတော်ကြီးများအတွက် လှူဖွယ်ပစ္စည်းများ၊ ဆိုလာပါဝါ ၁၀ စုံနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ခုနစ်မျိုး ပါဝင်သည့် အစုံ ၇၀ တို့ကို ထောက်ပံ့ပေးအပ်သည်။

ထောက်ပံ့ပေးအပ်

ဆက်လက်၍ ဟိုင်းကြီးကျွန်း အမှတ်(၃)ရပ်ကွက်၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခန်းမ၌ ပြည်သူလူထုနှင့်တွေ့ဆုံပြီး အမှတ်(၃) ရပ်ကွက်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများအတွက် လှူဖွယ်ပစ္စည်းများနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ခုနစ်မျိုးပါဝင်သည့် ၄၉ စုံ၊ အမှတ် (၂)ရပ်ကွက်အတွက် ဆိုလာပါဝါငါးစုံနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ခုနစ်မျိုးပါဝင်သည့် ၂၁ စုံ၊ အမှတ်(၁) ရပ်ကွက်အတွက် ဆိုလာပါဝါငါးစုံနှင့် အိမ်အသုံးအဆောင်ပစ္စည်းများ ခုနစ်မျိုးပါဝင်သည့် ၂၁ စုံ ထောက်ပံ့ပေးအပ်ခဲ့သည်။

ခရီးစဉ်အတွင်းတွင် ဝန်ကြီးဌာနအနေဖြင့် စုစုပေါင်းငွေကျပ်သိန်း ၃၅၀ နှင့် ဦးအောင်ဇော်မြင့်၊ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် မိသားစုက နာဂစ်မုန်တိုင်းဒဏ်သင့်ကျေးရွာများရှိ ဘုန်းတော်ကြီးများအား ထောက်ပံ့ငွေများ လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(အပေါ်ဝဲပုံ)**

(သတင်းစဉ်)

ဖယောင်းတိုင်မီး တဲအိမ် ၁၂ လုံးမီးလောင်ကျွမ်း

ရေစကြို ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ ချင်းတွင်းမြစ်ကမ်းဘေးရှိ ရေလုပ်ငန်း မိသားစုများနေထိုင်သော ဇီးကျွန်း ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ ရက် ၄ နာရီခွဲခန့်တွင် ကိုသက်မောင်မောင် (၂၀ နှစ်)၏ အိမ်မှ ဖယောင်းတိုင်မီးထွန်းညှိအိပ်ပျော်ရာမှ မီးစတင်လောင်ကျွမ်းရာ တဲအိမ် ၁၂ လုံး လောင်ကျွမ်းပြီး အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၃၇ ဦး စုစုပေါင်း ၅၄ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြရပြီး တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား တောထဲ လေးမျက်နှာဘုရား အာရုံခံတွင် ယာယီနေရာချထား၍ စားသောက်ရေးအတွက် ထမင်းထုပ်များ စီစဉ်ပေးထားကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုသတင်းရလျှင်ရချင်း မြို့နယ်မီးသတ်တပ်ဖွဲ့မှ ဦးစီးမှူးဦးညီညီအောင်နှင့် သန္ဓေတပ်ဖွဲ့ဝင် ၁၂ ဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၃၅ ဦးတို့သည် မီးသတ်ယာဉ် နှစ်စီး၊ ဈေးမီးသတ်ယာဉ် တစ်စီးတို့ဖြင့် ပြည်သူအင်အား ၁၀၀ခန့်က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ၄ နာရီ ၄၅ မိနစ်ခန့်တွင် ငြိမ်းသတ်နိုင်ခဲ့ကြောင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခိုင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်ဆွေနှင့် ရဲတပ်ဖွဲ့ဝင်များက လိုအပ်သည်များ စီမံဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ဖေထွဏ်းဇော်(ရေစကြို)**

တန်ဖိုးနည်း အန်းဒရိုက်ဖုန်းနိုကီယာ ပထမဆုံးထုတ်လုပ်

မောင်နွေသစ်
ဘာသာပြန်သည်

ဘာစီလိုနာ ဖေဖော်ဝါရီ ၂၅

ကမ္ဘာကျော်မိုဘိုင်းဖုန်းကုမ္ပဏီနိုကီယာက စပိန်နိုင်ငံ ဘာစီလိုနာ၌ကျင်းပသော ကမ္ဘာ့မိုဘိုင်းကွန်ဖရင့်၌ ၎င်း၏ပထမဆုံးသော တန်ဖိုးနည်းအန်းဒရိုက် (Android) ဖုန်းကို ထုတ်ဖော်ပြသခဲ့သည်။

X, X+ နှင့် XL အမည်ရှိ အဆိုပါအန်းဒရိုက်မိုဘိုင်း ဖုန်းများကို ဈေးနှုန်း ၈၉ ယူရိုမှ ၁၀၉ ယူရိုဖြင့်ရောင်းချသွားမည်ဟုဆိုသည်။ X မော်ဒယ်အမျိုးအစားမှာ စက္ကရင်အကျယ် လေးလက်မရှိပြီး မီမိုရီ 512 MB RAm ပါရှိ သည်။ ၎င်းဖုန်းတွင် Three Megapixel ကင်မရာပါရှိ သည်။ X+ မော်ဒယ်အမျိုးအစားမှာ 768 MB Ram နှင့် 4GB Micro SD Card ပါရှိသည်။ အမြင့်ဆုံးမော်ဒယ် ဖြစ်သည့် XL မှာ စက္ကရင်အကျယ် ငါးလက်မရှိသည်။ ၎င်းဖုန်းမှာ ရှေ့ကင်မရာနှင့် နောက်ကင်မရာနှစ်မျိုးပါရှိသည်။ ရှေ့ကင်မရာမှာ Two Megapixel ဖြစ်ပြီး နောက်ကင်မရာတွင် Megapixel Five ရှိသည်။ X အမျိုးအစားဖုန်းကို ဥရောပနှင့် အာရှပစိဖိတ်ဒေသအချို့တွင် ယခုမှစပြီး ရောင်းချသွားမည်ဟု ဆိုသည်။ X + နှင့် XL အမျိုးအစားများကိုမူ လာမည့်ဧပြီလတွင် ဈေးကွက်များတွင် ရောင်းချသွားမည်ဖြစ်ကြောင်း သိရသည်။



X မော်ဒယ်အမျိုးအစားသုံးစွဲသူများသည် မိုက်ခရိုဆော့ဖ်မှ Cloud-storage system နှင့် One Drive တို့ကို အခမဲ့သုံးနိုင်မည်ဖြစ်သည်။ ယင်းဖုန်းများတွင် တွစ်တာကဲ့သို့ လူမှုရေး ဝက်ဘ်ဆိုက်များ၊ ဗီဒီယို app များနှင့် ဂိမ်းအများဆုံးအသုံးပြုနိုင်မည်ဟုဆိုသည်။ အဆိုပါ ဖုန်းအမျိုးအစားများကို ယခုနှစ်အတွင်း အလုံးရေ ၁ ဒသမ ၁ ဘီလီယံကျော် ထုတ်လုပ်ရောင်းချသွားမည်ဖြစ်ကြောင်း ၎င်းကုမ္ပဏီက ပြောသည်။ **(ဘီဘီစီ)**

ပုဂ္ဂလိကသတင်းစာတစ်ခေတ် ရောက်ရမည်မှာ မလွဲပါ
ပြည်သူတို့၏ သတင်းသိခွင့်ကို အမှုတော်ထမ်းမည့်
SERVING THE PEOPLE'S RIGHT TO KNOW
DEMOCRACY today
ရောင်းဈေး ၁၀၀ ကျပ်
မတ် ၁ရက် ထွက်ရှိပါမည် စီတ်ဝင်စားဖွယ်ကိုယ်စားလှယ်ဈေးနှုန်း???
စာမျက်နှာ (၃၂)မျက်နှာ
ဝေဝေဆာဆာ၊ ထူထူထဲထဲ
မြို့နယ်အလိုက် သတင်းစာနှင့် ကြော်ငြာကိုယ်စားလှယ် လုပ်လိုသူများ အမြန်ဆက်သွယ်ပါ။
ဆက်သွယ်ရန် - အမှတ် ၃၅(ဘီ)/၁၅ ဒုတိယထပ်၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
Hot Line - 09 730 80 826
mnn က စီစဉ်ထုတ်ဝေသည်။

ဘင်းမ်စတက်စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု

စွမ်းဦး

(ယမန်နေ့မှအဆက်)

ဆက်လက်၍ စီမံကိန်းအဆင့်(၂)ကို စီမံကိန်းအဆင့်(၁) တည်ဆောက်ခဲ့သည့် မြင်းခြံမြို့နယ် ကုက္ကဲကျေးရွာ၌ပင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ဇီဝဒြပ်ထုသုံး ဓာတ်ငွေ့လောင်စာအသုံးပြု၍ Bio- gasifier ဖြင့် ကျေးရွာမီးလင်းရေး စီမံကိန်းအဆင့်(၂)ကို စွမ်းအင်ဝန်ကြီးဌာနမှ ညှိနှိုင်း ပူးပေါင်းဆောင်ရွက်သူအဖြစ်လည်းကောင်း၊ လျှပ်စစ်ဓာတ်အားလိုင်းဆိုင်ရာကိစ္စများကို လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှလည်းကောင်း၊ လုပ်ငန်းအကောင်အထည်ဖော်ခြင်းကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနကလည်းကောင်း ၂၀၀၈ ခုနှစ်တွင် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထို့အပြင် ဘင်းမ်စတက်စွမ်းအင်ကဏ္ဍအောက်၌ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်အသုံးပြု၍ ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ တောင့်တင်းခိုင်မာရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံ New Energy and Industrial Technology Development Organization (NEDO) ၏ငွေကြေးအထောက်အပံ့ရယူ၍ အိန္ဒိယနိုင်ငံ The Energy Resource and Institute(TERI) မှ ကျွမ်းကျင်သူများသည် အိန္ဒိယ၊ ထိုင်း၊ ဘူတန်၊ နီပေါနှင့် မြန်မာနိုင်ငံတို့ ပါဝင်သည့် အစည်းအဝေးတစ်ရပ်ကို ၂၀၀၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ပါသည်။

အိန္ဒိယနိုင်ငံ ဘန်ဂလိုးမြို့နှင့် နယူးဒေလီမြို့တို့၌ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာအထူးအဖွဲ့ အစည်းအဝေးနှင့် တတိယအကြိမ်မြောက် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတို့မှ အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်-

(က) ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ဆောက်ရန် လျာထားသည့် မြေနေရာအပေါ် အဖွဲ့ဝင်နိုင်ငံများမှ တညီတညွတ်တည်း သဘောတူညီခြင်း၊

(ခ) ဘင်းမ်စတက်စွမ်းအင် ဗဟိုဌာနလည်ပတ်ရေးအတွက် အဆင့်အလိုက် (Phase by Phase) ဖြင့် ဆောင်ရွက်သွားရန်၊ ရှေးဦးစွာ အုပ်ချုပ်ရေးဆိုင်ရာ အဆောက်အအုံကို တည်ဆောက်သွားရန်နှင့် ကြားကာလတွင် လျှပ်စစ်စွမ်းအင်သိပ္ပံ Central Power Research Institute(CPRI) ၏ရှိပြီးသား အဆောက်အအုံ (Existing Facility)ကို အသုံးပြုသွားရန်၊

(ဂ) ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာနတည်ဆောက်ရေးနှင့် စပ်လျဉ်း၍ Master Plan ရေးဆွဲရာတွင် အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် အဆောက်အအုံအား စွမ်းအင်အကျိုးရှိထိရောက်စွာသုံးစွဲရေး၊ ပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်ရေး၊ နေစွမ်းအင်ကိုအကျိုးရှိစွာ အသုံးပြုရေးနှင့် ရေဆိုးများအား ပြန်လည်အသုံးပြုနိုင်မည့်စနစ်များ ပါဝင်သည့် ဒီဇိုင်းရေးဆွဲရန်၊

(ဃ) ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာနတည်ထောင်ရေး Concept Paper နှင့် ပတ်သက်၍ အဆင့်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ဆောလျင်စွာဆောင်ရွက်ရမည့် လုပ်ငန်းများကို ဝန်ထမ်းအနည်းငယ်ဖြင့် စတင်ဆောင်ရွက်ရန် ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန၏ Governing Board အဖွဲ့ဝင်များအဖြစ် လတ်တလောတွင် အဆင့်မြင့်အရာရှိများကို အဖွဲ့ဝင်အဖြစ် ကနဦးထားရှိပြီး လုပ်ငန်းဆောလျင်စွာ ဆောင်ရွက်ရန်၊ ဝန်ထမ်းရွေးချယ်ရေးနှင့်ပတ်သက်၍ Search Committee ဖွဲ့စည်းမှုအတွက် လမ်းညွှန်သည့် Concept Note ကို ဘင်္ဂလားဒေ့ရှ်နိုင်ငံမှပြုစု၍ အခြားအဖွဲ့ဝင်နိုင်ငံများသို့ ပေးပို့သဘောထားရယူရန်၊

(င) ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးဆိုင်ရာလုပ်ငန်းဆောင်ရွက်ရေးနှင့် ပတ်သက်သည့်ကိစ္စရပ်များကို နောက်တစ်ကြိမ်ကျင်းပမည့် အထူးအဖွဲ့အစည်းအဝေး အစီရင်ခံစာအပေါ် အခြေခံကာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးတွင် ဆွေးနွေးသွားရန်နှင့် နောက်တစ်ကြိမ် ဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများအစည်းအဝေးကို ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးဆိုင်ရာ အထူးအဖွဲ့အစည်းအဝေး အစီရင်ခံစာရရှိပြီးနောက် နေ့ရက်သတ်မှတ်ကာ အိန္ဒိယနိုင်ငံမှ လက်ခံကျင်းပပေးရန်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့၌ ၂၀၁၁ ခုနှစ် ဩဂုတ် ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ကျင်းပပြုလုပ်ခဲ့သည့် တတိယအကြိမ်မြောက် နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားဖလှယ်ရေး အထူးလုပ်ငန်းအစည်းအဝေးတွင် အောက်ပါအချက်များကို သဘောတူညီခဲ့ကြပါသည်-

(က) ဘင်းမ်စတက်ဒေသတွင်း လျှပ်စစ်ဓာတ်အားကွန်ရက်ဆက်သွယ်ခြင်း (BIMSTEC Grid Interconnection) ၏ နားလည်မှုစာချွန်လွှာ(မူကြမ်း)ကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပမည့် စတုတ္ထအကြိမ်မြောက် နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားဖလှယ်ရေး အထူးလုပ်ငန်းအစည်းအဝေး၌ အပြီးသတ်ဆွေးနွေးရန်နှင့် ၂၀၁၂ ခုနှစ် မေလတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးမှ အပြီးသတ်အတည်ပြုနိုင်ရေးဆောင်ရွက်ရန်၊

(ခ) ၂၀၁၂ ခုနှစ် ဇွန်/ဇူလိုင်လတွင် နားလည်မှုစာချွန်လွှာကို အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရန်နှင့် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးတွင် အတည်ပြုဆုံးဖြတ်ချက်ရယူရန်၊

(ဂ) စတုတ္ထအကြိမ်မြောက် နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားဖလှယ်ရေးအထူးလုပ်ငန်းအစည်းအဝေးကို ၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကျင်းပရန်နှင့် အတည်ပြုသတ်မှတ်သည့်နေ့ရက်တွင် အိန္ဒိယနိုင်ငံမှ အိမ်ရှင်အဖြစ် လက်ခံကျင်းပရန်။

စတုတ္ထအကြိမ်မြောက် နိုင်ငံဖြတ်ကျော်လျှပ်စစ်ဓာတ်အားဖလှယ်ရေး အထူးလုပ်ငန်းအစည်းအဝေးကို ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၁၁ ရက်တွင်မှသာ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့၌ လက်ခံကျင်းပခဲ့ပါသည်။

ဒုတိယအကြိမ် ဘင်းမ်စတက်ထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တွင် ၂၀၀၈ ခုနှစ် နိုဝင်ဘာ ၁၃ ရက်က ကျင်းပခဲ့ရာ အဆိုပါထိပ်သီးအစည်းအဝေး၏ ကြေညာစာတမ်းတွင် စွမ်းအင်ကဏ္ဍနှင့်ပတ်သက်၍ ဒုတိယအကြိမ် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးကို ၂၀၀၉ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ကျင်းပပြုလုပ်ရန် သဘောတူခဲ့ပါသည်။

သို့ရာတွင် အဆိုပါအစည်းအဝေးကို ၂၀၁၀ ပြည့်နှစ် မတ် ၄၊ ၅ ရက်တွင်မှသာ ထိုင်းနိုင်ငံ၌ ကျင်းပနိုင်ခဲ့ပြီး အောက်ပါအချက်အလက်များကို ဆုံးဖြတ်ခဲ့ပါသည်-

(က) ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများအစည်းအဝေးကို နှစ်နှစ်လျှင် တစ်ကြိမ်နှင့် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို တစ်နှစ်လျှင်တစ်ကြိမ် ကျင်းပရန်၊

(ခ) ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန တည်ထောင်ရေးနှင့် စပ်လျဉ်း၍ အဖွဲ့ဝင်နိုင်ငံများအကြား နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးရန်၊ (ယခုအချိန်အထိ ဆောင်ရွက်ဆဲ)

(ဂ) တတိယအကြိမ် ဘင်းမ်စတက်စွမ်းအင်ဝန်ကြီးများ အစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် နီပေါနိုင်ငံမှ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားရန် (၂၀၁၂ ခုနှစ်တွင် ကျင်းပနိုင်ခြင်း မရှိသော်လည်း ၂၀၁၄ ခုနှစ်တွင် လက်ခံကျင်းပသွားရန် ဖြစ်ပါသည်။)

လူနေမှုဘဝ၊ ဘာသာ၊ ယဉ်ကျေးမှုမတူသော အာဆီယံနှင့် တောင်အာရှ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (ဆာ့အတ်)အဖွဲ့ နှစ်ဖွဲ့တို့၏ အလယ်ဗဟိုတွင် တည်ရှိသည့် ဘင်းမ်စတက်အဖွဲ့ဝင် မြန်မာနိုင်ငံသည် အရှေ့ဘက်ရှိ အာဆီယံနှင့် အနောက်ဘက်ရှိ တောင်အာရှ ပူးပေါင်းဆောင်ရွက် ရေးအဖွဲ့တို့အကြား ဆက်သွယ်ပေါင်းစည်းထားသကဲ့သို့ဖြစ်

လူနေမှုဘဝ၊ ဘာသာ၊ ယဉ်ကျေးမှုမတူသော အာဆီယံနှင့် တောင်အာရှပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(ဆာ့အတ်)အဖွဲ့နှစ်ဖွဲ့တို့၏ အလယ်ဗဟိုတွင် တည်ရှိသည့် ဘင်းမ်စတက်အဖွဲ့ဝင် မြန်မာနိုင်ငံသည် အရှေ့ဘက်ရှိ အာဆီယံနှင့် အနောက်ဘက်ရှိ တောင်အာရှပူးပေါင်းဆောင်ရွက်ရေးအဖွဲ့တို့အကြား ဆက်သွယ်ပေါင်းစည်းထားသကဲ့သို့ဖြစ်ရာ စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်လာနိုင်သည့် အခွင့်အလမ်းများရှိနေပါသည်။ မြန်မာနိုင်ငံစွမ်းအင်ဝန်ကြီးဌာနသည် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးခါစနှစ်များမှာပင် စွမ်းအင်ကဏ္ဍ၏ ဦးဆောင်နိုင်ငံဖြစ်သည်နှင့်အညီ တက်ကြွစွာ ဆောင်ရွက်ခဲ့သဖြင့် အဆင့်မြင့်အရာရှိများ ကျွမ်းကျင်သူများ အစည်းအဝေးများကျင်းပခြင်း၊ အဖွဲ့၏ သရုပ်ပြစီမံကိန်းများ ဆောင်ရွက်ခြင်း၊ ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာန ဖွဲ့စည်းရေးဆိုင်ရာ ဆွေးနွေးခြင်း၊ ဘင်းမ်စတက်ဝက်ဘ်ဆိုက်ထူထောင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။ နိုင်ငံဖြတ်ကျော် လျှပ်စစ်ဓာတ်အားသွယ်တန်းရေးနှင့် အခြားဘင်းမ်စတက်စွမ်းအင်ဆိုင်ရာ အစည်းအဝေးများသို့လည်း စွမ်းအင်ဝန်ကြီးဌာနအပါအဝင် သက်ဆိုင်ရာဝန်ကြီးဌာန၊ စွမ်းအင်ဆိုင်ရာ ပုဂ္ဂလိကအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များကို စဉ်ဆက်မပြတ် စေလွှတ်တက်ရောက်လျက်ရှိသည်။ ဘင်းမ်စတက်စွမ်းအင်ဗဟိုဌာနဖွဲ့စည်းရေးနှင့် ဘင်းမ်စတက်ဝက်ဘ်ဆိုက်ထူထောင်ခြင်းတို့သည် ငွေကြေးကုန်ကျမှုရှိမည့် ကိစ္စရပ်များဖြစ်သဖြင့် အဖွဲ့ဝင်နိုင်ငံများအကြား ထပ်မံညှိနှိုင်းဆွေးနွေးရန် လိုအပ်နေသေးပြီး BIMSTEC Trans Power Exchange and Development Project အတွက် MoU ကို လက်မှတ်ရေးထိုးသွားရန်ရှိပါသည်။

ထို့ပြင် မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့နှင့် ဘင်းမ်စတက်အဖွဲ့ နှစ်ခုစလုံးတို့တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးနောက် စွမ်းအင်ဝန်ကြီးဌာနသည် အခြားအခြားသော စွမ်းအင်ဆိုင်ရာလုပ်ငန်းများကို အခြားအဖွဲ့ဝင်နိုင်ငံများနှင့်အတူ ပူးပေါင်းဆောင်ရွက်မှုများရှိသကဲ့သို့ အာဆီယံသဘာဝဓာတ်ငွေ့ပိုက်လိုင်းဆက်သွယ်ရေးစီမံကိန်း၏ အစိတ်အပိုင်းအဖြစ် ပါဝင်သည့် ထိုင်းနိုင်ငံနှင့် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုများဖြစ်သော သဘာဝဓာတ်ငွေ့ပို့လွှတ်ရောင်းချခြင်းအပြင် အိန္ဒိယနိုင်ငံနှင့်လည်း ရေနံနှင့်သဘာဝဓာတ်ငွေ့ ရှာဖွေတူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်လျက်ရှိပါသဖြင့် ဘင်းမ်စတက် စွမ်းအင်ကဏ္ဍတွင် အဖွဲ့ဝင်နိုင်ငံများနှင့်အတူ တက်ကြွစွာ ပါဝင်ဆောင်ရွက်လျက်ရှိပြီး အနာဂတ်ကာလတွင် ဘင်းမ်စတက်အဖွဲ့၏ သဘာဝဓာတ်ငွေ့ပိုက်လိုင်း ဆက်သွယ်ရေးစီမံကိန်းသည်လည်း ဖြစ်လာနိုင်ဖွယ်ရှိပါကြောင်းနှင့် ကမ္ဘာ့လူဦးရေ၏ သုံးပုံတစ်ပုံတို့ မှီတင်းနေထိုင်သည့် အာဆီယံအဖွဲ့နှင့် ဘင်းမ်စတက်အဖွဲ့ နှစ်ခုစလုံးတို့၏ အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် တစ်ဖက်တစ်လမ်းမှ ထောက်ကူပံ့ပိုးဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြရင်းဖြင့် ၂၀၁၄ ခုနှစ် မတ် ၁ ရက်မှ ၄ ရက်အထိ မြန်မာနိုင်ငံ နေပြည်တော်တွင် အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် တတိယအကြိမ်မြောက် ဘင်းမ်စတက် ထိပ်သီးအစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို ကြိုဆိုအပ်ပါသည်။ ။

တာလေမြို့နယ်၌ တရားမဝင်ရွှေသတ္တုတူးဖော်သူများအား ဖော်ထုတ်ဖမ်းဆီးခဲ့

တာလေ ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာလေမြို့နယ်ခွဲ ပါခါးလုံကျေးရွာအနီး နမ့်လင်းချောင်းအတွင်း တရားမဝင် ရွှေသတ္တုတူးဖော်နေသူများအား ဖမ်းဆီးဖော်ထုတ်အရေးယူခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဖေဖော်ဝါရီ ၂၂ ရက် ညနေ ၄ နာရီ ၁၅ မိနစ်က တာလေနယ်မြေရဲစခန်းမှ စခန်းမှူးရဲအုပ်ထွန်းဦးနှင့်တပ်ဖွဲ့ဝင်များ၊ တာလေမြို့နယ်ခွဲအုပ်ချုပ်ရေးမှူး ဦးအေးမင်းထွန်းဦးစီးအဖွဲ့နှင့် နယ်မြေလုံခြုံရေးတပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ တာလေမြို့နယ်ခွဲ နားယောင်းအုပ်စု ပါခါးလုံရွာအနီး နမ့်လင်းချောင်းအတွင်း တရားမဝင်ရွှေသတ္တုတူးဖော်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ပေါလိုနှင့် အားဒိုယာတို့ နှစ်ဦးကို ရွှေသတ္တုတူးဖော်သည့် တရုတ်နိုင်ငံလုပ် Shang Jiang တံဆိပ်ပါ ၂၂ ကောင်အား အင်ဂျင်တစ်လုံး၊ ခြောက်လက်မရေခရုခေါင်းတစ်လုံး၊ အရှည် ၁၀ ပေ၊ အချင်း ခြောက်လက်မခန့်ရှိ အပြာရောင် ပိုက်မာတစ်လုံး၊ အရှည် ၁၀ ပေ၊ အချင်းခြောက်လက်မခန့်ရှိ အရစ်ပါ အဖြူရောင်ပိုက်တစ်လုံး၊ အရှည် ၁၂ ပေ၊ အချင်းလေးလက်မခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်လုံး၊ အလျားခြောက်ပေ၊ အနံနှစ်ပေခန့်ရှိ ရွှေစစ်မျော့တစ်ခု၊ တစ်ပုံးလျှင် ဒီဇယ်ဆီ လေးဂါလန်စီပါ အပြာရောင် ပလတ်စတစ်ပုံး နှစ်ပုံးတို့နှင့်အတူ ရွှေသတ္တု တူးဖော်နေစဉ်တွေ့ရသဖြင့် အဆိုပါ ပစ္စည်းများကို သက်သေများရှေ့ ရှာဖွေပုံစံဖြင့် သိမ်းဆည်းဖမ်းဆီးခဲ့သည်။

အမှုမှ သက်သေခံပစ္စည်းများနှင့်အတူ ရွှေသတ္တုတူးဖော်နေစဉ် တွေ့ရှိသူ ပေါလို(၂၀ နှစ်) ပါဗီး(၃)ရွာမိုင်းကိုးအုပ်စု တာချီလိတ်မြို့နယ်နေသူနှင့် အားဒိုယာ (၂၀နှစ်) နော်လယ်(၂)ရွာ လယ်မွေအုပ်စု ကျိုင်းတုံမြို့နေသူနှစ်ဦးကို တာလေနယ်မြေရဲစခန်းက သတ္တုတွင်းဥပဒေအရ အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

ဆောင်ရွက်

အလားတူ ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ ၄င်းကျေးရွာ၌ တရားမဝင် ရွှေသတ္တုတူးဖော်နေကြောင်းသတင်းအရ သွားရောက်စစ်ဆေးရာ ကျအောင်းကို ရွှေသတ္တုတူးဖော်သည့် တရုတ်နိုင်ငံလုပ် Shang Jiang တံဆိပ်ပါ ၂၂ ကောင်အား အင်ဂျင်တစ်လုံး၊ ခြောက်လက်မရေခရုခေါင်းတစ်လုံး၊ အရှည် ၁၀ ပေ၊ အချင်း ခြောက်လက်မခန့်ရှိ အပြာရောင်ပိုက်မာတစ်လုံး၊ အရှည် ၁၀ ပေ၊ အချင်းခြောက်လက်မခန့်ရှိ အရစ်ပါ အဖြူရောင်ပိုက်တစ်လုံး၊ အရှည် ၁၂ ပေ၊ အချင်းလေးလက်မခန့်ရှိ အဝါရောင်ပိုက်ပျော့တစ်လုံး၊ အလျား ခြောက်ပေ၊ အနံနှစ်ပေခန့်ရှိ ရွှေစစ်မျော့တစ်ခု၊ တစ်ပုံးလျှင် ဒီဇယ်ဆီ လေးဂါလန်စီပါ အပြာရောင်ပလတ်စတစ်ပုံး နှစ်ပုံးတို့နှင့်အတူ ရွှေသတ္တုတူးဖော်နေစဉ် တွေ့ရှိရသဖြင့် ကျအောင်း (၁၆နှစ်) ဟိုဖိုင်းရွာ ကျောက်မဲမြို့နေသူကို တာလေနယ်မြေရဲစခန်းက သတ္တုတွင်းဥပဒေအရ အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

တရားမဝင်ရွှေတူးဖော်သူများအား သတ္တုတွင်းဥပဒေအရ အရေးယူ

မြင့်မိုရ်(တာချီလိတ်)

လွှတ်တော်ရေးရာကဏ္ဍ

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

၂၀၁၄ ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေကြမ်း လွှတ်တော်သို့တင်သွင်း

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပခဲ့သည်။

အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှပေးပို့လာသော လာဘ်ပေးလာဘ်ယူမှု ပပျောက်ရေးကော်မရှင်ဖွဲ့စည်းရန်နှင့် ယင်းကော်မရှင်တွင် ဦးမြဝင်း(ဥက္ကဋ္ဌ)၊ ဦးတင်ဦး(အတွင်းရေးမှူး)၊ ဦးကျော်ကျော်၊ ဦးစိုးတင့်၊ ဦးသန်းအောင်၊ ဦးမောင်ရှိန်၊ ဒေါက်တာတိုက်စံ၊ ဦးနေဝင်း၊ ဒေါ်မြတ်မြတ်စိုး၊ ဦးသင်းမောင်၊ ဦးဆွန်ဒုတ်ကျင့်၊ ဒေါက်တာညီညီထွန်း၊ ဦးကျော်မြင့်၊ ဒေါ်သန်းသန်းရီနှင့် ဦးအောင်လှိုင်စိုးတို့အား အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးအပ်ရန် လွှတ်တော်၏သဘောတူညီချက် ရယူခဲ့သည်။

အစည်းအဝေးတွင် **၂၀၁၄ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်း**ကို ပြည်ထောင်စုအစိုးရအဖွဲ့ကိုယ်စား ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က လွှတ်တော်သို့ တင်သွင်းခဲ့သည်။

ယင်းဥပဒေကြမ်းကို၂၀၀၈ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၀(ခ) တွင် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံးခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဖော်ပြထားပါကြောင်း၊ သို့ဖြစ်၍ နှစ်စဉ် အခွန်အကောက်ဥပဒေကြမ်းအား ယခုနှစ်မှစတင်၍ ပြဋ္ဌာန်းရခြင်းဖြစ်ကြောင်းနှင့် အခွန်နှုန်းထားများပြင်ဆင်ခြင်း၊ တိုးမြှင့်ခြင်းများကို ပြည်ထောင်စုလွှတ်တော်တွင် လိုအပ်သလို ပြင်ဆင်ပြဋ္ဌာန်းသွားရမည်ဖြစ်ပါကြောင်းဖြင့် ဖော်ပြပါရှိသည့်အတွက် တင်သွင်းရခြင်းဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

အလားတူ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ပေးပို့လာသော ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာလင်းအောင်က ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းအားလုံး၏ ပထမခြောက်လပတ်အတွက် သုံးငွေလျာထားချက်အပေါ် အကောင်အထည်ဖော်နိုင်မှုအခြေအနေကို တင်ပြပါက ပထမခြောက်လပတ် လျာထားချက်ရငွေကျပ် ၅၇၃၁ ဒသမ ၉၇၂ ဘီလီယံဖြစ်ပြီး ပထမခြောက်လပတ်အထိ အကောင်အထည်ဖော်နိုင်မှု ငွေကျပ် ၅၇၉၄ ဒသမ ၄၆၈ ဘီလီယံဖြစ်၍ ရာခိုင်နှုန်းအားဖြင့် ၁၀၁ ဒသမ ၀၉ ရှိသည့်အတွက် လျာထားချက်အားပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ သုံးငွေအနေဖြင့် ငွေကျပ် ၇၄၈၃ ဒသမ ၇၄၈ ဘီလီယံဖြစ်ပြီး အကောင်အထည်ဖော်နိုင်မှုအနေဖြင့် ၅၀၂၂ ဒသမ ၀၀၄ ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆၇ ဒသမ ၁၁ ရာခိုင်နှုန်းရှိပါကြောင်း၊ သို့ဖြစ်၍ သုံးငွေအပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲနိုင်ခဲ့ပါကြောင်း။

လျော့နည်းသုံးစွဲ

ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ပထမခြောက်လပတ် ယာယီရငွေ ငွေကျပ် ၁၅၈၁ ဒသမ ၀၀၉ ဘီလီယံအပေါ် ငွေကျပ် ၁၉၉၅ ဒသမ ၁၁၁ ဘီလီယံ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ပြည်ထောင်စု ရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်ခဲ့သော နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများတွင် ပထမခြောက်လပတ်ယာယီရငွေ ငွေကျပ် ၄၉ ဒသမ ၂၁၆ ဘီလီယံအပေါ် ၅၈ ဒသမ ၀၀၄ ဘီလီယံ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် လျာထားချက်ထက် ပြည့်မီကျော်လွန်ခဲ့ပါကြောင်း၊ ယာယီသုံးငွေအနေဖြင့် ငွေကျပ် ၄၆ ဒသမ ၈၂၀ ဘီလီယံအပေါ် ငွေကျပ် ၃၁ ဒသမ ၂၆၄ ဘီလီယံအကောင်အထည်ဖော် ဆောင်ရွက်ခြင်းအားဖြင့် သုံးငွေအပိုင်းတွင် လျာထားချက်ထက် လျော့နည်းသုံးစွဲခဲ့သည်ကို တွေ့ရှိရပါကြောင်း။

ရှင်းလင်းတင်ပြ

၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ် ပထမခြောက်လပတ် (ဧပြီလမှ စက်တင်ဘာလအထိ) ပြည်ထောင်စုဘဏ္ဍာငွေအရအသုံးဆိုင်ရာ အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့်ပတ်သက်၍ ခြုံငုံသုံးသပ်တင်ပြရပါက ပြည်ထောင်စုအဆင့် ဌာနအဖွဲ့အစည်းများသည် ရငွေများကိုလျာထားချက်ပြည့်မီအောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ အသုံးစရိတ်များ လျာထားသည့်အတိုင်း သုံးစွဲနိုင်ခြင်းမရှိသေးပါကြောင်း၊ ထိုသို့သုံးစွဲနိုင်ခြင်းမရှိရခြင်းမှာ ဘဏ္ဍာရေးနှစ်အစဖြစ်ခြင်း၊ မိုးရာသီကာလဖြစ်၍ ဆောက်လုပ်ရေးလုပ်ငန်းများ ပြီးစီးအောင် ဆောက်လုပ်နိုင်မှု မရှိသေးခြင်း၊ စက်ပစ္စည်းကိရိယာများ၊ ယာဉ်များ၊ ရုံးသုံးပရိဘောဂ အစရှိသည့် ပစ္စည်းများဝယ်ယူရန်အတွက် တင်ဒါများခေါ်ယူဆောင်ရွက်နေဆဲဖြစ်ခြင်း၊ ပြည်ပမှအကူအညီရငွေ၊ ချေးယူရငွေများမရရှိသေးခြင်း၊ ဝန်ထမ်းသစ်များ ခန့်အပ်နိုင်မှု မရှိသေးခြင်းကြောင့်ဟု ရှင်းလင်းတင်ပြခဲ့သည်။

ယင်းအစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီက လေ့လာတွေ့ရှိချက်အစီရင်ခံစာ တင်သွင်းခဲ့ပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့သည်။ **(သတင်းစဉ်)**

တစ်နိုင်ငံလုံးတိုးတက်ကြီးပွားအောင် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင်ဖြင့် ညှိနှိုင်းလက်တွဲဆောင်ရွက်ရမည့်အချိန်ဖြစ်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ပထမအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပခဲ့ပြီး ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို၏ **အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများအား ဂုဏ်ထူးဆောင်ဘွဲ့(သို့) ချီးမြှင့်ခံစားခွင့် စသည့် အသိအမှတ်ပြုဆောင်ရွက်ပေးမှု တစ်ခုခုပြုလုပ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က ဖြေကြားရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာ၌ ပါဝင်ရမည့်အခြေခံမူများနှင့် အသေးစိတ်အခြေခံရမည့်မူများကို အများဆန္ဒနှင့်အညီ ချမှတ်ပေးရန်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က အမျိုးသားညီလာခံကျင်းပရေး ညှိနှိုင်းဆွေးနွေးပွဲ ဦးဆောင်ကော်မတီကို ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယင်းနောက် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ အမျိုးသားညီလာခံကို ၉-၁-၁၉၉၃ ရက်တွင် ကိုယ်စားလှယ်အမျိုးအစား ရှစ်မျိုးခွဲခြားကာ ကိုယ်စားလှယ်ဦးရေ ၇၀၂ ဦးဖြင့် စတင်ကျင်းပခဲ့ပါကြောင်း၊ ထို့နောက် ကိုယ်စားလှယ်အချို့ကို ရုပ်သိမ်းခဲ့ပြီး ၁၉၉၆ ခုတွင် ယာယီဆိုင်းငံ့ထားခဲ့ရာမှ ၁၇-၅-၂၀၀၄ ရက်တွင် ယခင်ကျင်းပစဉ်ကအတိုင်း ကိုယ်စားလှယ်အမျိုးအစား ရှစ်မျိုးပါဝင်သော ကိုယ်စားလှယ် ၁၀၈၈ ဦးနှင့် ဆက်လက်ကျင်းပခဲ့ပါကြောင်း၊ ၅-၁၂-၂၀၀၅ ရက်နေ့ အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပချိန်မှာ တက်ရောက်ခွင့်ရရှိသည့် ကိုယ်စားလှယ်ဦးရေ ၁၀၈၀ ဦးအနက် ကိုယ်စားလှယ် ၁၀၇၄ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ၁၀-၁၀-၂၀၀၆ ရက် အမျိုးသားညီလာခံ အစည်းအဝေးကျင်းပချိန်မှာ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၈၁ ဦးအနက် ကိုယ်စားလှယ် ၁၀၇၅ ဦး တက်ရောက်ခဲ့ပါကြောင်း၊ ၁၈-၇-၂၀၀၇ ရက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပချိန်မှာ တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၇၁ ဦးအနက် ကိုယ်စားလှယ် ၁၀၅၈ ဦး တက်ရောက်ခဲ့ပါကြောင်း၊ အမျိုးသားညီလာခံ အောင်မြင်စွာ ပြီးစီးခဲ့သည့် ၃-၉-၂၀၀၇ ရက် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် တက်ရောက်ခွင့်ရှိသည့် ကိုယ်စားလှယ် ၁၀၇၁ ဦးအနက် ကိုယ်စားလှယ် ၁၀၆၂ ဦး တက်ရောက်ခဲ့ပါကြောင်း။

ယခင်က ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခြင်းနှင့်ပတ်သက်၍ ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်ကောင်စီမှ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ၁၁-၇-၁၉၇၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် ၃၂/ ၇၈ ဖြင့် ထုတ်ပြန်ကြေညာဆောင်ရွက်ခဲ့ပါကြောင်း၊ ၁၇-၁၂-၂၀၀၉ ရက်တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ အမိန့်ကြော်ငြာစာအမှတ် ၄၈/၂၀၀၉ ကို ထုတ်ပြန်၍ ခေတ်စနစ်အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်ရေးအတွက် ယခင်ပြဋ္ဌာန်းထားရှိခဲ့သော ဘွဲ့တံဆိပ်များအနက် အချို့အား ဆက်လက်အသုံးပြုခြင်း၊ အချို့အားပယ်ဖျက်ခြင်း၊ အချို့အား ပြန်လည်ပြဋ္ဌာန်းခြင်းနှင့် ဘွဲ့တံဆိပ်ပုံသဏ္ဌာန်များအား မူလအနှစ်သာရကို အခြေခံ၍ ပိုမိုကောင်းမွန်အောင် ဆောင်ရွက်နိုင်ရန်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်အား ထုတ်ပြန်ကြေညာခဲ့ပါကြောင်း။

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးစိုးမောင်။ (သတင်းစဉ်)

ပြဋ္ဌာန်းချက်တွင် သင်္ဂဟ၊ ဘွဲ့၊ တံဆိပ်ဟူ၍ သုံးမျိုးခွဲခြားချီးမြှင့်ရန် သတ်မှတ်ထားပါကြောင်း၊ သင်္ဂဟတွင် သုဓမ္မသင်္ဂဟဘွဲ့များ (၃)ဆင့်နှင့် ပြည်ထောင်စု စည်သူသင်္ဂဟဘွဲ့များ (၅)ဆင့် သတ်မှတ်ချီးမြှင့်ပါကြောင်း၊ ဘွဲ့တွင် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဘွဲ့များ (၃)ဆင့်နှင့် စွမ်းဆောင်မှုဆိုင်ရာဘွဲ့များ (၅)ဆင့် ခွဲခြားချီးမြှင့်ပါကြောင်း၊ တံဆိပ်တွင် တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှု၊ ပြည်သူ့ဝန်ထမ်းဆိုင်ရာ စွမ်းဆောင်မှုဟူ၍ ခွဲခြားသတ်မှတ် ချီးမြှင့်ပါကြောင်း၊ ဂုဏ်ထူးဆောင်ဘွဲ့နှင့် ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ရာတွင် ပြည့်စုံရမည့် အရည်အချင်းများကို စွမ်းဆောင်မှုအတိုင်းအတာအရ စနစ်တကျ တစ်ပါတည်း သတ်မှတ်ပြဋ္ဌာန်းပြီး ပြဋ္ဌာန်းထားသည့်အတိုင်းသာ ယနေ့ထိ ချီးမြှင့်နေခြင်း ဖြစ်ပါကြောင်း။

အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများအား အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက်လုံးတွင် နိုင်ငံတော်မှ စားသောက်နေထိုင်စရိတ်များ၊ ခရီးစရိတ်၊ နေ့တွက်စရိတ်နှင့် ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများကို အပြည့်အဝဆောင်ရွက်ပေးသည့်အပြင် အချို့သော ဆေးနှင့်ပစ္စည်းများကို သက်သာသော ဈေးနှုန်းများဖြင့် လိုသလောက် ရောင်းချပေးခဲ့ပါကြောင်း၊ အမျိုးသားညီလာခံတွင် တစ်စိတ်တစ်ပိုင်းတက်ရောက်ပြီး ထွက်ခွာသွားသူများ၊ ကွယ်လွန်သွားသူများ၊ တက်ရောက် လေ့လာသူများဟူ၍ ရှိရာ အမျိုးသားညီလာခံကိုယ်စားလှယ်များသည် နိုင်ငံတော်နှင့် နိုင်ငံသားများ၊ သားစဉ်မြေးဆက် အပါအဝင် မိမိတို့၏ လူမှုဘဝလုံခြုံရေးအတွက် တစ်မျိုးသားလုံးရဲ့ တာဝန်တစ်ရပ်ကို ကိုယ်တိုင်ကိုယ်ကျပါဝင်ဆွေးနွေးအကြံပြု ဆောင်ရွက်ပေးခွင့် ရရှိခဲ့ကြသူများဖြစ်ပါကြောင်း၊ မိမိတို့ကဲ့သို့ အရည်အချင်းရှိကြသော်လည်း အမျိုးသားညီလာခံတွင် ပါဝင်တက်ရောက်လိုသော ဆန္ဒရှိပါလျက် ပါဝင်တက်ရောက်ခွင့် မရရှိခဲ့ကြသူများဘက်မှ ပြန်ကြည့်ပါက အမျိုးသားညီလာခံကိုယ်စားလှယ်အဖြစ် နိုင်ငံတော်မှ ရွေးချယ်တာဝန်ပေးအပ်ခံရခြင်းသည် အလိုအလျောက်ထိုက်ထန်သော အခွင့်အရေးဆုလာဘ်အဖြစ် ရရှိခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားညီလာခံကျင်းပဆောင်ရွက်ခဲ့ခြင်းနှင့် ပါဝင်ဆောင်ရွက်တက်ရောက်ခဲ့ကြသူ ကိုယ်စားလှယ်ကြီးများကိုလည်း နိုင်ငံတော်မှ အသိအမှတ်ပြုမှတ်တမ်းတင်ထားရှိပြီး ဖြစ်ပါကြောင်း၊ ၁၇-၁၂-၂၀၀၉ ရက်နေ့တွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ထုတ်ပြန်ခဲ့သော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်သည် အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးသည့်နောက်ပိုင်းမှသာ အတည်ပြုပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြားသောချီးမြှင့်မှုများကိုလည်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှသာ စဉ်းစားဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါ၍ လောလောဆယ် အစီအစဉ်မရှိသေးပါကြောင်းဖြင့် ပြောကြားခဲ့သည်။

အလားတူ သယ်န်းကျွန်းမြို့နယ်ဆန္ဒနယ်မှ ဦးသိန်းညွန့်၏ **သယ်န်းကျွန်းမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းခြင်းနှင့် အဆိုပါကော်မတီ၏ ဆောင်ရွက်ချက်များ** မေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်က သယ်န်းကျွန်းမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ ဖွဲ့စည်းရာတွင် လွှတ်တော်ကိုယ်စားလှယ်များအား အသိပေးညှိနှိုင်းမှုမရှိဘဲ ပြုလုပ်သွားခဲ့သည်ကို ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့် လုံးဝသိရှိခြင်း မရှိပါကြောင်း၊ ထို့ပြင် ပြုလုပ်နေသည့် အဆိုပါကော်မတီ အစည်းအဝေးများသို့လည်း အထက်ညွှန်ကြားချက်နှင့်အညီ လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားခြင်း မရှိသည်ကိုရော ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် လုံးဝမသိရှိပါကြောင်း။

ဖော်ပြပါ မေးခွန်း(၂)ရပ်နှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့သည် သယ်န်းကျွန်းမြို့နယ် တစ်မြို့နယ်တည်း၏ ကိစ္စရပ်များကိုသာ အဓိကထား ကြည့်ရှုဆောင်ရွက်နေသည့် အဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတကာနှင့် မြန်မာနိုင်ငံတစ်ဝန်းလုံး၏ ကိစ္စရပ်အသီးသီးကို နိစ္စဓူဝဆောင်ရွက်နေရသည့် အဖွဲ့အစည်းဖြစ်၍ သယ်န်းကျွန်းမြို့နယ်တွင် ကော်မတီဖွဲ့စည်းခြင်းနှင့် အဆိုပါကော်မတီ၏ လုပ်ဆောင်ချက်များကို မည်သူတစ်ဦးတစ်ယောက်မျှ သီးခြားတင်ပြလာခြင်း မရှိ၍ သယ်န်းကျွန်းမြို့နယ်တစ်ခုတည်း၏ ကိစ္စရပ်များကိုပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် သိရှိရန်လည်း အထူးမလိုအပ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့မှ ဖော်ပြပါကိစ္စရပ်များ တင်ပြသူမရှိ၍ မသိရှိပါသဖြင့် နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ကို ဆန့်ကျင်ဆောင်ရွက်နေမှုအား ပြည်ထောင်စုအစိုးရအဖွဲ့မှ လျစ်လျူရှုမှုပြုသည်ဟု လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေဖြင့် လေ့လာမှုမပြုဘဲ စွပ်စွဲမေးမြန်းရန် မသင့်ပါကြောင်းကို သတိပြုစေလိုပါကြောင်း။

စာမျက်နှာ ၈ ကော်လံ ၁ သို့

ပြည်တွင်းသတင်း

ဒေသဖွံ့ဖြိုးတိုးတက်ရန် ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းနှင့်အညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ကျောက်ပန်းတောင်း မြို့နယ်သည် ယခင်က မြင်းခြံခရိုင်အုပ်ချုပ်မှုအောက်တွင် ရှိခဲ့သော်လည်း ယခုညောင်ဦးခရိုင် အုပ်ချုပ်မှုအတွင်း ထည့်သွင်းဖွဲ့စည်းခြင်းဖြင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား ပိုမိုထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်တော့မည်ဖြစ်ပါကြောင်း၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများသည် အမည်ခံ မည်ကာမတ္တ မဟုတ်ဘဲ မိမိတို့မြို့နယ်၊ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရန် ဥပဒေ၊စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ လက်တွေ့ကျကျဟန်ချက်ညီညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ဖေဖော်ဝါရီ ၂၄ ရက်နံနက် ၁၁ နာရီခွဲတွင် ကျောက်ပန်းတောင်းမြို့ အစည်းအဝေးခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲအခမ်းအနားတွင် သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ပြောကြားသည်။ **(အပေါ်ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲမှု ကော်မတီဝင်များ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုအဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေး ကော်မတီဝင်များနှင့် ဒေသခံရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့သည် ပြည်သူအတွင်းမှ ပေါက်ဖွားလာသည့် ပြည်သူများဖြစ်သည်နှင့်အညီ ဒေသခံတို့၏ အခြေခံအခက်အခဲများကို ကိုယ်ချင်းစာစိတ်ဖြင့် ကျေးရွာများအထိ သွားရောက်ပြီး ပြည်သူ့ဗဟိုပြုဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ မြို့ပြနှင့် ကျေးလက်ကွာဟမှု လျော့နည်းအောင် ဆောင်ရွက်ခြင်းဖြင့် ပြည်သူတို့ လူမှုဘဝအဆင့်အတန်းများ တိုးတက်မြင့်မားလာပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း ပြည်သူတို့နှင့် နီးကပ်စွာဆက်ဆံပြီး ပြည်သူ့အားဖြင့် မိမိတို့မြို့နယ်၊ မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ပြည်သူတို့က အပ်နှင်းထားသည့် အခွင့်အာဏာများကို နိုင်ငံတော်၏ မူဝါဒများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြည်သူတို့နှင့်ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရနှင့် ဒေသခံပြည်သူတို့ လက်တွဲပူးပေါင်းဆောင်ရွက်မှသာ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအားအရှိန်အဟုန်ဖြင့် ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ပန်းတောင်း မြို့နယ်အုပ်ချုပ်ရေးမှူးက ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကိုလည်းကောင်း၊ တက်ရောက်လာကြသည့် မြို့နယ်အထောက်အကူပြုကော်မတီဝင်များက လိုအပ်ချက်များကိုလည်းကောင်း ဆွေးနွေးတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အခြေခံလိုအပ်ချက်များဖြစ်သည့် သန့်ရှင်းသော သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးရာတွင် မြို့နယ်အထောက်အကူပြုကော်မတီများက ပြည်ထောင်စုဝန်ကြီးဌာနအဖွဲ့များဖြင့် ပေါင်းစပ်ကာ ရေတိုရေရှည် စီမံချက်များချမှတ်၍ ဒေသခံပြည်သူများက တက်ညီလက်ညီပူးပေါင်းပါဝင် လက်တွေ့ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုရရှိပြီး ဒေသတွင်းလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်မှုများရှိမှသာ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး အကျိုးစီးပွားပိုမို ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ နောင်တွင် တိုင်းပြည်၏ ကြီးမားသည့်တာဝန်များကို ပခုံးပြောင်းရယူကြမည့် မျိုးဆက်သစ်လူငယ်များအား နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်စေရန် မြေတောင်မြှောက်မြှင့်တင်ပေးကြရမည်ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရန် မြို့နယ်/ ရပ်ကွက်/ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများအနေဖြင့် ယခုထက် ပိုမိုပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားခဲ့သည်။ **(သတင်းစဉ်)**

စာမျက်နှာ ၇ မှ

ယခုမေးခွန်းကို မေးမြန်းသည့်အတိုင်းဖြေကြားရလျှင် မသိပါကြောင်း ဖြေဆိုလျှင် ပြီးသွားမည်ဖြစ်ပါကြောင်း၊ ယခုမေးခွန်းသည် မြို့နယ်တွင်ဖြစ်ပျက်သည့်ကိစ္စဖြစ်၍ သက်ဆိုင်ရာတိုင်းဒေသကြီးလွှတ်တော်တွင်သာ မေးမြန်းသင့်ပါကြောင်း၊ ပြည်သူ့လွှတ်တော်တွင် မေးမြန်းခြင်းဖြင့် ဖြေရသူရောနားထောင်သူများပါ လွှတ်တော်၏ အဓိကလုပ်ငန်းဖြစ်သည့် ဥပဒေပြုရေးလုပ်ငန်းများအတွက် အချိန်လျော့နည်းသွားမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ centralization ဖြစ်သည့် Top Down စနစ်ကို လျှော့ချပြီး Botton up စနစ်ကိုဖော်ဆောင်နေပါကြောင်း၊ မိမိတို့ကိုယ်တိုင်လည်း ရွေးချယ်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်ပါကြောင်း၊ မြို့နယ်တစ်ခုအတွင်းဖြစ်ပျက်ခဲ့သည့်ကိစ္စတစ်ခုကို ပြည်သူ့လွှတ်တော်၌ လာပြီး ပြည်ထောင်စုအစိုးရအဖွဲ့ကို မေးခွန်းထုတ်သင့်/မထုတ်သင့်ကိုလည်း စဉ်းစားပေးစေလိုပါကြောင်း၊ မြို့နယ်အတွင်း ပါတီမည်သို့ပင်များစေ မိမိတို့မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိပါမှ၊ မိမိပါတီပါမှ၊ မိမိဦးဆောင်ရမှ မဟုတ်ပါကြောင်း၊ မည်သူဆောင်ရွက်ဆောင်ရွက်၊ မည်သူဦးဆောင်ဦးဆောင် မြို့နယ်ဖွံ့ဖြိုးတိုးတက်လျှင် ပီတိဖြစ်သင့်ပါကြောင်း၊ မိမိတို့က တစ်စိတ်တစ်ဝမ်းတည်းလက်တွဲပြီး တစ်မြို့နယ်လုံး၊ တစ်ခရိုင်လုံး၊ တစ်တိုင်းလုံး၊ တစ်ပြည်နယ်လုံး၊ တစ်နိုင်ငံလုံးတိုးတက်ကြီးပွားအောင် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးသားရေးအမြင်ဖြင့် သဘောထားကြီးကြီးထားပြီး ညှိနှိုင်းလက်တွဲဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ လွှတ်တော်ဥက္ကဋ္ဌကြီးပြောကြားသလို ပုဂ္ဂိုလ်စွဲ၊ ပါတီစွဲကင်းကင်းဖြင့် အမျိုးသားရေးအမြင်ဖြင့် ပူးပေါင်းဆောင်ရွက်ရမည့်အချိန်ဖြစ်ပါကြောင်း၊ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့၊ တစ်ပါတီဖြင့် နေရာယူချင်စိတ်တစ်ခုတည်းကြောင့် ဝေဖန်ပြစ်တင်နေမည့်အစား ပါဝင်ခွင့်ရနိုင်သည့်နေရာမှ ပါဝင်ဆောင်ရွက်ခြင်းသည် မင်္ဂလာတစ်ပါးဖြစ်သည်ဟု ခံယူသင့်ပါကြောင်း။

နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက်ကို ဆန့်ကျင်ဆောင်ရွက်မှုမရှိဘဲ ညွှန်ကြားချက်နှင့်အညီ လိုက်နာဆောင်ရွက် အကောင်အထည်ဖော်မှုနှင့် ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဖြေကြားချက်များကို ဆက်လက်တင်ပြသွားမည်ဖြစ်ပါကြောင်း။

မြို့နယ်နှင့်ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရန်အလို့ငှာ သင်္ဃန်းကျွန်းမြို့နယ် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဌာနဆိုင်ရာနှစ်ဦး အပါအဝင် မြို့မိမြို့ဖနှင့် ရပ်ကွက်ကိုယ်စားလှယ်များမှ အများဆန္ဒဖြင့် ရွေးချယ်တာဝန်ပေးအပ်သူခုနစ်ဦး ပေါင်းကိုးဦးနှင့် ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ အဖွဲ့ဝင်ငါးဦးမှ ခုနစ်ဦးအထိ ဖွဲ့စည်းတာဝန်ပေးအပ်နိုင်ရေးအတွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအား အစည်းအဝေးခေါ်ယူပြီး အမည်စာရင်းတင်ပြနိုင်ရန် အသိပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများမှ ရပ်ကွက်အတွင်း အစည်းအဝေးခေါ်ယူပြီး ကော်မတီအတွက် အဖွဲ့ဝင် ငါးဦးတို့ကို အများဆန္ဒအရ ရွေးချယ်ပြီး ပြန်လည်တင်ပြခဲ့ပါကြောင်း၊ ရပ်ကွက်(၃၈)ရပ်ကွက်မှ အများဆန္ဒဖြင့် ရွေးချယ်တင်ပြလာသော မြို့မိမြို့ဖ ၃၈ ဦးမှ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီအဖွဲ့ဝင် ခုနစ်ဦးကို အများဆန္ဒဖြင့် ပြန်လည်ရွေးချယ်ခဲ့ပါကြောင်း၊ ယင်းခုနစ်ဦးနှင့် ဌာနဆိုင်ရာနှစ်ဦး ပေါင်းကိုးဦးဖြင့် ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတာဝန်များကို လျှို့ဝှက်ဆန္ဒမဲပေးစနစ်ဖြင့် ရွေးချယ်ဖွဲ့စည်းခဲ့ပြီး မြို့နယ်/ရပ်ကွက် ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီလျာထားမှု အမည်စာရင်းကို ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ တင်ပြခဲ့ပါကြောင်း။

ဖွဲ့စည်းထားပြီးဖြစ်သည့် ကော်မတီများအနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် တစ်လတစ်ကြိမ် ဆွေးနွေးဆောင်ရွက်သွားရန်လည်း ညွှန်ကြားခဲ့ကြောင်း သိရှိရပါကြောင်း၊ ညွှန်ကြားချက်အရ သင်္ဃန်းကျွန်းမြို့နယ်/ရပ်ကွက်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြု ကော်မတီများသိရှိ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများဆောင်ရွက်နိုင်ရန် ရပ်ကွက်များသို့ ထပ်မံအသိပေးအကြောင်းကြားခဲ့ခြင်းဖြစ်သောကြောင့် ဒီမိုကရေစီနည်းလမ်းအရ အများပြည်သူလူထု၏ ဆန္ဒဖြင့် ရွေးချယ်ခဲ့ခြင်းဖြစ်သည်ကို တွေ့ရှိရပါကြောင်း။

လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် အလုပ်ရုံဆွေးနွေးပွဲတစ်ကြိမ်၊ အစည်းအဝေးတစ်ကြိမ် ဆောင်ရွက်ခဲ့ပြီး ရပ်ကွက်အတွင်းသို့ ကွင်းဆင်း၍ ပြည်သူလူထု၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခြင်း၊ စီမံခန့်ခွဲရေးကော်မတီသို့တင်ပြ၍ သက်ဆိုင်ရာဌာနများဖြင့် ပေါင်းစပ်ညှိနှိုင်းမှုများ ဆောင်ရွက်ပေးခြင်း၊ သင်္ဃန်းကျွန်းမြို့နယ်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် **လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်များနှင့် အကြံဉာဏ်များရယူနိုင်ရန် ၂၁-၉-၂၀၁၃ ရက်နေ့တွင်** သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် မဲဆန္ဒနယ်အမှတ်(၂) ဒေါ်စန်းစန်းမြင့်တို့နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးအပါအဝင် ကော်မတီများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများဖြင့် တွေ့ဆုံခဲ့ပြီး ၂၈-၉-၂၀၁၃ ရက်တွင်လည်း ထပ်မံတွေ့ဆုံမှုပြုခဲ့ပြီး လွှတ်တော်ကိုယ်စားလှယ်များ၏ သဘောထားမှတ်ချက်နှင့်အကြံဉာဏ်များရယူခဲ့ကြောင်းဖြင့် ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်

သတ္တုနှင့် သယံဇာတရေးရာကော်မတီ ဥက္ကဋ္ဌအား အမေရိကန်သံရုံးမှ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

အမျိုးသားလွှတ်တော် သတ္တုနှင့် သယံဇာတရေးရာကော်မတီဥက္ကဋ္ဌ ဦးနေဝင်းထွန်းအား ရန်ကုန်မြို့ အမေရိကန်သံရုံးမှ Political/ Economic Officer Christopher Mohrman သည် ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ကော်မတီရေးရာဆောင်အမှတ် (၂၀) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ကော်မတီက ကျောက်မျက်ရတနာကုန်သွယ်ခြင်း၊ ဈေးကွက်လိုအပ်ချက်၊ အသစ်ရေးဆွဲလျက်ရှိသော မြန်မာ့သတ္တုတွင်းဥပဒေကြမ်းဆောင်ရွက်မှုအခြေအနေ၊ သတ္တုကဏ္ဍပြုပြင်ပြောင်းလဲရေး ဆောင်ရွက်လျက်ရှိသည့်ကိစ္စများ၊ EITI ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဖော်ဆောင်နေမှုများ၊ အမေရိကန်နိုင်ငံမှ မြန်မာနိုင်ငံအပေါ် Session ဖြေလျှော့ပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

မင်းဘူးရုပ်သံစက်ရုံမှ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မင်းဘူးရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ၁၀-၂-၂၀၁၄ မှ ၂၄-၂-၂၀၁၄ရက်နေ့အတွင်း Digital Antenna တပ်ဆင်မှုများ ဆောင်ရွက်မည်ဖြစ်ပါသဖြင့် လက်ရှိထုတ်လွှင့်နေသော MRTV အစီအစဉ်လွှင့်စက် 10 KW ထုတ်လွှင့်မှုကို ခေတ္တရပ်နား၍ လွှင့်အား 500 Wရှိသော လွှင့်စက်ဖြင့် ယာယီထုတ်လွှင့်ပေးသွားမည်ကို သတင်းစာများတွင် မိဘပြည်သူများအား အသိပေးတင်ပြထားခဲ့သည်။

ယခုအခါ Digital Antenna တပ်ဆင်မှုလုပ်ငန်းများပြီးစီးပြီဖြစ်ပါသဖြင့် ၂၂-၂-၂၀၁၄ ရက် ညနေ ၆ နာရီ ထုတ်လွှင့်ချိန်မှစ၍ မူလလွှင့်အား 10 KW ဖြင့် ပြန်လည်ထုတ်လွှင့်ပေးလျက်ရှိပါကြောင်းနှင့် မူလအတိုင်း ပြန်လည်ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အာဆီယံငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး လုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံတော် ဗဟိုဘဏ်မှ ကြီးမှူး၍ အာဆီယံငွေလုံးငွေရင်းစာရင်း လွတ်လပ်ခွင့်ပြုရေး လုပ်ငန်းကော်မတီအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကန်တော်ကြီးပဲလေ့စ် ဟိုတယ်၌ ဆက်လက်ကျင်းပရာ အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များနှင့် အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ပညာရှင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး အကောင်အထည်ဖော်မှုလုပ်ငန်းများအတွက် ကြီးကြပ်ထိန်းကျောင်းမှု နည်းလမ်းများ၊ စံနှုန်းပုံစံများ၊ အကာအကွယ်ပေးမှုယန္တရား၊ နည်းလမ်းဆိုင်ရာ ထိန်းကျောင်းမှုအစီရင်ခံစာ၊ အာဆီယံအရင်းအနှီးဈေးကွက် အခြေခံအဆောက်အအုံမူဘောင်တို့အပေါ် အဖွဲ့ဝင်နိုင်ငံများအားလုံးမှ နိုင်ငံအလိုက်တိုးတက်မှုများကို ညှိနှိုင်းဆွေးနွေးကြသည်။

ထို့နောက် ငွေလုံးငွေရင်းစာရင်းလွတ်လပ်ခွင့်ပြုရေး အကာအကွယ်ပေးမှုယန္တရားလုပ်ငန်းပုံစံနှင့် အရင်းအနှီးစီးဝင်မှုလမ်းကြောင်း အခြေအနေများအပေါ် ကြီးကြပ်ထိန်းကျောင်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ ပညာရှင်များဖြစ်သော Mr. VIVEK ARORA နှင့် Mr. Shanaka Jayanath Peiris တို့က ဆွေးနွေးကြရာ အာဆီယံအဖွဲ့ဝင်နိုင်ငံများကလည်း အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

ဆက်လက်ကျင်းပ

ဖေဖော်ဝါရီ၂၆ရက်တွင် အာဆီယံဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ လုပ်ငန်းကော်မတီ အစည်းအဝေး၌ ဆက်လက်၍ ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

❁ *ရှေ့ဖုံးမှ*

အပြင် ညောင်တုန်းစု၊ ကျိုက်ပိ၊ သစ်တိုဆိပ်၊ ကျွဲတလင်းနှင့် ဘိုကလေးမြို့နယ်မှ ကျေးရွာများ ကျိုက်လတ်မြို့နယ်မှ ကျေးရွာများပါ တစ်ရွာမှတစ်ရွာသို့သွားလာ ဆက်သွယ်နိုင်ပြီဖြစ်ရာ သုံးမြို့နယ် လမ်းပန်းဆက်သွယ်ရေး အဆင်ပြေလွယ်ကူလျက်ရှိသည်။ ထို့ပြင် မော်လမြိုင်ကျွန်းမြို့မှ ကျိုက်လတ်မြို့အထိ တိုက်ရိုက်ဆက်သွယ်သွားလာရာတွင် အရေးပါသော စိန်ဟိုင်းမြစ်ကို မြစ်ကူးတံတားအမြန်ဆောက်လုပ်ပေးနိုင်ရန်ကိုလည်း နယ်မြေခံပြည်သူများက လိုလားနေကြကြောင်း သိရသည်။ **(ဝဇ္ဇ)**

ပြည်တွင်းသတင်း

ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ စစ်တွေမြို့နှင့် မြောက်ဦးမြို့များရှိ ယဉ်ကျေးမှုပြတိုက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ **(ယာပုံ)**သည် ဖေဖော်ဝါရီ ၂၂ ရက် မွန်းလွဲ ၂ နာရီက စစ်တွေမြို့ ဗုဒ္ဓ ပြတိုက်နှင့် စစ်တွေယဉ်ကျေးမှု ပြတိုက်များသို့ သွားရောက်ကြည့်ရှုခဲ့ပြီး ရှေးဟောင်းဗုဒ္ဓဆင်းတုတော်များအား စနစ်တကျ ထိန်းသိမ်းပြသရန်၊ ပြတိုက်မှဟောင်းနွမ်းနေသည့် အဝတ်တန်ဆာများနှင့် ပြကွက်များကို မွမ်းမံပြင်ဆင်ပြသရန်၊ ပြတိုက်မှ တိုင်းရင်းသားတို့၏ ယဉ်ကျေးမှုများကို စာရင်းကောက်ယူဖော်ထုတ်ရန်နှင့် ဝန်ထမ်းများ စာပေဖတ်ရှုလေ့လာရေးတို့ကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ပါဝင်ဖျော်ဖြေခဲ့သည့် စစ်တွေမြို့မှ ကျောင်းသားကျောင်းသူများကို တွေ့ဆုံ၍ SEA Games ဖွင့်ပွဲတွင် ပါဝင်ကပြရမှုကို အစဉ်အမြဲ ဂုဏ်ယူရန်၊ တိုင်းရင်းသား အချင်းချင်း ချစ်ကြည်လက်တွဲရေးကို အစဉ်ရှေးရှုရန် အားပေးစကား ပြောကြားသည်။

အလားတူ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ကျောက်တော်မြို့ မဟာမြတ်မုနိဘုရားကြီးအနီး ဓညဝတီမြို့ဟောင်းတွင် သုတေသနပြုတူးဖော်မှုလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုပြီး သမိုင်းသုတေသီဟူသည် ခံစားချက်နှင့် ဘက်လိုက်မှုမရှိဘဲ အနီးစပ်ဆုံး အမှန်တရားကို ရှာဖွေရန်မှာကြားကာ ကျောက်တော်ရှေးဟောင်းသုတေသန ပြတိုက်ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် နေ့လယ်ပိုင်းတွင် မြောက်ဦးမြို့ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်း၌ မြောက်ဦးမြို့မှ ရပ်မိရပ်ဖများ၊ မြို့နယ်အထောက်အကူပြု အဖွဲ့အစည်းများနှင့်တွေ့ဆုံပြီး ရှေးဟောင်းသုတေသနပြတိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တပ်မတော် ကြည်း၊ လေ၊ အမြောက်နှင့် သံချပ်ကာ တပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်းတွင် တိုက်လေယာဉ်နှင့် ကြိုတင်ချေမှုန်းမှုကို တွေ့ရစဉ်။ (မြဝတီ)

■ *ကျောဖုံးမှ*

လေ့ကျင့်ခန်းနှင့် ပတ်သက်၍ အမှာစကားပြောကြားခဲ့ပြီး လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် ခြေလျင်၊ အကူလက်ရုံးတပ်များမှ အရာရှိ စစ်သည်များအတွက် ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်သည်။ အလားတူ လေ့ကျင့်ခန်းတွင် ပါဝင်ခဲ့သည့် တပ်မတော်(လေ)မှ လေသူရဲများအား ဂုဏ်ပြု ချီးမြှင့်ငွေများ ပေးအပ်သည်။

ဆက်လက်၍ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များလိုက်ပါ၍ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများ၊ စစ်ဦးစီးတက္ကသိုလ်မှ သင်တန်းသား အရာရှိကြီးများနှင့် မိတ္ထီလာတပ်နယ်မှ အရာရှိများအား တွေ့ဆုံအမှာစကားပြောကြားသည်။

ထိုသို့ တွေ့ဆုံပွဲအသီးသီး၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ ကာကွယ်ရေးမူဝါဒမှာ ပြည်ပကျူးကျော်ရန်မဟုတ်ဘဲ နိုင်ငံတော်အား ကာကွယ်ရန်ဖြစ်ကြောင်း၊ မိမိတို့ တပ်မတော်အား နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသည့် Standard Army အဖြစ် တည်ဆောက်လျက်ရှိကြောင်း၊ သို့ဖြစ်၍ စစ်မြေပြင်ကဲ့သို့သော အတွေ့အကြုံမျိုးရရှိစေရန် တပ်ဆင်ထားသည့် လက်နက်၊ ပစ္စည်းကိရိယာ၊ ယန္တရားများဖြင့် လေ့ကျင့်ခန်းများဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ အလားတူ မိမိ စစ်လက်နက်ပစ္စည်းများ၏ စွမ်းပကားကို ထိရောက်စွာအသုံးချနိုင်ရန် လိုအပ်ကြောင်း၊ ထို့အပြင် ညီညွတ်မျှတသော ကောင်းမွန်သည့်အုပ်ချုပ်ရေးစနစ်ရှိရမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ပေးသင့်သည့် အုပ်ချုပ်ထောက်ပံ့မှုကိစ္စရပ်များကိုလည်း မှန်မှန်ကန်ကန် ဆောင်ရွက်ကြရန် လိုကြောင်းဖြင့် အမှာစကားပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တွေ့ဆုံပွဲသို့ တက်ရောက်လာသည့် သင်တန်းသား အရာရှိကြီးများနှင့် တပ်နယ်မှ အရာရှိများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

တပ်မတော် ကြည်း၊ လေ၊ အမြောက်နှင့် သံချပ်ကာ တပ်ဖွဲ့များ၏ ပူးပေါင်းစစ်ဆင်မှု လေ့ကျင့်ခန်းတွင် ခြေလျင်နှင့် သံချပ်ကာတပ်ဖွဲ့များ တိုက်ပွဲဝင်ပုံစံဖြင့် တပ်ဖြန့်မှုကို တွေ့ရစဉ်။ (မြဝတီ)

✲ *ကျောဖုံးမှ*

ယှဉ်ပြိုင်ခွင့်ရရှိခြင်းဖြစ်ပြီး အသင်းကို ပြောင်းလဲမှုများစွာ ပြုလုပ်ထားသည်။ ပြည်တွင်းကစားသမားများကို အပြောင်းအလဲ ပြုလုပ်ထားပြီး လက်ရှိ MNL အမှတ်ပေးပြိုင်ပွဲတွင် တတိယနေရာ၌ ရပ်တည်လျက်ရှိသည်။

✻ *ကျောဖုံးမှ*

မြန်မာနိုင်ငံတို့မှ ရွှေ့ပြောင်းလုပ်သားများအတွက် လုပ်ငန်းခွင်ဘေးကင်းရှင်းမှု အားနည်းနေခြင်းအပေါ် ပြစ်တင်ဝေဖန်ခဲ့ကြသည်။ ယင်းရွှေ့ပြောင်းလုပ်သားများသည် စက်ရုံများ၊ ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ခနော်နီခနော်နဲ့ ငါးဖမ်းလှေများပေါ်တွင် လုပ်ခအနည်းငယ်ဖြင့် အလုပ်လုပ်ကြရကြောင်း ဆိုသည်။

(အမ်အင်န်အေ/ရိုက်တာ)

ကြော်ငြာအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် ကြော်ငြာအချပ်ပို လေးမျက်နှာ ပါရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ထမနဲထိုးပြိုင်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဒုတိယအကြိမ်မြောက် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ အခမ်းအနားကို ဒဂုံမြို့နယ် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာရုံး ရှေ့မြက်ခင်းပြင်၌ ယနေ့ ညနေ ၃ နာရီတွင် ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးစိန်တင်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဒုတိယဥက္ကဋ္ဌဦးတင်အောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်စဝ်နွမ်းခွန်ဆမ်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မေလတ်၊ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကများဖြစ်ကြသော ဒေါ်ခင်သက်ဌေး၊ ဒေါ်သင်းသင်းမြနှင့် ဒေါ်ခင်အေးနွယ်၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့၏ယဉ်ကျေးမှုနှင့်ယှဉ်သော တပို့တွဲလ ထမနဲအလှူဒါနပွဲတော်၏ ထမနဲသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြင့် ချက်ပြုတ်၍မရဘဲ စုပေါင်းဆောင်ရွက်ရသဖြင့် စည်းလုံးညီညွတ်ခြင်း၊ အပြန်အလှန်ရိုင်းပင်းကူညီခြင်းစသည့်စိတ်ဓာတ်များ တိုးပွားနိုင်ကြောင်း၊ ယခုနှစ်ထမနဲထိုးပြိုင်ပွဲသည် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ဒုတိယအကြိမ်မြောက်ပြိုင်ပွဲဖြစ်ပြီး ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ခရိုင်လေးခရိုင်မှ ပြိုင်ပွဲဝင်အသင်းများနှင့် အားပေးကြသော ပရိသတ်များအားလုံး သွေးစည်းညီညွတ်စွာဖြင့် စည်းလုံးညီညွတ်မှုအင်အားကို ပြသခြင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ ၂၀၁၄ ခုနှစ် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ပျော်ရွှင်စွာ ဆင်နွှဲကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဘဏ္ဍာရေးမှူး ဒေါ်ခင်လဲ့ဝင်းက ထမနဲထိုးပြိုင်ပွဲ စည်းကမ်းများနှင့် အမှတ်ပေးစည်းမျဉ်းများ ရှင်းလင်းပြောကြားခဲ့သည်။

ဇင်းနောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာဒေါ်ခင်မာထွန်း၊ ရန်ကုန်တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့နာယကများဖြစ်ကြသော ဒေါ်သင်းသင်းမြနှင့် ဒေါ်ခင်အေးနွယ်တို့က ပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ထမနဲထိုးပြိုင်ပွဲဝင်အသင်းများပြိုင်ပွဲဝင်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက လှည့်လည်ကြည့်ရှုအားပေးခဲ့သည်။

ဆက်လက်၍ ဆုချီးမြှင့်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်သောင်းမြကနှစ်သိမ့်ဆုရရှိသောတောင်ပိုင်းခရိုင်အမျိုးသမီးရေးရာအဖွဲ့ကို လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါက်တာခင်မာထွန်းက တတိယဆုရရှိသောမြောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ကို လည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဇနီး မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်စဝ်နွမ်းခွန်ဆမ်က ဒုတိယဆုရရှိသော အနောက်ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ကို လည်းကောင်း၊ တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်သက်ဌေးက ပထမဆုရရှိသော အရှေ့ပိုင်းခရိုင် အမျိုးသမီးရေးရာအဖွဲ့ကိုလည်းကောင်း ဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အခြေခံသတင်းစာပညာ ရက်တိုသင်တန်းဖွင့်

မော်လမြိုင် ဖေဖော်ဝါရီ ၂၅

မြန်မာနိုင်ငံ သတင်းမီဒီယာ ဖွံ့ဖြိုးမှု အထောက်အကူရရှိစေရန် ရည်ရွယ်၍ ဆွီဒင်နိုင်ငံ သတင်းစာပညာသင်ကြားရေးတက္ကသိုလ် ဌာနတစ်ခုဖြစ်သည့် Fojo Media Institute မှ အခြေခံသတင်းစာပညာ ရက်တိုသင်တန်းကို မြန်မာနိုင်ငံရှိ တိုင်းဒေသကြီးနှင့် ပြည်နယ် လေးမြို့ရှိ ပုသိမ်မြို့တွင် ဖေဖော်ဝါရီ ၁၈ ရက်မှ ၂၀ ရက်၊ မော်လမြိုင်မြို့၌ ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၄ ရက်ထိ၊ မန္တလေးမြို့၌ ဖေဖော်ဝါရီ ၂၆ ရက်မှ ၂၈ ရက်ထိ၊ စစ်တွေမြို့၌ မတ် ၃ ရက်မှ ၅ ရက်ထိ ဆက်တိုက်ကျင်းပသွားမည်ဖြစ်သည်။

သင်တန်းတက်ရောက်သူများကို လမ်းစရိတ်၊ တည်းခိုရန်နေရာနှင့် စားစရိတ်တို့ကို စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

မွန်ပြည်နယ်ရှိ မြို့နယ်များမှ သင်တန်းသား သင်တန်းသူ ၂၀ ကို အခြေခံသတင်း ရေးသားနည်းများ၊ မီဒီယာကျင့်ဝတ်ဆိုင်ရာ စည်းကမ်းများ၊ အခြေခံဗဟုသုတနှင့် သတင်းကျွမ်းကျင်မှုဆိုင်ရာ သတင်းအတတ်ပညာရပ်များကို ကောင်းမြတ်ဟိုတယ် သီရိမင်္ဂလာခန်းမ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်တန်းပို့ချရာ ဆွီဒင်နိုင်ငံ သတင်းစာပညာသင်ကြားရေးတက္ကသိုလ် Fojo Media Institute မှ နည်းပြဆရာမ FIONABARTOM၊ လက်ထောက်နည်းပြ AGNETA နှင့်အတူ မြန်မာနိုင်ငံသတင်းစာဆရာများအသင်းမှ မြန်မာ့အလင်း၊ ကြေးမုံသတင်းထောက် ဦးစိန်လှိုင်ဗိုလ်၊ မြန်မာ့အလင်း၊ ကြေးမုံသတင်းထောက် ဦးတင်ထွဋ်တို့က သတင်းစာပညာရပ်များကို စာတွေ့လက်တွေ့ဖြင့် သင်ယူပို့ချလျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ) နေမျိုးထွဋ်

ယနေ့ မိုးလေဝသ

၂၅-၂-၂၀၁၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့သာယာမည်။
ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် အများအားဖြင့်သာယာမည်။

ပြည်တွင်းသတင်း

ဗုဒ္ဓပူဇနိယပွဲတော်၊ ရေစက်ချပွဲနှင့်ဓမ္မမောဠိ အပြည်ပြည်ဆိုင်ရာ သီလရှင်ဗုဒ္ဓဘာသာစာပေသင်ကြားရေးဌာနဖွင့်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် မင်းဓမ္မလမ်းနှင့် တော်ဝင်လမ်းထောင့်ရှိ ဓမ္မမောဠိဝိဟာရသီလရှင်စာသင်တိုက်၌ တည်ထားကိုးကွယ်သော မဟာဓမ္မရာဇာ ဆုတောင်းပြည့်စေတီတော်မြတ် ဗုဒ္ဓပူဇနိယပွဲတော်၊ အောင်မင်္ဂလာနဂါးရုံမြတ်စွာဘုရားရေစက်ချပွဲ၊ ပညာဒီပံလေးထပ်ကျောင်းတော်ကြီး ရေစက်ချပွဲနှင့် ဓမ္မမောဠိအပြည်ပြည်ဆိုင်ရာ သီလရှင်ဗုဒ္ဓဘာသာစာပေသင်ကြားရေးဌာန (DHAMMAMOLI INTERNATIONAL BUDDHIST EDUCATION CENTER (D.I.B.E.C)) ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် ပင့်သံဃာတော် ၃၅ ပါး၊ သီလရှင် ၃၂ပါးတို့ကိုဖေဖော်ဝါရီ၂၄ရက်နံနက်၆နာရီက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြောင်း၊ နံနက်၇နာရီတွင် ဆရာတော်သံဃာတော်များက မဟာဓမ္မရာဇာဆုတောင်း ပြည့်စေတီတော်မြတ်အတွင်း ဗုဒ္ဓါဘိသေကအနေကဇာတင်ခဲ့ကြသည်။

အခမ်းအနားမစတင်မီ သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်မောဠိနီ (သဒ္ဓမ္မဇောတိကဓဇ)နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ပညာဒီပံလေးထပ်ကျောင်းတော်ကြီးနှင့်ဓမ္မမောဠိအပြည်ပြည်ဆိုင်ရာ သီလရှင်ဗုဒ္ဓဘာသာ စာပေသင်ကြားရေးဌာနကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။**(အပေါ်ပုံ)**ဆက်လက်၍ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော် ဘဒ္ဒန္တသီလာ စာရာဘိဝံသထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။ ထို့နောက် ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခဲ့ကြသည်။ ဆက်လက်၍ သီလရှင်ဆရာကြီး ဒေါက်တာဒေါ်မောဠိနီ(သဒ္ဓမ္မဇောတိကဓဇ)က ကျေးဇူးတင်စကားပြောကြားပြီးရွှေတိဂုံစေတီတော်ကြီးရှိ ငြိမ်းချမ်းရေး ခေါင်းလောင်းအလှူရှင် အမေရိကန်နိုင်ငံသူ Mrs.Wong Mo က ဝမ်းမြောက်စကားပြောကြားသည်။ သီလရှင်ဆရာကြီး ဒေါက်တာဒေါ်မောဠိနီနှင့် ဝန်ကြီးချုပ် ဦးမြင့်ဆွေတို့က ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များကို လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီးနောက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လှူဒါန်းငွေကျပ်နှစ်သိန်းကို လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်းက လည်းကောင်း၊ ဗိုယက်နမ်သီလရှင်အဖွဲ့ကလှူဒါန်းငွေကျပ်ခြောက်သိန်းနှင့် ဆေးပစ္စည်းများကိုလည်းကောင်း လှူဒါန်းခဲ့ရာ သီလရှင်ဆရာကြီး ဒေါက်တာ ဒေါ်မောဠိနီက လက်ခံရယူသည်။

သင်ကြားရာ၌ ထေရဝါဒ နိုင်ငံများနှင့် အခြားနိုင်ငံရပ်ခြားများမှ အသက် ၁၅ နှစ်မှ ၃၀ နှစ်အတွင်းရှိ တစ်နိုင်ငံလျှင် သီလရှင်နှစ်ပါး၊ မြန်မာ့မြေပေါ်၌ မြန်မာစကားဗုဒ္ဓစာပေများကို အခြေခံမှစတင်၍ သင်ကြားစေပြီး (ပထမငယ်-ပထမလတ်)တန်း အောင်မြင်ပြီးပါက ၎င်းတို့၏နိုင်ငံများသို့ပြန်လည်၍ သာသနာပြန့်ပွားအောင်ဓမ္မစာပေများကို လက်ဆင့်ကမ်း ဖြန့်ဝေ သာသနာပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံမှ သီလရှင်ဆရာလေးများကို Further Studies သင်ယူစေပြီး Outstanding ပညာတတ် ဆရာလေးများဖြစ်လာရအောင် ပညာအလင်းပေးခြင်းဖြင့် ပထမကြီးတန်းအောင်ပြီး နှစ်နှစ်ခွဲအတွင်း အင်္ဂလိပ်စာသင်ကြားပြီးမှ ပြည်ပတွင် ပညာသင်စေလွှတ်မည်ဖြစ်၍ အမျိုးသမီး သီလရှင်များ၏ (International)ပညာရေးအတွက် အလွန်လိုအပ်နေသော (Centre Foundation)ဖြစ်မြောက်ရန် ကူညီဆောင်ရွက်ပေးမည့်သူ မရှိသေးသည့်အတွက် ဤ(Center)ကို တည်ထောင်ရခြင်းဖြစ်ကြောင်းနှင့်အရိပ်မဲ့သော မြန်မာနိုင်ငံသူ အမျိုးသမီးငယ်လေးများကို အအေးမြဆုံးသော ဓမ္မအရပ်ရရှိစေခြင်းဖြစ်ကြောင်း ဓမ္မမောဠိ ဝိဟာရသီလရှင်စာသင်တိုက်ဆရာကြီး ဒေါက်တာ ဒေါ်မောဠိနီက မြန်မာ့အလင်းသို့ ရှင်းလင်းပြောကြားသည်။

မျိုးမင်းသိန်း(မရမ်းကုန်း)

ဖြူးမြို့နယ်တွင် ဆန်သစ်ပေါ်၊ ဈေးကောင်းရသဖြင့် မိုးစပါးချေးငွေပြန်လည်ပေးချေနိုင်

ဖြူး ဖေဖော်ဝါရီ ၂၅

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၇၃ အုပ်စုတို့မှ တောင်သူလယ်သမားများက ၂၀၁၂-၂၀၁၃ ခုနှစ် မိုးစပါးများကို စိုက်ဧက ၁၅၃၄၂၆ ဧကစိုက်ပျိုးခဲ့ကြရာ ယခုအချိန်တွင် မြို့နယ်လုံးကျွတ် မိုးစပါးများရာနှုန်းပြည့်ရိတ်သိမ်းခြွေလှေ့ပြီးစီးသွားပြီဖြစ်ရာ ယခုနှစ် မိုးစပါးများ အထွက်ကောင်းခဲ့သဖြင့် တစ်မြို့နယ်လုံး ပျမ်းမျှအထွက်နှုန်း တင်းပေါင်း ၁၂ သန်းကျော်ထွက်ရှိခဲ့ကြောင်း သိရသည်။

"ဒီနှစ်ကတော့ ကျုပ်တို့လယ်သမားများ အဆင်ပြေတဲ့နှစ်လို့ ပြောရမှာပါ။ မနှစ်က ဆန်ဈေးက ဒီလိုအချိန်မှာ မနောသုခ၊ ဆင်းသုခ၊ ပျော့ထွန်း၊ ပုလဲသွယ်၊ သုခ(၂)၊ ဧရာမင်းစသည့် ကောက်ငယ်ဆန်များကို တစ်တင်း ငွေကျပ် ၁၂၅၀၀ မှ ၁၃၀၀၀ ဈေးသာ ရောင်းချခဲ့ရလို့ ဈေးမကောင်းခဲ့ပါဘူး၊ အခုနှစ်ကျတော့ ကောက်ငယ်ဆန်တစ်တင်းကို ငွေကျပ် ၁၄၅၀၀ မှ ၁၅၀၀၀ ဈေးအထိ ဈေးကောင်းနဲ့ ရောင်းချကြရပါတယ်" ဟု ဖြူးမြို့အနောက်ဘက်ကျွန်းကုန်းရွာမှ တောင်သူလယ်သမားကြီးတစ်ဦးက ပြောသည်။

လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ မိုးစပါးစိုက်ပျိုးစရိတ်တစ်ဧက ငွေကျပ် တစ်သိန်းနှုန်း ထုတ်ချေးထားသော ချေးငွေများကို ယမန်နှစ်ကထက် အချိန်စော၍ ပြန်လည်ပေးချေနိုင်ခဲ့ကြောင်း သိရသည်။

"နိုင်ငံတော်အစိုးရက မိုးစပါးစိုက်ပျိုးစရိတ် ချေးငွေကိုလည်း တစ်ဧက ငွေကျပ်တစ်သိန်းနှုန်း တိုးမြှင့်ချေးပေးတဲ့အတွက် စိုက်ပျိုးသူ ကျွန်တော်တို့ တောင်သူလယ်သမားများက နိုင်ငံတော်အစိုးရကို အထူးဝမ်းသာကျေးဇူးတင်နေကြပါတယ်" ဟု ၎င်းကပြောသည်။ **ဖြူး-မြင့်ဦး**

တက္ကသိုလ်ဝင်စာမေးပွဲမန္တလေးတိုင်းဒေသကြီးတွင် ၈၅၀၀၀ နီးပါးဝင်ရောက်ဖြေဆိုမည်

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးတိုင်းဒေသကြီးအတွင်း ၂၀၁၃-၂၀၁၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို အခြေခံပညာကျောင်းများအပြင်၊ ပုဂ္ဂလိက ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူများအပါအဝင် စုစုပေါင်း ကျောင်းသား ကျောင်းသူဦးရေ ၈၅၀၀၀ နီးပါးက နှစ်စဉ်ပုံမှန် စာစစ်ဌာနအတိုင်း ၁၅၃ နေရာဌာန၌ ဝင်ရောက်ဖြေဆိုသွားမည်ဖြစ်ကြောင်းသိရသည်။ မန္တလေးချမ်းအေးသာစံ၊ အောင်မြေသာစံ၊ ပြည်ကြီးတံခွန်၊ ချမ်းမြသာစည်နှင့် မဟာအောင်မြေမြို့နယ်စသည့် ငါးမြို့နယ်အတွင်းရှိ စာစစ်ဌာနတို့၌ ဖြေဆိုကြသူများသည် စာမေးပွဲဖြေဆိုနေစဉ် ကျန်းမာရေးမကောင်းခဲ့သူများနှင့် ဆေးရုံတွင် ဖြေဆိုမည့်သူများအတွက်လည်း မန္တလေး ချမ်းအေးသာစံမြို့နယ် စိတ္တရမဟီရပ်ရှိ အထက(၁၂)၌ ဖြေဆိုရန်စီစဉ်ထားပြီး တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အချိန်ပြည့် ကြည့်ရှုစောင့်ရှောက်ပေးသွားမည်ဖြစ်ကြောင်း၊ စာမေးပွဲအခန်းကို ပညာရေးဝန်ထမ်းများက ကြီးကြပ်စောင့်ရှောက်မှု ဆောင်ရွက်ပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုအတွက် ဆရာဝန်များ၊ သူနာပြုများကလိုအပ်သည့်ကူညီမှုများဆောင်ရွက်ပေးမည်ဖြစ်ပြီး ကျောင်းသားများ တက္ကသိုလ်ဝင်စာမေးပွဲကို ကြိုးကြိုးစားစားဖြေဆိုနိုင်ကြောင်းသိရသည်။ **(၀၄၀)**

ပထမဦးဆုံး အခြေခံကလေးသတင်းစာပညာ သင်တန်း မန္တလေးမြို့၌ အခမဲ့ဖွင့်လှစ်မည်

မန္တလေး ဖေဖော်ဝါရီ ၂၅

မန္တလေးမြို့မှ ကလေးငယ်များ သတင်းစာပညာရပ်ကို စိတ်ဝင်စားလာစေရန်နှင့် စာနယ်ဇင်းပညာလုပ်ငန်းများ၏ သဘောသဘာဝကို ရင်းနှီးစေရန် ရည်ရွယ်၍ မန္တလေးမြို့တွင် ပထမဦးဆုံးအခြေခံကလေးသတင်းစာပညာသင်တန်းကို မတ် ၁၇ ရက်မှစတင်၍ ရက်သတ္တသုံးပတ်ကြာ အခမဲ့ စေတနာမေတ္တာကို အဓိကထား၍ဖွင့်လှစ်သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"သင်တန်းမှာ မန္တလေးမြို့တွင်နေထိုင်သည့် အသက် ၁၀နှစ်မှ၁၅နှစ်အထိကျောင်းသားကလေးများကို သင်ကြားပေးမှာဖြစ်ပါတယ်။ သင်တန်းပြီးဆုံးပါကလည်း လက်တွေ့သတင်းစာကို တစ်ပတ်ကြာ အစမ်းထုတ်ဝေမှာ ဖြစ်ပါတယ်။ သင်တန်းသင်ရိုးတွင်လည်း အခြေခံသတင်းဆောင်းပါးရေးနည်း၊ သတင်းဓာတ်ပုံပညာ၊ စာတည်းဖြတ်နည်း၊ သတင်းစာပညာများ အပြင်အဆင်၊ စာပြင်နည်းစနစ်များ သတင်းစာသမိုင်းရေစီးကြောင်းနှင့် ထုတ်ဝေဖြန့်ချိနည်းစနစ်များပါဝင်မှာဖြစ်ပါတယ်။ မန္တလေးမြို့မှ သတင်းစာဆရာများက စေတနာဖြင့်သင်ကြားပို့ချမှာဖြစ်ပြီး သင်တန်းအစအဆုံး အခမဲ့သင်ကြားပေးသွားမှာဖြစ်ပါတယ်။ သင်တန်းတက်ရောက်လိုသော ကျောင်းသားများအနေဖြင့် မတ်လ ၁၅ ရက် နောက်ဆုံးထား၍ ဖုန်း-၀၉-၄၄၄၀ ၃၅၈၂၅၊ ၀၉-၄၇၁၂၅၅၁၅ နှင့် ၀၉-၃၃၀၅၈၂၇၆ တို့သို့ ဆက်သွယ်လျှောက်ထားနိုင်ပါတယ်။ အဆိုပါ သင်တန်းဖြစ်မြောက်ရေးအတွက် ဇာတိမာန်လူငယ်စာဖတ်အသင်းက အကုန်အကျခံမှာဖြစ်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့အခမ်းအနားကျင်းပပြုလုပ်ခြင်း

၂၀၁၄ ခုနှစ် မတ်လ ၁၉ရက်တွင် ကျရောက်မည့် နှစ်(၄၀)ပြည့် မွန်ပြည်နယ်နေ့အခမ်းအနားကို သံဖြူဇရပ်မြို့နယ်၊ စက်စဲကမ်းခြေတွင် ၁၈-၃-၂၀၁၄ ရက်မှ ၂၀-၃-၂၀၁၄ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ အထိမ်းအမှတ် အခမ်းအနားတွင် ဌာနဆိုင်ရာပြခန်းများ၊ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပွဲများ၊ ဇာတ်ပွဲများကို ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကုမ္ပဏီများ၊ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ကုန်ပစ္စည်းများကို အရောင်းပြခန်းဖွင့်လှစ်၍ ရောင်းချလိုပါက မွန်ပြည်နယ်နေ့ပြခန်းများ ခင်းကျင်းပြသရေးလုပ်ငန်းကော်မတီဖြစ်သည့်အောက်ပါလိပ်စာအတိုင်း ဆက်သွယ်ဆောင်ရွက်နိုင်ပါကြောင်း နှိုးဆော်အပ်ပါသည်-

(က) ဖုန်း-၀၅၇-၂၅၉၁၄
(ခ) ဖုန်း-၀၅၇-၂၇၃၀၃
(ဂ) ဖုန်း-၀၅၇-၂၄၆၃၆

ပြခန်းခင်းကျင်းပြသရေးလုပ်ငန်းကော်မတီ



ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၄/၈၆၇၇ Win Mann Star L/T ယာဉ်လက်ဝယ်ရှိသူ ဦးလှသောင်း ၉/ပမန(နိုင်) ၀၉၅၀၃၇က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန(နေပြည်တော်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၃၂)နေပြည်တော်
(၂၀၁၄ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ရက်)
ရေးဖြေစာမေးပွဲအောင်မြင်သူအမည်စာရင်းနှင့်လူတွေ့စစ်ဆေးမည့်ရက်

ထုတ်ပြန်ကြေညာခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ နေပြည်တော်တွင် ၂၀၁၄ ခုနှစ်၊ ဖေဖော် ဝါရီ ၂ရက်၌ ကျင်းပပြုလုပ်ခဲ့သည့် ဒုတိယဦးစီးမှူး(လစာနှုန်း-၇၉၀၀၀ိ-၁၀၀၀ိ-၈၄၀၀၀ိ)ရာထူး(၂၅) နေရာအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများစာရင်းကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

ခုံအမှတ်-

၀၀၁၊ ၀၂၁၊ ၀၅၉၊ ၀၈၇၊ ၁၀၇၊ ၁၆၉၊ ၂၀၄၊ ၂၀၈၊ ၂၄၅၊ ၂၆၃၊ ၂၆၄၊ ၃၂၄၊ ၃၂၅၊ ၃၂၆၊ ၃၂၈၊ ၃၂၉၊ ၃၃၀၊ ၃၃၁၊ ၃၃၂၊ ၃၃၃၊ ၃၃၄၊ ၃၃၆၊ ၃၃၇၊ ၃၃၈၊ ၃၃၉၊ ၃၄၀၊ ၃၄၃၊ ၃၄၄၊ ၃၄၅၊ ၃၄၆၊ ၃၄၇၊ ၃၅၁၊ ၃၅၂၊ ၃၅၃၊ ၃၅၄၊ ၃၅၇၊ ၃၅၈၊ ၃၅၉၊ ၃၆၀၊ ၃၆၂၊ ၃၆၄၊ ၃၆၅၊ ၃၆၆၊ ၃၆၇၊ ၃၆၈၊ ၃၇၈၊ ၃၈၂၊ ၃၈၃၊ ၃၈၄၊ ၃၉၀၊ ၃၉၁၊ ၃၉၃

၂။ ရေးဖြေစာမေးပွဲအောင်မြင်သူများ၏ အမည်စာရင်းကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်တွင် ၂၅-၂-၂၀၁၄ရက်မှစ၍ ကြော်ငြာထားမည် ဖြစ်ပါသည်။

၃။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၃-၃-၂၀၁၄ရက်နှင့် ၄-၃-၂၀၁၄ရက်များတွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်၌ အောက်ပါအတိုင်း လူတွေ့စစ်ဆေးမည်ဖြစ်ပါသည်-

နေ့ရက်	အချိန်	ခုံနံပါတ်	ဦးရေ
၃-၃-၂၀၁၄ရက် (တနင်္လာနေ့)	နံနက် ၉း၃၀နာရီ	၀၀၁မှ၃၄၀အထိ	၂၆
၄-၃-၂၀၁၄ရက် (အင်္ဂါနေ့)	နံနက် ၉း၃၀နာရီ	၃၄၃မှ ၃၉၃အထိ	၂၆

၄။ လူတွေ့စစ်ဆေးခံမည့်သူများသည် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ရုံးအမှတ်(၃၂)နေပြည်တော်သို့ ဖြေဆိုမည့်ရက်တွင် လူတွေ့စစ်ဆေးခံယူမည့် အချိန်မတိုင်မီ တစ်နာရီကြိုတင်၍ သတင်းပို့ကြရန်နှင့် အောက်ပါတို့ကို တစ်ပါတည်း ယူဆောင်လာရန် ဖြစ်ပါသည်-

(က) ဘွဲ့လက်မှတ်မူရင်း
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်အောင်လက်မှတ် (သို့မဟုတ်)အခြေခံပညာအထက်တန်းအောင်လက်မှတ်မူရင်း
(ဂ) နိုင်ငံသားစိစစ်ရေးကတ်မူရင်း

ဝေလီဝေလင်း မုန့်ဟင်းခါးချက်ရာမှ အိမ်ခုနစ်လုံးမီးလောင်

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဖေဖော်ဝါရီ ၂၅ ရက် ဝေလီဝေလင်း နံနက် ၅ နာရီက မြောက်ဥက္ကလာပမြို့နယ်(က)ရပ်ကွက် နွယ်သာကီ(၃)လမ်းအနောက်ခြမ်း အမှတ်(၅၉၇) အိမ်ရှင် ဦးမောင်လေး၏ အိမ်တွင် နံနက်စောစော မုန့်ဟင်းခါးချက်ရာမှ အနီးရှိ အထပ်သားသို့ မီးကူးစက်လောင်ကျွမ်းမှုဖြစ်ပွားခဲ့သည်။

လောင်သော မီးအားကြောင့် အိမ်ခုနစ်လုံးနှင့် အတွင်းပစ္စည်းများ မီးလောင်ဆုံးရှုံးခဲ့ရသည်။**(အပေါ်ပုံ)**

မီးလောင်မှုသတင်းကို မြောက်ဥက္ကလာပမြို့နယ် မီးသတ်တပ်ဖွဲ့မှ မီးသတ်တပ်ကြပ်အေးအေးစိုးက ဖုန်းဖြင့်သတင်းပေးမှုကြောင့် စခန်းမှ မီးသတ်ယာဉ်များ အချိန်နှင့်တစ်ပြေးညီ လာရောက်ငြိမ်းသတ်ပေးမှုကြောင့် လောင်နေသောမီးအားကို နံနက် ၅ နာရီ ၂၅ မိနစ်တွင် ထိန်းချုပ်နိုင်ခဲ့ပြီး နံနက် ၅ နာရီ ၃၅ မိနစ်တွင် စိတ်ချရသည်အထိ ငြိမ်းသတ်နိုင်ခဲ့ကြသည်။

မီးလောင်ရာသို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၏ ကြီးကြပ်မှုဖြင့် ကွပ်ကဲမှုယာဉ်သုံးစီး၊ အထောက်အကူပြုယာဉ် ငါးစီး၊ တိုင်းကြက်ခြေနီ လူနာတင်ယာဉ်နှစ်စီး၊ မီးငြိမ်းသတ်ယာဉ် ၂၆ စီးတို့နှင့်အတူ သန္ဓေမီးသတ် ၁၇၁ ဦး၊ အရန်မီးသတ် ၁၀၂ ဦး၊ ကြက်ခြေနီတပ်ဖွဲ့ဝင် ၄၂ ဦးတို့က ရေဂါလန် ၄၃၄၁၀ အသုံးပြု၍ ဝိုင်းဝန်းငြိမ်းသတ် အကူအညီပေးခဲ့ကြသည်။

မီးလောင်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှုမရှိသော်လည်း အိမ်ခြေခုနစ်လုံးမှ အိမ်ထောင်စုပေါင်း ဆယ်စု၊ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၉ ဦးတို့ အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ မီးဘေးဒုက္ခသည်များကို မြောက်ဥက္ကလာပမြို့နယ် (က)ရပ်ကွက် နွယ်သာကီလမ်းမကြီးရှိ လူထုမြတ်ပဋ္ဌာန်းဓမ္မာရုံ၌ ကယ်ဆယ်ရေးစခန်းဖွင့်၍ စောင့်ရှောက်ပေးထားသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

မြန်မာ့အလင်း စာတည်းထံပေးစာများ

ရပ်ကွက်အတွင်း အရက်ရောင်းချနေမှုကို ဖယ်ရှားပေးပါ

အမှတ်(၁၅)ရပ်ကွက် မြင်သာ(၅)လမ်း အိမ်တစ်အိမ်တွင် အရက်ဆိုင်တစ်ဆိုင် ဖွင့်လှစ်ရောင်းချနေပါသည်။ အဆိုပါ အရက်ဆိုင်သည် လူနေထူထပ်သော လမ်းအတွင်း၌တည်ရှိပြီး အချိန်မတော်သောက်သုံးသူများကြောင့် မကြာခဏ ခိုက်ရန်ဖြစ်ပွားလျက်ရှိသဖြင့် ပတ်ဝန်းကျင်ရှိ သားပျိုသမီးပျိုများ နားမခံနိုင်သည့် ပြောဆိုသံများ ကြားနေရသည်။ သောက်သုံးသူများမှာ ညအချိန်မတော် အရက်ဆိုင်သို့ လာရောက်အော်ဟစ်နှိုးခြင်းများကြောင့် ပတ်ဝန်းကျင်ရှိ အသက်အရွယ်ကြီးရင့်သော သက်ကြီးရွယ်အိုများနှင့် ကျောင်းသား ကျောင်းသူများအတွက် အနှောင့်အယှက်ဖြစ်ရသဖြင့် ရပ်ကွက်ရုံးမှပိတ်ခိုင်းခဲ့သော်လည်း ၎င်းအရက်ဆိုင်ပိုင်ရှင်က လိုင်စင်လုပ်ပြီးရောင်းတာဟု ခက်ထန်သော အသုံးအနှုန်းများဖြင့် တုံ့ပြန်ပါသည်။ သို့ပါ၍ ၎င်းအရက်ဆိုင်ကို သက်ဆိုင်ရာမှ ဖြေရှင်းပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါသည်။

နားမခံနိုင်သူ

ဝက်ခြံအနံ့ဆိုးများ နေ့စဉ်ရှူရှိုက်နေရ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ မြို့မ(၄)ရပ်ကွက် ထူပါရိုပ်ငြိမ်(၃)လမ်းရှိ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသော ဝက်မွေးမြူရေးခြံသည် ရပ်ကွက်လမ်းအတွင်း လူအများ နေထိုင်ရာလမ်းတွင် ဆောက်လုပ်ပြီး လုပ်ကိုင်စားသောက်နေသည်မှာ နှစ်နှစ်ကျော်ကြာခဲ့ပြီဖြစ်သည်။ အိမ်၏ခေါင်းရင်းဘက်ကပ်လျက်ခြံတွင် ဝက်ခြံများပြုလုပ်မွေးမြူထားသဖြင့် ဝက်နှင့်ပတ်သက်သော အနံ့ဆိုးများ နေ့စဉ်ရှူရှိုက်နေရပါ၍ မိသားစုအားလုံး လူကြီး ကလေး၊ ကျောင်းသား လူငယ်များပါမကျန် ကျန်းမာရေးထိခိုက်လျက်ရှိသည်။

ထို့အပြင် ရပ်ကွက်အတွင်းနေ ပြည်သူများနှင့် လမ်းသွားလမ်းလာသူများပင် မခံမရပ်နိုင်အောင် ခံစားနေရပါသဖြင့် သက်ဆိုင်ရာသို့တိုင်ကြားသော်လည်း ဝက်သတ်ခြင်းလုပ်ငန်းသာ နေရာရွှေ့ပြောင်းခဲ့ပြီး ဝက်မွေးမြူရေးကို ဆက်လက်လုပ်ကိုင်လျက် ရှိနေသည်။

သို့ပါ၍ ဝက်မွေးမြူရေးလုပ်ငန်းအား မြို့အင်္ဂါရပ်နှင့်အညီ စည်းကမ်းဥပဒေအတိုင်းဆောင်ရွက်ပေးနိုင်ပါရန် တင်ပြအပ်ပါသည်။

အနံ့ဆိုးမခံနိုင်သူများ

စည်းကမ်းမဲ့နှစ်ပြန်ကြော်လုပ်ငန်း ဖယ်ရှားပေးစေချင်

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ရန်ကုန်-မန္တလေးကားလမ်းဘေးရှိ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိသော နှစ်ပြန်ကြော် အကြော်စုံလုပ်ငန်းတစ်ခုသည် နေ့စဉ်နှင့်အမျှ ဆီများနှင့်အကြော်ကြော်ရာ ဆီကြော်အငွေ့နံ့ဆိုးများကြောင့် ရပ်ကွက်အတွင်းရှိ နေထိုင်ကြသည့် ပြည်သူများနှင့် မကျန်းမာသူများ နေ့စဉ်နှင့်အမျှ အကြော်နံ့ဆိုးများ ရှူရှိုက်နေရခြင်းကြောင့် ရောဂါမျိုးစုံ ဝင်ရောက်နိုင်ပြီး ကျန်းမာရေးထိခိုက်လျက်ရှိသည်။

သို့ပါ၍ အများပြည်သူအကျိုးကိုရှေးရှု၍ စည်းကမ်းမဲ့လုပ်ကိုင်ဆောင်ရွက်နေသော အဆိုပါ နှစ်ပြန်ကြော်လုပ်ငန်းကို အများပြည်သူနှင့် လွတ်ကင်းရာသို့ ဖယ်ရှားပြီး စည်းကမ်းတကျဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

အငွေ့နံ့မခံနိုင်သူများ

စည်းကမ်းမဲ့ဈေးသည်များ ရှင်းလင်းဆောင်ရွက်ပြီးဖြစ်

၃၀-၁၂-၂၀၁၃ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ စည်းကမ်းမဲ့ဈေးသည်များအား တားဆီးပေးပါရန် စာတည်းထံပေးစာနှင့်ပတ်သက်၍ ဖျာပုံမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ရှင်းလင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ဖျာပုံစည်ပင်

စကိတ်ကွင်းမှ ဆူညံသံများတားပေးပါ ပေးစာနှင့်ပတ်သက်၍ ဖြေရှင်းပြီးစီး

၁၅-၂-၂၀၁၄ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ ပြည်သူတစ်ဦးမှ တင်ပြသည့် "စကိတ်ကွင်းမှ ဆူညံသံများတားပေးပါ" ပေးစာနှင့်ပတ်သက်၍ ကလေးမြို့နယ် စည်ပင်သာယာရေးကော်မတီမှ ၁၆-၂-၂၀၁၄ ရက်နေ့မှစတင်၍ ဖြေရှင်းဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

ကလေးမြို့နယ်စည်ပင်သာယာရေးကော်မတီ

မီးဘေးရှောင် မလောင်ခင်တား ညီနောင်သွေးချင်းများ

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း အောက်ပါတိုက်နယ်ဆေးရုံ အဆောက်အအုံများ အသစ်ဆောက်လုပ်ခြင်း ပြုလုပ်မည်ဖြစ်ပါ၍ ပြင်ပလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) မြစ်သားမြို့နယ်၊ ဝွေ့ကျေးရွာတွင် (၁၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း

(ခ) မတ္တရာမြို့နယ်၊ ဥမှင်ကျေးရွာတွင် (၆)ခုတင်ဆံ့ တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း

၂။ **တင်ဒါလျှောက်လွှာပုံစံများ**

စတင်ရောင်းချမည့်ရက် - ၂၄-၂-၂၀၁၄ ရက်

တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၃-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံး
မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့၊
ဖုန်း-၀၂-၃၃၁၇၃၊ ၀၂-၂၁၀၂၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
အဆိုပြုလွှာခေါ်ယူခြင်း

၁။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ အမှတ်(၁) ရေနံချက်စက်ရုံ(သန်လျင်)နှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)တို့မှ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း၊ ပင်မစက်သုံးဆီသိုလှောင်ဖြန့်ဖြူးရေးဌာနကြီးများနှင့် ဌာနခွဲများသို့ စက်သုံးဆီ(ဓာတ်ဆီ၊ ဒီဇယ်ဆီနှင့်ဂျက်လေယာဉ်ဆီ)များ သယ်ပို့မည့်လုပ်ငန်းကို ပြင်ပပုဂ္ဂလိက ရေယာဉ်/ဆီတွဲများဖြင့် ငှားရမ်းဆောင်ရွက်မည်ဖြစ်ပါ၍ ရေယာဉ်/ဆီတွဲလုပ်ငန်းရှင်များသည် မိမိတို့သယ်ပို့လိုသည့် စက်သုံးဆီတစ်ဂါလန် သယ်ပို့ခနှုန်းထားများအား အဆိုပြုတင်သွင်းနိုင်ပါသည်။

၂။ တင်ဒါစည်းကမ်းချက်များကို ၂၆-၂-၂၀၁၄ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ တင်ဒါအဆိုပြုလွှာများကို ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီတွင် ရေယာဉ်/ဆီတွဲပိုင်ရှင်ကိုယ်တိုင်တင်သွင်းရန်နှင့် ၂၆-၃-၂၀၁၄ရက် မွန်းတည့် ၁၂နာရီမှ မွန်းလွဲ ၁၂း၃၀နာရီအတွင်း တင်ဒါစည်းကမ်းနှင့်ကိုက်ညီသော အဆိုပြုလွှာများအား ဖွင့်ဖောက်၍ တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီမှ ရွေးချယ်သွားမည်ဖြစ်ပါသည်။

စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော်၊ဖုန်း-၀၆၇-၄၁၁၀၅၉၊ ၀၆၇-၄၁၁၀၉၃

ဈေးပြိုင်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ဝန်ဆောင်မှုပေးနေသောပြည်တွင်းဂြိုဟ်တုစနစ် Ku-Band MPT Satellite Terminal အတွက် လိုအပ်သော Ka-Ku Bandwidth 56 Mbps ကို လက်ရှိဝန်ဆောင်မှုအား ပြတ်တောက်မှုမရှိစေသော Solution ဖြင့် ဆောင်ရွက်နိုင်မည့် လုပ်ငန်းရှင်ကို နိုင်ငံခြားငွေဖြင့် ပေးချေငှားရမ်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံထုတ်ယူနိုင်သည့်ရက်** - ၂၄-၂-၂၀၁၄ရက်မှ ၂၇-၂-၂၀၁၄ရက် ရုံးချိန်များအတွင်း

တင်ဒါအဆိုပြုလွှာတင်သွင်းရက် - ၂၈-၂-၂၀၁၄ရက်

နေရာ - ရုံးချုပ်အခြေစိုက်ပြည်ပဆက်သွယ်ရေးစခန်း၊ ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်လမ်းဆုံ၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

၃။ ဈေးနှုန်းတင်ပြလွှာကို ဈေးနှုန်းစိစစ်ရန် ခေါ်ယူသောနေ့မှသာတစ်ပါတည်းယူဆောင်လာရန်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၁-၆၅၀၁၁၈၊၀၉-၄၅၀၀၀၀၁၄၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း



ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၂ယ/၁၈၉၅၆ Kenbo 100၊ MC ယာဉ်လက်ဝယ်ရှိသူ ဦးနေမင်းအောင် ၉/မနမ(နိုင်)၀၃၀၃၂၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့



တစ်ချက်တည်းကျင်းဝင်

တပ်မတော်ဂေါက်ကွင်း(မင်္ဂလာဒုံ)တွင် အရုဏ်ဦးဆောက်လုပ်ရေးကုမ္ပဏီလီမိတက် ဒါရိုက်တာဦးကျော်စိုးသည် ဂေါက်သီးရိုက် ကစားဖော်များဖြစ်ကြသော သူရဦးမြင့်အောင်၊ ဦးဦးဇွန်နှင့် ဦးဦးကျော်ဇံတို့နှင့်အတူ ၂၂-၂-၂၀၁၄ရက်(စနေနေ့) နံနက်ပိုင်းတွင် ဂေါက်သီးရိုက်ကစားကြရာ ဘောလုံးအမျိုးအစား(Srixon Soft Feel -No.3)အား သံတုတ်နံပါတ်(Honma Iron 9)ဖြင့် (၁၃၈)ကိုက်ကွာဝေးသော ကျင်းနံပါတ်(၂)သို့ ရိုက်လိုက်ရာ တစ်ချက်တည်း ကျင်းဝင်သွားခဲ့သည်။

ကျေးဇူးဆပ်ပါမည်

ကျွန်တော် မောင်အောင်ကျော်မိုး ၁၄/ကခန(နိုင်)၀၀၀၇၃၀ ပတ်စ်ပို့နံပါတ် A-072417 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၃၁၈၉၂၈၅

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

၂၀၁၄ တွင် ကုန်ခြောက်ဈေးနှုန်းအမြင့်ဆုံးဖြစ်နေ

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ဖေဖော်ဝါရီ ၂၄ ရက် ဘုရင့်နောင် ကုန်ဈေးနှုန်းများအရ ၂၀၁၂ မှ ၂၀၁၄ အတွင်း ကာလတူသုံးနှစ်အတွင်း ဖေဖော်ဝါရီ ၂၄ ရက် ဈေးနှုန်းများတွင် မတ်ပဲ၊ ကြက်သွန်နီ၊ ရှမ်းကြက်သွန်ဖြူ အာလူး၊ ထန်းလျက်၊ ငရုတ်၊ မန်ကျည်းဈေးနှုန်းများမှာ ဈေးနှုန်းအမြင့်ဆုံးဖြစ်နေကြောင်း ယခုကာလတွင် အဆိုပါကုန်စည်များ အသစ်ထွက်ပေါ်ခြင်း၊ ထွက်ပေါ်ရန် အချိန်နီးကပ်နေခြင်းတို့ကြောင့် စိုက်ပျိုးထုတ်လုပ်သူများ ဈေးနှုန်းကောင်းများရရှိပြီး ဝင်ငွေပိုလာမည်ဟု ကုန်သည်များက ဆိုသည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် မတ်ပဲ RC တစ်တန် ကျပ်၅၉၂၀၀၀ နှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၂၀၀ မှ ၄၂၅ အတွင်း၊ မြစ်သားကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၅၅၀ မှ ၇၂၅ အတွင်း၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၁၁၀၀ မှ၂၁၀၀ အတွင်း၊ ဆင်ဖြူကျွန်းအာလူးတစ်ပိဿာ ငွေကျပ် ၂၀၀ မှ ၆၄၀ အတွင်း၊ ညောင်ဦးဆေးခတ်ထန်းလျက် တစ်ပိဿာ ငွေကျပ်၁၀၂၀၊ ပခုက္ကူထန်းလျက်ကြမ်းတစ်ပိဿာ ငွေကျပ် ၁၀၅၀ နှုန်း၊ မိုးထောင်ပျော်ဘွယ် ငရုတ်တစ်ပိဿာ ငွေကျပ် ၂၇၀၀-၂၈၀၀ နှုန်း၊ ဒါးဇင်း မန်ကျည်းအသစ်တစ်ပိဿာ ငွေကျပ် ၆၂၅ နှုန်းရှိကြောင်း သိရသည်။

၂၀၁၃ ဖေဖော်ဝါရီ ၂၅ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၆၇၀၀ နှုန်း၊ အာလူး တစ်ပိဿာ ငွေကျပ် ၂၈၀ မှ ၅၈၀ အတွင်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၅၀ မှ ၃၇၅၊ မြစ်သားကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၅၀၀ မှ ၅၂၅၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၄၀၀ မှ ၁၂၀၀၊ ညောင်ဦးဆေးခတ်ထန်းလျက်တစ်ပိဿာ ငွေကျပ် ၁၀၀၀၊ ပခုက္ကူထန်းကြမ်းတစ်ပိဿာ ၇၆၀၊ မိုးထောင်ငရုတ်တစ်ပိဿာ ငွေကျပ် ၁၈၀၀-၁၉၀၀ နှုန်း၊ မန်ကျည်း ဒါးဇင်းအသစ်တစ်ပိဿာငွေကျပ် ၃၅၀နှုန်းရှိခဲ့သည်ဟု ဈေးနှုန်းအဟောင်းအရ သိရသည်။

၂၀၁၂ ဖေဖော်ဝါရီ ၂၄ ရက်တွင် မတ်ပဲ RC တစ်တန် ငွေကျပ် ၄၄၂၀၀၀ နှုန်း၊ ဆိပ်ဖြူကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၂၀၀ မှ ၄၅၀၊ မြစ်သားကြက်သွန်နီ တစ်ပိဿာ ငွေကျပ် ၃၂၅ မှ ၇၀၀ အတွင်း၊ ရှမ်းကြက်သွန်ဖြူတစ်ပိဿာ ငွေကျပ် ၆၅၀ မှ ၁၃၅၀ အတွင်း၊ အာလူး တစ်ပိဿာ ငွေကျပ် ၂၄၀ မှ ၅၆၀ အတွင်း၊ ညောင်ဦးဆေးခတ်ထန်းလျက်တစ်ပိဿာ ငွေကျပ် ၅၇၀၊ ပခုက္ကူထန်းကြမ်းတစ်ပိဿာ ငွေကျပ် ၅၇၀၊ မိုးထောင် ငရုတ်တစ်ပိဿာ ငွေကျပ် ၂၅၀၀-၂၈၀၀၊ ဒါးဇင်းမန်ကျည်းအသစ်တစ်ပိဿာ ငွေကျပ် ၅၀၀ နှုန်းသာရှိကြောင်း သိရသည်။

အဆိုပါ ကုန်စည်ဈေးနှုန်းများ အမြင့်ဆုံးဖြစ်နေချိန် ဖေဖော်ဝါရီ နောက်ဆုံးပတ်ဖြစ်သော ဖေဖော်ဝါရီ ၂၄ ရက်တွင် စားအုန်းဆီပြည်ပနှင့် ပြည်တွင်းဈေးနှုန်းများ ဆက်လက်မြင့်တက်နေရာ ယင်းနေ့တွင် မလေးရှား FOB တစ်တန် ၉၀၅ ဒေါ်လာ၊ ပြည်တွင်းငွေလဲနှုန်း ၉၈၅ ကျပ်ဖြင့် ဆိပ်ကမ်းရောက်တစ်ပိဿာ အရင်းဈေး ငွေကျပ် ၁၆၆၇ ရှိပြီး ရန်ကုန်ဆီဈေးကွက်တွင် လက်ငင်းလက်ကား တစ်ပိဿာ ငွေကျပ် ၁၆၆၀ ဖြင့် ရောင်းချနေကြောင်း၊ ဖေဖော်ဝါရီ ၁၇ ရက်တွင် FOB တစ်တန် ၈၆၅ ဒေါ်လာ၊ တစ်ပိဿာအရင်းဈေးနှုန်း ငွေကျပ် ၁၅၉၇ နှုန်းရှိပြီး ရန်ကုန်ဈေးကွက် ရောင်းဈေးမှာ တစ်ပိဿာ လက်ကားဈေးနှုန်း ငွေကျပ် ၁၅၈၅ နှုန်းရှိခဲ့၍ တစ်ပတ်အတွင်း ပြည်ပဈေး FOB ဈေးနှုန်းတစ်တန်လျှင် ၄၀ ဈေးတက်ပြီး ပြည်တွင်းရောင်းဈေးတစ်ပိဿာ ၇၅ ကျပ်ဈေးနှုန်း မြင့်တက်လာသည်ဟု ဆီရောင်းဝယ်သူများကဆိုသည်။ **ခင်ဆိုင်**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၅-၂-၂၀၁၄

ရွှေဈေး (အောင်သမာဓိရွှေဆိုင်)

ရန်ကုန်ရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၆၅၀၀
ရန်ကုန်ရွှေဈေး ၁၅ ပဲရည် တစ်ကျပ်သား	၆၄၅၅၀၀
မန္တလေးရွှေဈေး ၁၆ ပဲရည် တစ်ကျပ်သား	၆၈၅၅၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၈၀-၉၈၇	ကျပ်
ဥရောပ	တစ်ယူရို	၁၃၃၂-၁၃၄၀	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၇၃-၇၈၀	ကျပ်
ထိုင်း	တစ်ဘတ်	၃၀.၂-၃၀.၂၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၅.၂-၁၅.၇၉	ကျပ်
တရုတ်	တစ်ယွမ်	၁၅၇-၁၆၀	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၂၉၈-၃၀၃	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၉၄၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၉၂၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၀၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၅၀ ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၁၀၀-၃၅၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၂၀၀-၆၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၆၀၀၀-၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၉၀၀၀-၂၂၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၇၀၀၀-၁၂၀၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၅၀၀၀-၁၀၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၅၀၀၀-၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၄၅၀၀-၈၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။ မိုးဆန်(ဇီယာအသစ်)	တစ်အိတ်	၁၆၀၀၀
၂။ ပေါ်ကျွဲ(အသစ်)	တစ်အိတ်	၁၆၂၀၀
၃။ ပေါ်ဆန်း (အသစ်)	တစ်အိတ်	၂၂၀၀၀-၂၅၅၀၀
၄။ မြေပဲဆီ	တစ်ပိဿာ	၃၁၀၀
၅။ စားအုန်းဆီ	တစ်ပိဿာ	၁၆၇၅
၆။ ဆိပ်ဖြူကြက်သွန်နီ (အသစ်)	တစ်ပိဿာ	၂၀၀-၄၂၅
၇။ ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၀၀-၂၀၀၀
၈။ ကြက်သွန်ဖြူ (ကြူကုတ်)	တစ်ပိဿာ	၁၁၇၀
၉။ အာလူး(ဆင်ဖြူကျွန်း)	တစ်ပိဿာ	၂၀၀-၆၄၀
၁၀။ ငရုတ်ရှည် (ပျော်ဘွယ်မိုး)	တစ်ပိဿာ	၂၆၀၀-၂၇၀၀
၁၁။ ငရုတ်ပွ (ဆင်ဖြူကျွန်း)	တစ်ပိဿာ	၄၅၀၀-၄၉၀၀
၁၂။ သကြား	တစ်ပိဿာ	၈၅၀-၈၉၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲ ရှိနိုင်ပါသည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

မြန်မာ့အလင်းသတင်းစာတိုက်၏ တာချီလိတ်မြို့နယ် သတင်းထောက် ဦးအောင်ဖြိုးရှိန်ကို သတင်းမီဒီယာလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သတ္တုလုပ်ငန်းရှင်များ အသင်းက ငွေကျပ်၂၅၀၀၀၀ တန်ဖိုးရှိ Nikon Camera Lens 55-300 တစ်လုံးကို ဖေဖော်ဝါရီ ၂၄ ရက်၌ အသင်းရုံးတွင် ဥက္ကဋ္ဌဦးမြင့်ဦးနှင့် အတွင်းရေးမှူး ဦးတင်နွယ်တို့က ပေးအပ်လှူဒါန်းစဉ်။
မောင်ယဉ်ကျေး

ရှမ်းမိသားစုတွေ့ဆုံပွဲကျင်းပ

မိုးရှာ ဖေဖော်ဝါရီ ၂၅

စစ်ကိုင်းတိုင်းဒေသကြီး မိုးရှာမြို့ လိုက်ဟောက်အစည်းအဝေးခန်းမ၌ ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၃ နာရီက မိုးရှာမြို့ပေါ်ရှိ ရှမ်းတိုင်းရင်းသားမိသားစုများ တွေ့ဆုံပွဲအခမ်းအနားကျင်းပသည်။ ၎င်းအခမ်းအနားကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ရှမ်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းရွှေတက်ရောက်ကာ ၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာကိစ္စရပ်များနှင့် မိမိတို့၏ ရှမ်းနီလူမျိုးအမည်အမှန် ဖော်ပြရေးအတွက် ရှင်းလင်းဆွေးနွေးသည်။ ရှမ်းတိုင်းရင်းသားများနှင့် အထက်ချင်းတွင်း ဥရုဒေသလူမှုကူညီရေးအသင်း နာယက ဦးဝင်းနိုင်၊ အသင်းဒုဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က အသင်း၏ငွေစာရင်းနှင့် ရှေ့လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြပြီး အခမ်းအနားတက်ရောက်လာကြသူများက လိုအပ်သည်များကို တင်ပြကြသည်။ တင်ပြချက်များအပေါ် ဝန်ကြီးက ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ **စိုင်းစိုင်း(ဟုမ္မလင်း)**

ပျောက်ဆုံးကြောင်း

Mingalardon Cargo Services Co., Ltd. ၏ MIC ခွင့်ပြုမိန့်အမှတ် မနသ-၇၆၅/၂၀၁၀ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၁-၅၃၃၁၈၄၊ ၀၁-၅၃၃၁၈၅

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ AKYOUNG FU Co., LTD.၏ သွင်းကုန်လိုင်စင်အမှတ် MQIL 1 13-14 5595 13-11-2013 နှင့် သွင်းကုန်ကြေညာလွှာအမှတ် A 47505 မူရင်းများ နေပြည်တော်တွင် ခရီးသွားလာရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၅၁၄၂၂၄၀

လူပျောက်ကြော်ငြာ

အထက်ပါဓာတ်ပုံရှင် ဦးဖိုန အသက် (၈၄)နှစ် အရပ် ၅ပေ၅လက်မ၊ ဆံပင်ဖြူကတုံးကေ၊ မျက်ခုံးသေး၊ နားရွက်ကြီးသည် ၂၃-၂-၂၀၁၄ ရက်တွင် နေအိမ်အပြင်သွားရာမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်ပေးပါရန်။
ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။
ဒေါ်အမာမြင့်
ဖုန်း-၀၉-၂၅၀၄၁၅၁၄၉၊ ၀၉-၂၅၀၃၆၂၀၁၉၊ ၀၉-၃၁၂၆၇၈၁၅၊ ၀၉-၃၁၂၆၂၉၆၇

အလှူတော်မင်္ဂလာဖိတ်ကြားလွှာ

မင်္ဂလာတိုက်(မှော်ဘီ) ဦးစီးပဓာန နာယကဆရာတော် ဥူးသုမင်္ဂလ (ဒယ်အိုးဆရာတော်)အား ဦးထိပ်ထား၍ ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ အမှတ် (သ/အ)၊ မဟာမြိုင်လမ်းနေ(ဦးအောင်ဖြူဝင်း)-ဒေါ်ခင်သန်းနွဲ့(ပိုင်-ဆောက်လုပ်ရေး)မိသားစုတို့မှ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာ၊ ဘန့်ဘွေးကုန်း (အ·မ·က)ကျောင်းရှိ ကျောင်းသား (၁၀၀)နှင့် ကျောင်းသူ (၁၀၀)တို့အား စုပေါင်းရှင်ပြု၊ နားသ အလှူတော်မင်္ဂလာကို ၁-၃-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၁း၀၀နာရီတွင် ရှင်လောင်းလှည့်၍ ၂-၃-၂၀၁၄ ရက် (တနင်္ဂနွေနေ့) နံနက် ၈း၃၀နာရီတွင် ရေစက်ချတရားတော် နာယူမည်ဖြစ်ပါ၍ ကြွရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

စုပေါင်းရှင်ပြု၊ နားသအလှူတော် မင်္ဂလာအောင်ပွဲ ဓမ္မပူဇာအထူးတရားပွဲ ဖိတ်ကြားလွှာ

၂-၃-၂၀၁၄ရက် (တနင်္ဂနွေနေ့)တွင် ဘဒ္ဒန္တကုန္တက(တွံတေး)၊ ၃-၃-၂၀၁၄ရက် (တနင်္လာနေ့)တွင် ဘဒ္ဒန္တပညာဒီပ (ဆင်ဖြူကျွန်း)၊ ၄-၃-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ဘဒ္ဒန္တကုန္ဒသာ၊ ၅-၃-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့)တွင် ဘဒ္ဒန္တ နန္ဒောဘာသာဘိဝံသ(ကျိုက်ထိုဆရာတော်)၊ ၆-၃-၂၀၁၄ ရက် (ကြာသပတေးနေ့)တွင် ဘဒ္ဒန္တရေဝတ (ကြာနီကန်)၊ ၇-၃-၂၀၁၄ ရက် (သောကြာနေ့)တွင် ဘဒ္ဒန္တကဝိသာရ(မော်ကျွန်း)၊ ၈-၃-၂၀၁၄ ရက် (စနေနေ့)တွင် ဘဒ္ဒန္တကောသလ္လ (ဘီလူးကျွန်း)၊ ၉-၃-၂၀၁၄ ရက်နှင့် ၁၀-၃-၂၀၁၄ ရက်တို့တွင် ဘဒ္ဒန္တသုမင်္ဂလ (ဒယ်အိုးဆရာတော်) တို့မှ ညစဉ် ၇း၃၀နာရီတွင် မင်္ဂလာတိုက်(မှော်ဘီ) ဘန့်ဘွေးကုန်းကျေးရွာအုပ်စု၊ ဘုရားလမ်းကျေးရွာတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ တရားနာ ဖိတ်ကြားအပ်ပါသည်။

(၃၉)နှစ်မြောက် မင်္ဂလာဆုတောင်းလွှာ

ချစ်ဖေကြီး **ဦးကျင်အောင်** နှင့် ချစ်မေမေ **ဒေါ်ရွှေကြည်** (သံနှင့်သံနန်းဆွဲ)တို့၏ ၂၆-၂-၂၀၁၄ ရက်တွင် ကျရောက်သော (၃၉)နှစ်မြောက် မင်္ဂလာရက်မြတ်မှာသည် ရွှေရတု၊ စိန်ရတုထိတိုင်အောင် ဘာသာ၊ သာသနာ အကျိုးပြုရင်း မိတ်ဆွေဆွေမျိုး ညီအစ်ကိုမောင်နှမ မိသားစုနှင့်အတူ ကျန်းမာချမ်းသာ ပျော်ရွှင်စွာနေရပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

သားသမီးများ	-	ဗိုလ်မှူးဇော်မင်းအောင်-ဒေါ်လှဲ့ဝတ်ရည်
	-	ဦးငြိမ်းချမ်းအောင်-ဒေါ်ချိုနှင်းဆီဦး
	-	ဦးဖြူလေးအောင်-မခိုင်ဇာလင်း
	-	ဦးဝေယံထက်အောင်
မြေးများ	-	သားသု၊ ရွှန်းရွှန်း၊ ရွှန်းလဲ့၊ တုံတုံ၊ တိုးတိုး

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တောင်တွင်းကြီးမြို့ပေါ်တွင် ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီလှယ်ထည့်ရာမှ စက်သုံးဆီအရောင်းဆိုင် မီးလောင်

တောင်တွင်းကြီး ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့ပေါ်တွင် ပလတ်စတစ်ပုံးအတွင်း ဓာတ်ဆီလှယ်ထည့်ရာမှ စက်သုံးဆီအရောင်းဆိုင် မီးလောင်မှုတစ်ခု ဖေဖော်ဝါရီ ၂၄ ရက်က ညနေ ၃ နာရီ ၄၅ မိနစ်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ရွှေကြာအင်း (၂)ရပ်ကွက် ရေခဲစက်လမ်း အိမ်အမှတ် (၁၇၈)နေ ဒေါ်စိမ်းစိမ်းမြင့် (၄၈ နှစ်) နေထိုင်ပိုင်ဆိုင်သော "ဝါဝါဝင်း" စက်သုံးဆီအရောင်းဆိုင်တွင် လုပ်ကိုင်သော အလုပ်သမားဖြစ်သူ အုန်းတော(၁)ရပ်ကွက်နေ ကိုအောင်အောင်က နေအိမ်ရှိ ဓာတ်ဆီပီပါမှ တစ်ဆင့် ပလတ်စတစ်ပုံးအခွံအတွင်းသို့ ဂေါက်တံဖြင့် ဓာတ်ဆီဖြည့်ရာမှ မီးစတင် လောင်ကျွမ်းခဲ့ရခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

မီးလောင်မှုကြောင့် အုတ်ကာ၊ သွပ်မိုး နှစ်ထပ်အိမ်တစ်လုံးနှင့် အသုံးအဆောင်ပစ္စည်းများ မီးလောင်ကျွမ်းခဲ့ရပြီး လူနှင့်တိရစ္ဆာန်များ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း သိရသည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး သန်းငွေဟန်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဝင်းတင်၊ မီးသတ်ယာဉ် သုံးစီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့ပေါ်(၁၀)ရပ်ကွက်မှ မီးသတ်ယာဉ် ၁၀ စီးနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြသဖြင့် အခြားနေအိမ်များသို့ ကူးစက်လောင်ကျွမ်းခြင်းမရှိဘဲ ညနေ ၄ နာရီခွဲတွင် မီးညွှန့်ကျိုးခဲ့ပြီး ညနေ ၅ နာရီတွင် လုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရခြင်းနှင့်ပတ်သက်၍ နေအိမ်ပိုင်ရှင် ဒေါ်စိမ်းစိမ်းမြင့်ကို တောင်တွင်းကြီးရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဗိုလ်ပြည့်(တောင်တွင်းကြီး)

နံနက် စောစောမီး လူ ၅၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်

ရေစကြို ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့ အမှတ်(၁)နယ်မြေ ဇီးကျွန်းရပ်ရှိ မြစ်ကမ်းစပ်ရပ်ကွက်တွင် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၃ နာရီ ၄၅ မိနစ်က ရေလုပ်ငန်းလုပ်ကိုင်သူ ကိုသဲမောင်နေအိမ်မှစ၍ မီးလောင်ခဲ့ရာ အိမ် ၁၂ လုံး ပြာကျသွားခဲ့သည်။ ကိုသဲမောင်၏ဇနီး ဖယောင်းတိုင်ထွန်းပြီး ပြန်အိပ်ပျော်သွားရာမှ မီးစတင်လောင်ခဲ့သည်ဟုသိရသည်။ မီးလောင်ရာသို့ ရေစကြိုမြို့မ မီးသတ်ကားနှစ်စီး လာရောက်ငြိမ်းသတ်ပေးခဲ့သဖြင့် နာရီဝက်အတွင်း ငြိမ်းသွားခဲ့သည်။ ရပ်ကွက်အတွင်းက လမ်းများကျဉ်းနေသည့်အတွက် ကားမှာ ခြံစည်းရိုးများကို တွန်းဖယ်တိုးဝင်ပြီး ငြိမ်းခဲ့ရသည်ဟုလည်း မီးလောင်ရာတွင် ငြိမ်းသတ်ခဲ့သည့် အမှတ်(၂)ရပ်ကွက်အုပ်ချုပ်ရေးမှူးက ပြောသည်။

မီးလောင်ခဲ့သဖြင့် အိမ်ထောင်စု ၁၂ စု၊ လူဦးရေ ၅၄ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရသည်။ စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူ လေးဦးလည်းပါသည်။ မီးဘေးသင့်သူများအတွက် အမှတ်(၂)နယ်မြေဥက္ကဋ္ဌနှင့် ပြည်သူများက စားသောက်ဖွယ်ရာများ လှူဒါန်းနိုင်ရန် စီစဉ်ဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်ငွေ**

တာဝန်သိပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် တရားမဝင်ကျွန်းသစ်များ ဖမ်းဆီးရမိ

တိုက်ကြီး ဖေဖော်ဝါရီ ၂၅

ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၅ နာရီခွဲက မှော်ဘီမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွန်းနှင့် အဖွဲ့သည် တရားမဝင်ကျွန်းခွဲသားပရိဘောဂအပိုင်းအစများ တင်ဆောင်လာသည်ဟု သံသယရှိသော ယာဉ်အမှတ် 3G/--- မတ်တူးအဖြူရောင်ယာဉ်ကို တားဆီးစစ်ဆေးရာ စစ်ဆေးမှုမခံယူဘဲ တရားမဝင်သစ်ဖမ်းဆီးရေးယာဉ် ၉ခ/--- Nissan Thida ယာဉ်ကို ဝင်တိုက်၍ ရန်ကုန်-ပြည်လမ်း တိုက်ကြီးမြို့နယ်ဘက်သို့ ထွက်ပြေးမောင်းနှင်လာကြောင်း၊ မိမိတို့အဖွဲ့သည်လည်း ထက်ကြပ်မကွာ လိုက်လံဖမ်းဆီးနေကြောင်း၊ တိုက်ကြီးမြို့ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် ဖမ်းဆီးရေးအဖွဲ့ဝင်များသို့ ဖုန်းသတင်းပို့ချက်အရ ရန်ကုန်-ပြည်လမ်း တစ်လျှောက် တိုက်ကြီး Toll Plaza တွင် စောင့်ဆိုင်းနေစဉ် အဆိုပါ မတ်တူးယာဉ်သည် တိုက်ကြီး Toll Plaza နှင့် ဖောင်ကြီးလမ်းဆုံ စစ်ဆေးရေးအဖွဲ့၏ တားဆီးမှုကိုမခံယူဘဲ တိုက်ကြီး-ဖောင်ကြီး ကားလမ်းအတိုင်း လှည်းကူးဘက်သို့ မောင်းနှင်ထွက်ပြေးခဲ့သည်။

တိုက်ကြီး-ဖောင်ကြီးလမ်းသည် ကျဉ်းမြောင်းခြင်း၊ ကုန်ကားများ၊ ဆိုင်ကယ်များကြားမှခံနေသဖြင့် တိုက်ကြီးမြို့နယ် ဖမ်းဆီးရေးအဖွဲ့များသည် ညနေ ၆ နာရီက အဆိုပါမတ်တူးယာဉ်ကို မျက်ခြည်ပြတ်သွားခဲ့သည်။

ည ၈ နာရီခွဲတွင် တိုက်ကြီးမြို့နှင့် နှင်းဆီမြိုင်ကျေးရွာ ဆယ်အိမ်မှူး ဦးမျိုးနိုင်ခေါင်းဆောင်သော အဖွဲ့များက ကျေးရွာနယ်မြေအတွင်းရှိ ဦးအလီပိုင်သော စိုက်ပျိုးရေးခြံအတွင်းယာဉ်အမှတ် 3G/--အဖြူရောင်ယာဉ်တစ်စီး တဲအနီးတွင် ရပ်တန့်ပြီး ယာဉ်ပေါ်ပါ လူတစ်ဦး ထွက်ပြေးသွားကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးထံ လာရောက်စစ်ဆေးပေးပါရန် အကြောင်းကြားသဖြင့် ဦးစီးအရာရှိ ဦးသိန်းနိုင်ကြွယ်နှင့် သစ်တောဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့တို့ ပူးပေါင်းသွားရောက်စစ်ဆေးရာ ယာဉ်ပေါ်မှ တရားမဝင် ကျွန်းခွဲသားပရိဘောဂအပိုင်းအစများ ၄၀၆ ချောင်း၊ ၀ ဒသမ ၄၃၁၈ တန်ကို ဖမ်းဆီးရမိ၍ အဆိုပါ 3G/--- ယာဉ်နှင့်အတူ ယာဉ်ပိုင်ရှင်ကို စုံစမ်းဖော်ထုတ်၍ သစ်တောဥပဒေအရ အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

ထွန်းလှိုင်(မြိုင်)

MTSH Myanmar Thilawa SEZ Holdings Public Limited

11th Floor, UMFCCI Office Tower, No. 29, Min Ye Kyaw Swar Street, Lanmadaw Tsp., Yangon, Myanmar. Tel: +95-1-2301772, 2301773

အစုရှယ်ယာများစတင်ရောင်းချမည့် ရက်သတ်မှတ်ကြေညာခြင်း

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက် (Myanmar Thilawa SEZ Holdings Public Limited) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၏ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်အမှတ်- ၄၈၄/ ၂၀၁၃-၂၀၁၄ (၃-၅-၂၀၁၃)ဖြင့် အများနှင့်သက်ဆိုင်သောကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ခွင့်ပြုခဲ့ပြီးဖြစ်ပါသည်။

မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်း ပတ်ဘလစ်လီမိတက်သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်တွင်တည်ရှိသည့် သီလဝါအထူးစီးပွားရေးဇုန်အား ရင်းနှီးတည်ထောင်မည့် မြန်မာ-ဂျပန်သီလဝါ ဖွံ့ဖြိုးတိုးတက်ရေး လီမိတက်နှင့် သီလဝါအထူးစီးပွားရေးဇုန် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ချက်ဖြင့်ဖွဲ့စည်းထားပြီး၊ ရင်းနှီးမြှုပ်နှံရန် စိတ်ပါဝင်စားသူ အများပြည်သူသို့ ၂၀၁၄ ခုနှစ်၊ မတ်လ (၃)ရက် နေ့မှစတင်၍ အစုရှယ်ယာများရောင်းချမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အစုရှယ်ယာတစ်စုလျှင် ငွေကျပ် ၁၀,၀၀၀/- (ကျပ်တစ်သောင်းတိတိ) ဖြင့် အများပြည်သူသို့ အစုရှယ်ယာပေါင်း (၂,၁၄၅,၀၀၀)ရောင်းချမည် ဖြစ်ရာ အစုရှယ်ယာအနည်းစုသာ ဝယ်ယူနိုင်သူများအား ဦးစားပေးခွဲဝေရောင်းချမည် ဖြစ်ပါသည်။ ကုမ္ပဏီ၏လုပ်ငန်းအလားအလာညွှန်းတမ်း (Prospectus) ကို လေ့လာနိုင်ရန်နှင့် အစုရှယ်ယာဝယ်ယူရန် လျှောက်လွှာပုံစံများကို မြန်မာသီလဝါ အက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ် လီမိတက်ရုံး၊ ကုန်သည်စက်မှု အသင်းချုပ်ရုံး၊ သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီ ယာယီဖွင့်လှစ်ထားသည့် သန်လျင်ကျောက်တန်းလမ်းနှင့် ဒဂုံသီလဝါလမ်းထောင့်ရှိ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနမြေယာရုံးခွဲ(၂)တွင်လည်းကောင်း၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့ကြီးများ အပါအဝင်ပြည်နယ်နှင့် တိုင်းအသီးသီးရှိ ရိုးမဘဏ်၊ CB ဘဏ်၊ ရေဝတီဘဏ်၊ မြန်မာ့ရှေ့ဆောင်ဘဏ် နှင့် ကမ္ဘောဇဘဏ်တို့၏ ဘဏ်ခွဲများတွင်လည်းကောင်း အများပြည်သူ လွယ်လင့်တကူရရှိနိုင်ရန် ထားရှိသွားမည် ဖြစ်ပါကြောင်းကြေညာအပ်ပါသည်။

ဒါရိုက်တာအဖွဲ့
မြန်မာသီလဝါအက်စ်အီးဇက်ဟိုးလ်ဒင်းပတ်ဘလစ်လီမိတက်

နိုင်ငံတကာအားကစား

အားသွန်ခွန်စိုက်ယှဉ်ပြိုင်ရဦးမယ့် စပါး၊ နာပိုလီတို့ရဲ့ ယူရိုပါလိဂ်ပွဲစဉ်

ယူရိုပါလိဂ်(၃၂)သင်းအဆင့် ဒုတိယအကျော့ လက်ကျန်ပွဲစဉ်တွေကို ဖေဖော်ဝါရီ ၂၈ ရက်မှာ ဆက်လက်ကစားမှာဖြစ်လို့ နာမည်ကြီးအသင်းတွေဖြစ်တဲ့ စပါး၊ လာဇီယို၊ ဘင်ဖီကာနဲ့နာပိုလီတို့ နောက်တစ်ဆင့်တက်နိုင်ပါ့မလားဆိုတာ တွေးပူစရာဖြစ်နေပါတယ်။ ဒါပေမယ့် ဒီအသင်းတွေထဲမှာ စပါးတို့က ချွေးစီးချွေးပေါက်ကျအောင် အားထုတ်ရမယ့်ကိန်းဆိုက်နေတာတော့ အမှန်ပါပဲ။

မိုးမြင့်လင်းလက်

စပါးနှင့် ဒီနီပရို

ပထမအကျော့မှာ တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပွဲကြုံထားတဲ့စပါးဟာ အခုပွဲအိမ်ကွင်းမှာ ဘယ်လောက်အထိ ရလဒ်ပြတ်သားအောင် စွမ်းဆောင်နိုင်မလဲ ကြည့်ရမှာပါ။ ယူကရိန်းကလပ် ဒီနီပရိုအသင်းဟာ အိမ်ကွင်းရော အဝေးကွင်းတွေမှာပါခြေစွမ်းပြနိုင်တာမို့ စပါးတို့ သတိထားရမှာဖြစ်ပါတယ်။ ဒီနီပရိုအသင်းဟာ ဒီနှစ်ယူကရိန်းလိဂ်မှာ အဝေးကွင်းရှစ်ပွဲကစားခဲ့ရာမှာ တစ်ပွဲသာ ရှုံးထားတာမို့ စပါးတို့အတွက် စိုးရိမ်စရာကောင်းနေပါတယ်။ ဒါပေမယ့် ပထမအကျော့မှာ ပွဲပြီးခါနီး ပယ်နယ်တီကြောင့် ရှုံးခဲ့တာမို့ ဒီပွဲမှာတော့ စပါးရဲ့ ခြေစွမ်းအမှန် စိတ်ဓာတ်အမှန်ကို မြင်တွေ့ရမှာဖြစ်ပြီး တိုက်စစ်အားကောင်းမွန်တဲ့ စပါးကို နှစ်သက်တာအမှန်ပါပဲ။

နာပိုလီနှင့် ဆွမ်ဆီး

ဆွမ်ဆီးကွင်းမှာ ပထမအကျော့ကစားခဲ့စဉ်က ဂိုးမရှိသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲစဉ်ကတော့ အဆုံးအဖြတ်ပါပဲ။ ဆွမ်ဆီးမှာ လနဲ့ချီနားနေတဲ့ တိုက်စစ်မှူးမီချူး ပြန်လည်ကစားနိုင်ရင်တော့ ဆွမ်ဆီးအတွက် အားတက်စရာပါပဲ။ နာပိုလီနည်းပြ ဘင်နီတက်ဇ်ဟာ ဆွမ်ဆီးအသင်းရဲ့ ခြေစွမ်းအနေအထားကို ကောင်းကောင်း အကဲခတ်နိုင်သူဖြစ်တာမို့ အခုပွဲအိမ်ကွင်းမှာ ဘယ်လိုပုံစံမျိုး ကစားရမလဲဆိုတဲ့အချက်ကို ကောင်းကောင်းပုံဖော်နိုင်ပါလိမ့်မယ်။ စီးရီးအေကလပ် နာပိုလီဟာ ဒီနှစ်မှာ အိမ်ကွင်းစွမ်းရည် ကောင်းတာမို့ အခုပွဲရလဒ်ဟာ နာပိုလီအပေါ်မှာ မူတည်မှာဖြစ်ပါတယ်။

ဗလင်စီယာနှင့် ဒိုင်နမိုကိဗ်

ဗလင်စီယာတို့ပထမအကျော့မှာ နှစ်ဂိုးပြတ်နဲ့ အနိုင်ယူထားတာမို့ အခုပွဲအိမ်ကွင်းမှာ ကစားရတာကြောင့် ယူကရိန်းကလပ် ဒိုင်နမိုကိဗ်တို့ မလွယ်ပါဘူး။ ယူကရိန်းလိဂ်မှာတော့ ခြေစွာတဲ့ ဒိုင်နမိုကိဗ်ဟာ အခုပွဲမှာလည်း ဗလင်စီယာကို ကျော်ဖြတ်နိုင်ဖို့ဆိုတာ ခဲယဉ်းတဲ့ကိစ္စပါပဲ။ ဗလင်စီယာနည်းပြ ပစ်ဇီဟာ ဒီပွဲကို သေသေချာချာပြင်ဆင်ကစားပြီး နိုင်ပွဲရယူနိုင်ရေး အားထုတ်ပါလိမ့်မယ်။

ဘင်ဖီကာနှင့် ဆလိုနီကာ

အိမ်ရှင်ဖြစ်တဲ့ ဘင်ဖီကာဟာ ပထမအကျော့အဝေးကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရယူထားပါတယ်။ ပေါ်တူဂီကလပ် ဘင်ဖီကာဟာ ပေါ်တူဂီလိဂ်မှာ ဒီနှစ်ထိပ်ဆုံးနေရာမှာ ရပ်တည်နေပြီး အဝေးကွင်း၊ အိမ်ကွင်းကိုးပွဲ ကစားပြီးချိန်မှာ ရှုံးပွဲလုံးဝမရှိသေးပါဘူး။ ဂရိကလပ်ဖြစ်တဲ့ ဆလိုနီကာတို့ကလည်း ဒီနှစ်ဘောလုံးရာသီ ဂရိလိဂ်မှာ တန်းစီဇယားဒုတိယနေရာမှာ ရပ်တည်နိုင်အောင် ခြေစွမ်းပြနိုင်ပေမယ့် တိုက်စစ်ရောခံစစ်မှာပါ အကောင်းဆုံးခြေစွမ်းရရှိနေတဲ့ ဘင်ဖီကာရဲ့ အသင်းလိုက်ကစားအားကိုပဲ နှစ်သက်မိတာ အမှန်ပါပဲ။

ချန်ပီယံလိဂ်ပွဲစဉ် နှင့် ဂိုးရလဒ်များ

သီဟ

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပွဲစဉ်များ **ဖေဖော်ဝါရီ ၂၇**

ဂလာတာစာရေး	-	ချယ်လ်ဆီး	နံနက် ၂း၁၅
ရှော်လ်ကေး	-	ရီးရဲမက်ဒရစ်	နံနက် ၂း၁၅

ဂလာတာစာရေး Vs ချယ်လ်ဆီး

ချန်ပီယံလိဂ် ၁၆သင်းအဆင့် ပထမအကျော့တွင် တူရကီမြေမှာ ဧည့်ခံကစားရမှာဖြစ်ပြီး ဂလာတာစာရေးက စပါတိုတိုစူပါလိဂ်တွင် အဆင့်နှစ်နေရာမှာရပ်တည်နေပြီး စပါတိုတိုလိဂ် အိမ်ကွင်း နောက်ဆုံးငါးပွဲစလုံးအနိုင်ရထားပါတယ်။ ဧည့်သည်ချယ်လ်ဆီးမှာ ပရီမီယာလိဂ်တွင် ဇယားထိပ်ဆုံး၌ ရှိနေပြီး နောက်ဆုံးအဝေးကွင်း ငါးပွဲမှာ သုံးပွဲနိုင်ပြီး နှစ်ပွဲသရေကျထားပါတယ်။ ၁၉၉၉ ချန်ပီယံလိဂ် အုပ်စုပွဲတုန်းက သူတို့နှစ်သင်းတွေ့ဆုံမှုမှာ ချယ်လ်ဆီးက နှစ်ကျော့စလုံးအနိုင်ကစားထားနိုင်ပါတယ်။ ဒီပွဲမှာ ဆရာတပည့် ထိပ်တိုက်တွေ့ဆုံတဲ့ပွဲဖြစ်ပြီး ဒရော့ဘာဟာ မော်ရင်ညိုရဲ့ ဗျူဟာတွေနဲ့ ရင်းနှီးခဲ့ပြီးသားပါ။ ချယ်လ်ဆီးဟာ လက်ရှိခြေစွမ်းတည်ငြိမ်သော်လည်း အဝေးကွင်း အနိုင်ရဖို့ခက်ခဲမှာပါ။ အိမ်ကွင်းမာကျောတဲ့ ဂလာတာစာရေးဟာ ပြည်တွင်းလိဂ်မှာ ခြေစွမ်းပြနေပြီး ချယ်လ်ဆီးကစားကွက်က ပိုတည်ငြိမ်ပေမယ့် ချန်ပီယံလိဂ်မှာ အိမ်ကွင်း အားသာချက်ကို ထည့်တွက်ရမှာဖြစ်လို့ သရေလောက်မျှော်မှန်းပြီး အိမ်ရှင်ကို အားပေးလိုက်ပါတယ်။

ဖေဖော်ဝါရီ ၂၅ ရက် ဂိုးရလဒ်များ

ပါးမား	၂-၂	ဖီအိုရင်တီးနား
နာပိုလီ	၁-၁	ဂျီနိုအာ
အက်စ်ပန်ညို	၁-၂	ဗီလာရီးရဲလ်
ရှက်ဖီးဝမ်းနက်စ်ဒေး	၁-၂	ချာလ်တန်
ဟားလ်စီးတီး	၂-၁	ဘရိုက်တန်

ချာလ်တန်နှင့်ဟားလ်စီးတီး ကွာတားတက်

အက်ဖ်အေဖလားပြိုင်ပွဲတွင် ဟားလ်စီးတီးက ဘရိုက်တန်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ကွာတားဖိုင်နယ် တက်လာသည်။ အိမ်ရှင် ဟားလ်စီးတီးအတွက် အဖွင့်ဂိုးကို ဒါးဗီးစ်က သွင်းယူခဲ့သည်။ ဒုတိယမြောက်ဂိုးကို ရောဘတ်ကိုရင်က သွင်းယူခဲ့သည်။ ဘရိုက်တန်အသင်းမှ လူးဝစ်ဒန့် ကန်သွင်းသော ဘောလုံးပြန်ထွက်လာစဉ် လီယိုနာဒို အူလိုယာက သွင်းယူ၍ချေပခဲ့သည်။ ပရီမီယာလိဂ် နံပါတ် ၁၁ နေရာရောက်နေသော ဟားလ်စီးတီးအသင်းနှင့် ဆန်းဒါးလန်းနှင့် ကွာတားဖိုင်နယ်တွင် တွေ့မည်ဖြစ်သည်။ အခြားပွဲအဖြစ် ရှက်ဖီးနှင့်ချာလ်တန်တို့ ကစားရာ ချာလ်တန်က နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပြီး ကွာတားတက်ခဲ့သည်။

ကောင်းမြတ်သူ-စုစည်းသည်

နေမာအခွန်ရှောင်မှု ပေါင် ၁၁ သန်းကျော်ပေးရ

ဘာစီလိုနာက စပိန်အာဏာပိုင်များသို့ နေမာကိုစာချုပ်စဉ် အခွန်ရှောင်မှု စွပ်စွဲခံရပြီးနောက် ပေါင် ၁၁ ဒသမ ၂ သန်း (ယူရို ၁၃ ဒသမ ၅ သန်း) ပေးခဲ့ရသည်။ သို့သော်လည်း စပိန်ချန်ပီယံ ဘာစီလိုနာက ယင်းတို့ဘက်မှ မှားယွင်းမှု တစ်စုံတစ်ရာမရှိကြောင်း အခိုင်အမာပြောဆိုသည်။ ဘာစီလိုနာက ပြီးခဲ့သည့် နွေရာသီကာလအတွင်း အသက် ၂၂ နှစ်ရှိ ဆန်တို့စ် တိုက်စစ်မှူး နေမာအား ပေါင် ၄၈ ဒသမ ၆ သန်းဖြင့် ခေါ်ယူခဲ့သည်။

ကျေးဇူးတင်လွှာ

၁။ ၁၅-၂-၂၀၁၄ရက် နေပြည်တော်တွင်ပြုလုပ်ခဲ့သည့် စစ်တက္ကသိုလ်အပတ်စဉ် (၂၀) ဒုတိယအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျ တက်ရောက်ချီးမြှင့်ပေးကြပါသော ဆရာ၊ ဆရာမကြီး (၄၇)ဦးတို့အားလည်းကောင်း၊

၂။ ကန်တော့ပွဲအခမ်းအနားအတွက် မဏ္ဍိရတနာကျောက်စိမ်းခန်းမအား စီစဉ်ပေးပါသော သတ္တုတွင်းဝန်ကြီးဌာနနှင့် ဧည့်သည်တော်ဆရာ၊ ဆရာမကြီးများ တည်းခိုနေထိုင်ရေးအတွက် မေတ္တာဖြင့် ကူညီစီစဉ်ဆောင်ရွက်ပေးကြသော ရွှေနန်းတော်ဟိုတယ်၊ မြတ်တော်ဝင်ဟိုတယ်မိသားစုနှင့် ဟိုတယ်ဝန်ထမ်းများအားလည်းကောင်း၊

၃။ စစ်တက္ကသိုလ်အပတ်စဉ် (၂၀)မှ ကျဆုံး၊ ကွယ်လွန်သွားကြသည့် ကျောင်းဆင်းဖက်သူငယ်ချင်းများအတွက် ကောင်းမှုကုသိုလ်ပြုသည့် အလှူရေစက်ချအခမ်းအနား၌ ဦးဆောင်တရားပြ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသော ပျဉ်းမနား လယ်တီစံကျောင်း ဆရာတော် ဘဒ္ဒန္တက္ကန္ဒာဝုဓအားလည်းကောင်း၊

၄။ လှျပ်တစ်ပြက်ဂေါက်ရိုက်ပြိုင်ပွဲနှင့် မိသားစုမိတ်ဆုံညစာစားပွဲအတွက် အဘက်ဘက်မှ ကူညီဆောင်ရွက်ပေးခဲ့ကြသည့် နေပြည်တော်တိုင်းစစ်ဌာနချုပ်အားလည်းကောင်း၊

၅။ ဆရာ၊ ဆရာမကြီးများအား FEEL RESTAURANT ၌ ညစာ၊ နေ့လယ်စာတို့ဖြင့်လည်းကောင်း၊ မဏ္ဍိရတနာခန်းမတွင် လန်းဆန်းလက်ဖက်ရည်ပွဲဖြင့်လည်းကောင်း တာဝန်ယူ တည်ခင်းဧည့်ခံဒါနပြုခဲ့ကြသော ကျောင်းဆင်းဖက်သူငယ်ချင်းအရာရှိကြီး (၁၂) ဦးတို့အားလည်းကောင်း၊

၆။ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ထမြောက်အောင်မြင်ရေးအတွက် စီမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ဦးစီးနာယကအဖွဲ့နှင့် လုပ်ငန်းဆပ်ကော်မတီအားလုံးတို့အားလည်းကောင်း၊ အခမ်းအနားသို့ အနယ်နယ်အရပ်ရပ်မှ စိတ်ရင်းသဒ္ဓါထက်သန်စွာဖြင့် တက်ရောက်လာကြကုန်သော သူငယ်ချင်းကျောင်းဆင်းဖက်သူငယ်ချင်းများအားလုံးနှင့် ပါရမီဖြည့်ဘက် ဇနီးမယားသီများအားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း။

၇။ အခမ်းအနားသို့ ကိုယ်တိုင်ကိုယ်ကျတက်ရောက်နိုင်ခြင်းမရှိခဲ့ကြသည့် ဆရာဆရာမကြီး (၂၀)ဦးတို့အားလည်း ဦးစီးကော်မတီ၏ အစီအစဉ်ဖြင့် အိမ်တိုင်ရာရောက် ဆက်လက်ပူဇော်ကန်တော့သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

စစ်တက္ကသိုလ်အပတ်စဉ် (၂၀)

သစ်ချာ ဦးအောင်သောင်း
ဖုန်း — 09 5192923 01 246108

ကျိုက်ထီးရိုး (မန္တလေး)
ရွှေဂင်းသာ (မန္တလေး)

Y.E.S. Since 1994
International English Language Centre
Basic Spoken English
Mon to Thurs-7:30-9:30 am 3,24 Feb
Mon to Thurs-10:00-12:00am 10 Feb
Sat & Sun - 9:00-12:00am 15 Feb
Sat & Sun - 12:30-3:30pm 15 Feb
MontoThurs-3:00-5:00pm 17Feb,10Mar
Mon to Thurs-5:30-7:00pm 17 Feb
Pre-Intermediate English
Mon to Thurs-10:00-12:00am 17 Feb
Mon to Thurs-7:30-9:30am 17 Feb
Mon to Thurs-5:00-7:00pm 17 Feb
Sat & Sun - 12:30-3:30pm 31 Feb
Grammar Foundation Course
Mon to Thurs-7:30-9:30am 10 Feb
Mon to Thurs-1:00-2:30pm 10 Feb
Sat & Sun - 9:00-12:00am 15 Feb
Vocabulary Enrichment Course
MontoThurs - 3:00 - 5:00pm 17Feb
Structure & Written Expression
Mon to Thurs - 5:00 - 6:30pm 10 Feb
Sat & Sun - 9:00 - 12:00 am 15 Feb
Sat & Sun - 12:30 -3 :30pm 15 Feb
Sat & Sun - 1:00 - 3:00pm 17 Feb
Basic Writing Course
Mon to Thurs - 1:00 - 3:00pm 17 Feb
IELTS, SAT, AWC, API, TOEFL, IE
နွေရာသီကလေးများအတွက် အင်္ဂလိပ်စကားပြော သင်တန်းများ
No.190, 2nd Flr.,28th St.(Upper), Pabedan Tsp ☎ 243950

ဌာနဆိုင်ရာ

ပို့ဆောင်ဆက်သွယ်ရေးနှင့် ဆောက်လုပ်ရေးဆပ်ကော်မတီသို့ မေးမြန်းအကြံပြုချက် သက်ဆိုင်ရာဌာနများ၏ ဆောင်ရွက်ချက်များအား ထုတ်ပြန်ကြေညာ

ယမန်နေ့မှအဆက်

၁၃။ **ဖာပွန်-ကမမောင်းလမ်းသည် လမ်းအရည်အသွေးထိန်းသိမ်းမှု ရှိမရှိ မေးမြန်းချက်နှင့်ပတ်သက်၍** ကရင်ပြည်နယ်လမ်းများကို ထဲထဲဝင်ဝင်မလုပ်နိုင်သေးပါ။ ငြိမ်းချမ်းရေးဖော်ဆောင်ပြီးနောက် လုံခြုံစွာသွားလာနိုင်ရေး၊ ကွန်ရက်သဖွယ်ဖြစ်ရေးဆောင်ရွက်နေပါသည်။ လမ်းများချိတ်ဆက်ပြီး အဆင်ပြေပြေသွားလာနိုင်ရန်ဆောင်ရွက်ပါမည်။ ကရင်ပြည်နယ်သည် နိုင်ငံတကာ အကူအညီများပေးရန် စိတ်ဝင်စားသောဒေသဖြစ်ပါသည်။ မကြာမီအချိန်အတွင်းမှာ လမ်းကွန်ရက်များပိုမိုကောင်းမွန်လာစေရန် ဆောင်ရွက်နေပါသည်။ လမ်းအရည်အသွေးများကိုလည်း သာလွန်ကောင်းမွန်အောင် ဆောင်ရွက်နေပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် လမ်းပေါင်း ကီလိုမီတာ ၄၀၀၀၀ တာဝန်ယူဖောက်လုပ်နေပါသည်။ ထိုလမ်းများအနက်အချို့မှာ အန္တရာယ်ရှိသော ဒေသများမှာရှိပါသည်။ ထိုနေရာများတွင် ဆောက်လုပ်ရေးဝန်ထမ်းများသည် မြေမြှုပ်မိုင်းအန္တရာယ်နှင့်ရင်ဆိုင်နေရပြီး အချို့မှာအသက်ဆုံးရှုံးသည်အထိရှိပါသည်။ အချို့မှာ စိတ်ဓာတ်ကျပြီး အလုပ်ထွက်စာတင်သွားသည်များလည်း ရှိပါသည်။ ထိုအကြောင်းများကြောင့် အချို့နေရာများတွင် လုပ်ငန်းလုပ်ဆောင်သူများကို သတိပေးဆောင်ရွက်စေပါသည်။ မနှစ်က ဖြစ်စဉ်တွင် ဖေဖော်ဝါရီလမှ လုပ်ငန်းစတင်ဆောင်ရွက်ခဲ့ရပါသည်။ လုပ်ငန်းစ၍မကြာခင် မိုးရွာပါသည်။ လုပ်ငန်းကိုရပ်ထားသင့်သော်လည်း လုပ်ငန်းကိုဆက်လက်ဆောင်ရွက်ခဲ့ရပါသည်။ ဆက်လက်ဆောင်ရွက်ရာတွင် မိုးမိထားသောအပိုင်းမှာပျက်စီးခဲ့ပါသည်။ သို့ဖြစ်၍ ရုံးချုပ်မှစစ်ဆေးရာတွင် မသမာမှုကြောင့်ဖြစ်သည် ဟုတ်မဟုတ်စစ်ဆေးခဲ့ပါသည်။ သို့သော် ဤဖြစ်စဉ်တွင် ရာသီဥတုအခြေအနေ မလုပ်သင့်သော အချိန်တွင် ဇွတ်လုပ်ခဲ့သည့်အတွက် ပျက်စီးခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ တာဝန်ရှိသူများ ပြန်လည်ပြင်ဆင်ပေးပြီးဖြစ်ပါသည်။ နောက်နောင် ဤကဲ့သို့ဖြစ်စဉ်များ မဖြစ်စေရန် Quality Control Teams များ စေလွှတ်ဆောင်ရွက်လျက်ရှိပါသည်။ ပြည်သူများ အနေနဲ့နောက်နောင် အားလုံးပူးပေါင်းပေးပါ။ ပွင့်လင်းမြင်သာအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၄။ **ဖာပွန်မြို့တွင်းလမ်း ၃၄ ပေအကျယ်ချဲ့ရာတွင် အိမ်မြေများ မလွတ်ကင်းခြင်းရှိသည်ကို မည်သို့ဆောင်ရွက်ပေးရန် အစီအစဉ်ကို သိရှိလိုကြောင်း မေးမြန်းချက်နှင့်ပတ်သက်၍** ဖာပွန်- ကမမောင်းလမ်းနှင့် ဖာပွန်- ကော့လူဒိုး- စောထ-ထီးထ-ခဲဖြူ(ဖားဆောင်းလမ်း)ကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ပထမအဆင့်အနေဖြင့် ၁၂ ပေ အကျယ် ကတ္တရာလမ်းအဖြစ် တိုးမြှင့်ဆောင်ရွက်ပြီး ၃၄ ပေ အကျယ် မြေသားတာပေါင် ထပ်မံတိုးချဲ့ဆောင်ရွက်မည်ဖြစ်ပါသည်။ မြေသား တာပေါင် ၃၄ ပေချဲ့ရာတွင် မြို့တွင်း၌ လက်ရှိအခိုင်အမာ တည်ဆောက်ထားသော အဆောက်အအုံများနှင့်ပတ်သက်၍ ဒေသဆိုင်ရာ အာဏာပိုင်နှင့် အခြားဌာနဆိုင်ရာများဖြင့် ညှိနှိုင်း၍ ပြည်သူတို့၏ အိုးအိမ်များ ပျက်စီးခြင်းမရှိအောင် ရှောင်ဖယ်လုပ်ဆောင်သွားမည်ဖြစ်ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် လမ်းများကို သက်ဆိုင်ရာလမ်းနယ်နိမိတ်များ သတ်မှတ်ထားပါသည်။ လက်ရှိ ကမမောင်းမြို့တွင်းလမ်း လမ်းနယ်နိမိတ် အကျယ်ကို ပေ ၁၀၀ သတ်မှတ်ထားပြီး ကျန်လမ်းများကို ပေ ၁၅၀ သတ်မှတ်ထားပါသည်။ ထိုသို့လမ်းများချဲ့ထွင်ရာတွင် လမ်းနယ်နိမိတ်နှင့်မလွတ်ကင်း၍ မဖြစ်မနေဖယ်ရှားရန် လိုအပ်သော အိမ်ခြံမြေများနှင့်လယ်ယာမြေကွက်များ ဆုံးရှုံးရသောဒေသခံပြည်သူများအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်နှင့်မြို့နယ်ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီနှင့်ဒေသခံပြည်သူများကို တွေ့ဆုံဆက်စပ်ညှိနှိုင်း၍နစ်နာဆုံးရှုံးမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမည့်အကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၁၅။ **ဝါးဘိုးတော-ကမမောင်းလမ်းပေါ်ရှိ မီဇိုင်းတံတားနှင့် ချောင်းညီနောင်တံတား၊ ဖာပွန်-ကမမောင်းလမ်းပေါ်ရှိ ကညင်တုန်တံတားနှင့်ကူဆိပ်တံတားများကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တန် ၆၀ ခံနိုင်ဝန်ရှိသော သံကူကွန်ကရစ်တံတားများအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန်မေးမြန်းချက်နှင့် ပတ်သက်၍** ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် လက်ရှိဖာပွန်-ကမမောင်းလမ်းနှင့်ဝါးဘိုးတော-ကမမောင်းလမ်းကို နှစ်ပိုင်းခွဲလျက်ဆောင်ရွက်လျက်ရှိပါသည်။ ဖာပွန်-ကမမောင်းလမ်းမှာ အဓိကထားဆောင်ရွက်လျက်ရှိပါသည်။ ဖာပွန်-ကမမောင်းလမ်းပေါ် အရှည်ပေ ၃၃၀ ကူဆိပ်တံတားကို ၂၀၁၄- ၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း ကူဆိပ်တံတားကို အောက်ခြေထည်သံကူကွန်ကရစ်၊ အပေါ်ထည်ဘေလီသံပေါင်တံတား အဖြစ် တည်ဆောက်သွားပါမည်ဖြစ်ပါသည်။ နောင်နှစ်နှစ်အတွင်း ဘေလီများ ဖြုတ်သိမ်း၍သံပေါင် Girder,Plate Garder များအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကျန်တံတား သုံးစင်းအနက်တစ်စင်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ဖြည့်စွက်ရန်ပုံငွေဖြင့်ထပ်မံတည်ဆောက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၁၆။ **ကမမောင်းမြို့နယ်ခွဲအတွင်းရှိ မြို့တွင်းလမ်းများ ၁၂ ပေ အကျယ် ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်ပေးရန် မေးမြန်းချက်နှင့်ပတ်သက်၍** ကမမောင်းမြို့နယ်ခွဲအတွင်းရှိ မြို့တွင်းလမ်းများအနေဖြင့် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း စုစုပေါင်းအရှည် ၁ မိုင် ၆ ဖာလုံကို ရန်ပုံငွေကျပ်သန်း ၁၅၉၀၀ သုံးစွဲ၍ ၁၂ ပေအကျယ် ကတ္တရာလမ်းများအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။ ကျန်မြို့တွင်းလမ်းများကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် စည်ပင်သာယာရေးဦးစီးဌာနများနှင့်ဆက်စပ်ညှိနှိုင်း၍ ၁၂ ပေအကျယ် ကတ္တရာလမ်းများအဖြစ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၁၇။ **ဖာပွန်-ခေါပုတ်-ကျောက်ညှပ်လမ်းပေါ်ရှိ ဖာပွန်မြို့တွင်းရပ်ကွက်(၃) သစ်သားတံတားကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း တန် ၆၀ ခံနိုင်ဝန်ရှိသောသံကူကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်တည်ဆောက်ရန်မေးမြန်းချက်နှင့်ပတ်သက်၍** ဖာပွန်- ခေါပုတ်-ကျောက်ညှပ်လမ်းပေါ်ရှိ ဖာပွန်မြို့တွင်းရပ်ကွက်(၃) ပေ၄၀ အရှည်သစ်သားတံတားကို မိုးမကျမီ လမ်းပန်းဆက်သွယ်မှုပြတ်တောက် မသွားစေရန် ယာယီဘေလီတံတားတည်ဆောက်ထားမည်ဖြစ်ပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း တန် ၆၀ ခံနိုင်ဝန်ရှိသော သံကူကွန်ကရစ်တံတား တစ်စင်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

၁၈။ **ဖာပွန်-ကမမောင်းလမ်းနှင့် ဖာပွန်-ကော့လူဒိုး-စောထ-ထီးထလမ်းများကို မြေသားလမ်းတာပေါင်များတိုးချဲ့ပြီး ကတ္တရာလမ်းများတိုးချဲ့ ဆောင်ရွက်ခြင်းကြောင့် ဖာပွန်မြို့တွင်းရှိ ရှေးယခင်နှစ်ပေါင်းများစွာကပင် အခြေချနေထိုင်လာခဲ့သော ဒေသခံများ၏ နေအိမ်များနှင့်လယ်ယာမြေများကို လမ်းနယ်နိမိတ်လွတ်ကင်းသည်အထိ ရွှေ့ပြောင်းဖယ်ရှားပေးရန်ရှိပါသည်။ သို့ဖြစ်ပါ၍ ၎င်းဒေသခံ အိမ်ပိုင်ရှင်၊ ခြံပိုင်ရှင်နှင့် လယ်ယာမြေရှင်များအတွက် ဆုံးရှုံးနစ်နာမှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်မေးမြန်းချက်နှင့်ပတ်သက်၍** ဖာပွန်-ကမမောင်းလမ်းနှင့် ဖာပွန်-ကော့လူဒိုး-စောထ-ထီးထလမ်းများကို မြေသားလမ်းတာပေါင်များတိုးချဲ့ပြီး ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိပါသည်။ လမ်းနယ်နိမိတ်အကျယ် သတ်မှတ်ချက်မှာ ပေ ၁၀၀ ရှိပါသည်။ သို့ရာတွင် နယ်မြို့များ၌ လမ်းများအကျယ် တိုးချဲ့ရာတွင် အိမ်များနှင့်ငြိလျက်ရှိပါသည်။ ထို့ကြောင့် ဒေသဆိုင်ရာ အာဏာပိုင်၊ ကော်မတီ(၄)ရပ်နှင့် ညှိနှိုင်းဆက်လက်ဆောင်ရွက်သွားပါမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါသည်။

၁၉။ **ဖာပွန်-ကမမောင်းလမ်းပေါ်ရှိ သစ်သားတံတားများကို အမြဲတမ်းအသုံးပြုနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းမပြုနိုင်သေးမီ မိုးရာသီတွင် လမ်းပန်းဆက်သွယ်မှု ပြတ်တောက်မသွားစေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ပြန်လည်ပြုပြင်တည်ဆောက်ပေးနိုင်ပါရန် မေးမြန်းချက်နှင့်ပတ်သက်၍** ဖာပွန်-ကမမောင်းလမ်းပေါ်ရှိ သစ်သားတံတားများကို အမြဲတမ်းအသုံးပြုနိုင်သော သံကူကွန်ကရစ်တံတားများအဖြစ် တည်ဆောက်ခြင်းမပြုနိုင်သေးမီ မိုးရာသီတွင် လမ်းပန်းဆက်သွယ်မှုပြတ်တောက်မသွားစေရန်အတွက် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း သစ်သားတံတားများကိုပြန်လည်ပြုပြင်တည်ဆောက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါသည်။

အင်ပူမြို့နယ်(ရန်ကုန်)ဌာနေအသင်းရုံးအလှူငွေများလှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၅

အင်ပူမြို့နယ်အသင်း (ရန်ကုန်)၏ (၄၁)ကြိမ်မြောက် သင်းလုံးကျွတ်အစည်းအဝေး၊ သက်ကြီးပူဇော်ပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီက ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီ (ရန်ကုန်)သုဂတောမွှာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ ဂုဏ်ထူးဆောင်နာယက ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသိန်းအောင်၊ အင်ပူမြို့နယ်အသင်း(ရန်ကုန်) ဥက္ကဋ္ဌဦးမြင့်အောင်တို့က အမှာစကားပြောကြားပြီး ဘိုးဘွားများကို ကန်တော့ကာ လှူဖွယ်ပစ္စည်းများ ပေးအပ်ကြသည်။

ဆက်လက်၍ ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းတွင် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများကို ဝန်ကြီးချုပ်က ဆုချီးမြှင့်သည်။

ထို့နောက် အင်ပူမြို့နယ် (ရန်ကုန်/ဌာနေ) အသင်းရုံး အဆောက်အအုံအတွက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ဂုဏ်ထူးဆောင်နာယက ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသိန်းအောင်က လက်ခံပြီး အမှုဆောင်အဖွဲ့သစ် ဥက္ကဋ္ဌ ဦးမြင့်အောင်က ကျေးဇူးတင်စကား ပြောကြားသည်။

တင်စိုး(မြန်မာ့အလင်း)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
စက်ရုံ/စက်ရုံခွဲ(၄)ရုံ ငှားရမ်းဆောင်ရွက်ရန်အတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းလက်အောက်ရှိ အောက်ဖော်ပြပါ စက်ရုံ/စက်ရုံခွဲ(၄)ရုံတို့အား ငှားရမ်းဆောင်ရွက်ရန်အတွက် စိတ်ပါဝင်စားသူ ပြည်တွင်း/ပြည်ပ လုပ်ငန်းရှင်များသို့ အိတ်ဖွင့်တင်ဒါပေးသွင်းရန်ဖိတ်ခေါ်ပါသည်။

(က)	**အမှတ်(၁၀)အထည်စက်ရုံ(တောင်သာ)**	**1 Lot**
(ခ)	**အမှတ်(၆)အထည်စက်ရုံခွဲ(မုံရွာ)**	**1 Lot**
(ဂ)	**အမှတ်(၇)အထည်စက်ရုံခွဲ(ဝမ်းတွင်း)**	**1 Lot**
(ဃ)	**အမှတ်(၈)အထည်စက်ရုံခွဲ(ရမည်းသင်း)**	**1 Lot**

၂။ လုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်နှင့် လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေးအတွက် တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါပေးသွင်းရန်အတွက် စက်မှုဝန်ကြီးဌာန၏ website:www.industry.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၃။ တင်ဒါဆိုင်ရာအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၇-၂-၂၀၁၄ ရက်

နေရာ (၁) အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်၊
(၂) အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) ယခင်အထည်ချုပ်စက်ရုံအမှတ် ၂၇၊ အမှတ်(၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၁-၃-၂၀၁၄ ရက်

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-

ဆက်သွယ်ရမည့်လိပ်စာ - ညွှန်ကြားရေးမှူး၊ ပစ္စည်းစီမံရေးဌာန
အပြည့်အစုံ အထည်အလိပ်လုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် ၃၇၊ နေပြည်တော်

ဆက်သွယ်ရန်ဖုန်းနံပါတ်-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆

ဆောက်လုပ်ရေးဝန်ကြီးဌာန
ခန္တီးခရိုင်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
အိတ်ဖွင့်တင်ဒါအမှတ်-၁/၂၀၁၄ ခေါ်ယူခြင်း

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ခန္တီးခရိုင်၊ နန်းယွန်းမြို့နယ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ငွေလုံးငွေရင်းနှင့် အထူးပြင်ဆင်ထိန်းသိမ်းခြင်းရန်ပုံငွေဖြင့် ဆောက်ရွက်မည့်လမ်း၊ တံတားလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော တောသစ်နှင့် သဲကျောက်တို့အား အိတ်ဖွင့်တင်ဒါစနစ် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၁။ **ပစ္စည်းစာရင်း**
(က) တောသစ် - ၁၄၂ တန်
(ခ) သဲကျောက် - ၁၀၀၅ ကျင်း

၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၀-၃-၂၀၁၄ ရက် ညနေ ၄ နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၁၁-၃-၂၀၁၄ ရက် နံနက် ၁၁ နာရီ

၄။ **တင်ဒါတင်သွင်း/ စိစစ်ရွေးချယ်မည့်နေရာ** - မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ နန်းယွန်းမြို့နယ်၊ ခန္တီးခရိုင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၉၂၁၅၇၄၉၊ ၀၉-၄၉၅၇၄၅၄၂

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးလုပ်ငန်းကော်မတီ

စက်မှုဝန်ကြီးဌာန
အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်းမှ အောက်ဖော်ပြပါပစ္စည်းများအား စက်ရုံအရောက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	တင်ဒါအမှတ်
(က)	Single Cylinder Diesel Engine (25~30 HP)နှင့် ဆက်စပ်ပစ္စည်းများ	59 Set	HIE-1/032

၂။ အိတ်ဖွင့်တင်ဒါပုံစံများ၊ တင်ဒါစည်းကမ်းချက်များ၊ ဝယ်ယူလိုသည့်ပစ္စည်းများ၏ (Technical Specification)များ၊ အသေးစိတ်အချက်အလက်များနှင့်ပတ်သက်၍ ၂၄-၂-၂၀၁၄ ရက်မှစတင်၍ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း အောက်ပါလိပ်စာ၌ လာရောက်ထုတ်ယူနိုင်ပါသည်-

၃။ တင်ဒါများ နောက်ဆုံးထားပေးသွင်းရမည့်ရက်မှာ ၃-၃-၂၀၁၄ရက် ၁၂:၀၀ နာရီဖြစ်ပါသည်။

ထုတ်လုပ်မှုစီမံရေးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း
စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၀)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၅၀၅၆၊ ၄၀၅၀၇၁

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂသီရိအဝေးပြေးယာဉ်ရပ်နားစခန်း ကားဂိတ်ခန်းအမှတ်(က-၉၅)အား နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရာဇဌာနီလမ်း၊ ပေါင်းလောင်းတိုးချဲ့ရပ်၊ အမှတ် ၃၁၉၆ နေ ဦးဘိုဟိန်းထက် ၉/မခန(နိုင်)၂၀၃၁၄၆ က အမည်ပေါက်ပိုင်ဆိုင်၍ နေပြည်တော်၊ ပျဉ်းမနားမြို့၊ ဘောဂဝတီရပ်ကွက်၊ အမှတ် ၃၂၂၄ နေ ဦးရဲကိုကိုမင်း ၁၂/သကတ(နိုင်)၁၉၀၀၁၆က ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး အခွန်ထမ်းအမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် အခွန်ဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

အခွန်ဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

တနင်္သာရီကမ်းရိုးတန်းဆီမှ လှပတင့်တယ် မြို့ထားဝယ်

မြို့ထားဝယ် ကမ်းခြေအလှ

“ရှုမျှော်လို့မဆုံးပြီ. . . ရေဝေကုန်းတန်း တစ်လျှောက်ဆီ. . . ကျောက်ဆောင်ကျောက်ကမ်းပါးများနှင့်တောင်တန်းသွယ်သွယ်ညီ. . . မိုးပြာနောက်ခံ ပန်းချီ. . . စိမ်းလဲ့လဲ့ မြသားပင်လယ်ရီ. . . ဝိုင်းစက်ပွတ်ဟန်ပွားတဲ့ လှိုင်းကြပ်ခွပ်သံများနဲ့ . . . သဘာဝရဲ့ရှုခင်းစုံညီ ကိုလေးတို့မောင်းမကန်သောင်ခြေဆီ. . .”။ ငယ်စဉ်အခါကလေးဘဝ ရေဒီယိုမှ အဆိုတော် မောင်ကြည်တိုး၏ “ကိုလေးတို့ မောင်းမကန်”သီချင်း သံကြားရတိုင်း မောင်းမကန်ကမ်းခြေသာယာလှပပုံကို မျှော်တွေးပြီး ရောက်ဖူးချင်လှသည်။ ထို့အတူ မောင်းမကန်ကမ်းခြေတည်ရှိရာ ဖြစ်သော လောင်းလုံမြို့၊ ထားဝယ်မြို့များသို့လည်း အလည်တစ်ခေါက်သွားလိုလှသည်။

ယခု ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာသောအခါ နဂိုထင်ထားသည်ထက်ပင် ထားဝယ်မြို့နှင့်မောင်းမကန် ပင်လယ်ကမ်းခြေတို့သည် သာယာလှပပြီး တိုးတက်ဖွံ့ဖြိုးလျက်ရှိနေသည်ကို မျက်ဝါးထင်ထင်မြင်တွေ့ခဲ့ရသလို သမိုင်းကြောင်း ရှည်လျားပြီး မြန်မာ့သမိုင်းတွင် ရာဇဝင်တွင်ခဲ့သည့်မြို့ဖြစ်ကြောင်းကိုလည်း သိရှိခဲ့ရသည်။

“ဥဩအော်သည်”ထားဝယ်တည်ဟူသော အမှတ်အသားအရ ကောဇာသက္ကရာဇ် ၁၁၁၆ ခု၊ တပေါင်းလဆန်း ၁၃ ရက် (စနေနေ့)တွင် ထားဝယ်မြို့ကို စတင်တည်ခဲ့ရာ ၁၃၆၆ ခုတွင် နှစ်ပေါင်း ၂၅၀ တိုင်ခဲ့ပြီဖြစ်ပေသည်။ ထို့အပြင် ထားဝယ်မြို့၏ ကျက်သရေဆောင် ရွှေတောင်စား

အနောက်ပင်လယ်ပြင် ကမ်းရိုးတန်း အလှပိုင်ရှင် မြို့ထားဝယ် . . .

စေတီတော်မြတ်ကြီးသည်လည်း “ဥဩကြော်လှစ်” ရွှေတောင်စား သက္ကရာဇ်ဟုဆိုထားသည့်အတိုင်း ၁၁၂၄ ခုနှစ်က စတင်၍တည်ထားကိုးကွယ်ခဲ့ရာ ယခုဆိုလျှင် နှစ် ၂၅၀ ပြည့်မြောက်ခဲ့လေပြီ။

ထားဝယ်မြို့သမိုင်းနှင့်ထားဝယ် အကြောင်းကိုရေးလျှင် ခမ်းနားကြီးကျယ်လှပြီး ရေး၍မကုန်နိုင်အောင် ရှိမည်ဖြစ်ရာ ယနေ့ထားဝယ်မြို့ရှိ ကရပ်ပြင်လမ်းဆုံ၊ အုတ်တံတားကြီးလမ်းဆုံ၊ တောင်ခွနှင့်လမ်းဆုံကြီးတို့သည် ရှေးဟောင်း၊ မြို့ရိုးကြီးများ၏ တံခါးများဖြစ်ခဲ့သည်ကို ထောက်ရှုလျှင်ပင် ရှေးခေတ်ထားဝယ်မြို့သည် မည်မျှကြီးမားစည်ကားသာယာဖွံ့ဖြိုးကြောင်း သိရှိနိုင်လေသည်။

ထားဝယ်မြို့သည် မြန်မာ့ရှေးဟောင်း အမွေအနှစ်ဖြစ်သည့်ပျူခေတ်အစကို ပြန်လည်တူးဖော်ပြသနိုင်ခဲ့သည်။ လှလှပပစီရရီသွယ်တန်းနေသော ထန်းပင်တန်းများကြားမှ ရှုမျှော်မဆုံးနိုင်သည့် စိမ်းဝါရောင်လယ်ကွင်းများကိုလည်း တွေ့မြင်ရပေမည်။ စပါးတောင် ခြေတော်ရင်းမှ ရွှေသာလျောင်း စေတီတော်မြတ်ကြီးကို ဖူးမြင်ရင်း မြို့ပတ်လည်ဝိုင်းရံထားသော တောင်ပြာတန်းအလီလီကို ငေးမောကြည့်ရှုနိုင်ပေသည်။ စပ်ချဉ်ဖြင့် စပ်ချဉ်ချဉ် ချက်ထားသော ထားဝယ်ရိုးရာ မုန့်လက်သုပ်သည်လည်း ကြိုက်နှစ်သက်သူတို့အတွက် အရသာထူးလှသည်။

ညနေဆည်းဆာချိန်ဝယ် မောင်းမကန်ကမ်းခြေ၏အလှကို ခံစားရင်း အနောက်ဘက်ပင်လယ်ပြင်သို့ မေးတင်နေသည့် ဝင်လုလု နီရဲရဲနေလုံးကြီး၏သဘာဝအလှက လွမ်းချင့်စဖွယ်ပင်။ ပေါများကြွယ်ဝလှသော ဓာတ်သတ္တုတွင်းများနှင့်အဖိုးတန်ရော်ဘာတောများမှာလည်း နေရာတိုင်းတွင် မှိုင်းရီ၍ နေပေသည်။ ဒေသထွက်ကုန်ဖြစ်သော ငါး၊ ငါးပိငါးခြောက်၊ ဆေးဖက်ဝင်ငှက်သိုက်နှင့် ဒူးရင်း၊ မင်းကွတ်များမှာလည်း ထားဝယ်မြို့နယ်တစ်ဝိုက်တွင် ပေါများစွာတွေ့မြင် ဝယ်ယူနိုင်ကြပေသည်။

ထိုမျှမက ကမ္ဘာမှာ မြန်မာဟေ့ဟု ဂုဏ်ယူဝံ့ကြွားစေခဲ့ရသည့် မီးပုံးပျံဦးကျော်ရင်၊ ဖက်ဆစ်ဂျပန်တို့ကို ဒူးမထောက်လက်မမြှောက်ဘဲ ရဲရဲဝံ့ဝံ့တွန်းလှန်တိုက်ခိုက်ခဲ့သည့် စစ်သူရဲကောင်း ဗိုလ်မှူးကြီး ဗထူး၊ ပြောင်မြောက်လှသော လက်ရာထူးများဖြင့် ပုံရိပ်များကို ဆေးရောင်စုံခြယ်သခဲ့သော ပန်းချီဆရာကြီး ဦးငွေကိုင်၊ မြန်မာနိုင်ငံ၏ ပထမဦးဆုံးနှင့်တစ်ဦးတည်းသော သူရဘွဲ့ပိုင်ရှင် သူရ မချစ်ပိုတို့မှာ ထားဝယ်ဇာတိများဖြစ်သောကြောင့် မြို့ထားဝယ်သည် မြန်မာမှာသာမက ကမ္ဘာတွင်ထည်ဝါဝင့်ကြွားနိုင်ခဲ့ရပြီဖြစ်ပေသည်။

ယခုအခါ ထားဝယ်မြို့သည် တနင်္သာရီတိုင်းဒေသကြီး၏ ရုံးစိုက်ရာမြို့တော်ဖြစ်သည့် အားလျော်စွာ မြို့တော် အင်္ဂါရပ်များနှင့်အညီ လှပဖွံ့ဖြိုး တိုးတက်လျက်ရှိနေပေသည်။ ယခင်က နယ်မြေအေးချမ်းမှုမရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးမကောင်းခြင်းတို့မှာလည်း အတိတ်တွင် ကျန်ရစ်ခဲ့ပေပြီ။ ရန်ကုန်-ရေး-ထားဝယ်-မြိတ် ပြည်ထောင်စုလမ်းမသစ်ကြီးကို ပြုပြင် ဖောက်လုပ်သုံးစွဲနေသလို မကြာမီအချိန်အတွင်း၌လည်း AH-112 အာဆီယံအမြန်လမ်းမကြီးအဖြစ် ပြောင်းလဲထွက်ပေါ်သွားလာနိုင်တော့မည် ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ မြန်မာ့သူရဲကောင်းအများအပြားထွက်ပေါ်ရာ မြို့ထားဝယ်၊ အနောက်ပင်လယ်ပြင် ကမ်းရိုးတန်း အလှပိုင်ရှင် မြို့ထားဝယ်၊ ကားလမ်း၊ ရထားလမ်း၊ ရေလမ်း၊ လေကြောင်းလမ်းဆုံရာ မြို့ထားဝယ်၊ ဒေသထွက်ကုန်သယံဇာတပေါများကြွယ်ဝသော မြို့ထားဝယ်၊ ပညတ်ချက် မဟုတ်သည့်သမိုင်းလှ အရပ် ရှေးဟောင်းအမွေအနှစ်များနှင့် မြို့ထားဝယ်ဟု ပြောပြရေးပြမကုန်နိုင်လောက်သော စကားသံချိုဝဲဝဲ အသားတော်ညိုပြာညက် ရွှေဝယ်သူရွှေဝယ်သားတို့၏ မြို့တော်ထားဝယ်မြို့မှာ လှပသာယာ ဖွံ့ဖြိုးတိုးတက်လျက်ရှိနေပါကြောင်း။

သက်နိုင်(ပြင်ဦးလွင်)

မော်လူးကို ဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ကတ္တရာခင်း

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မော်လူးကိုဖြတ်သန်းသွားသည့် ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စု လမ်းမကြီး ကတ္တရာလမ်းခင်းခြင်းကို လမ်းအထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) ဦးထင်လင်း ဦးစီး၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

“မိုင်တိုင်အမှတ် ၁၆၂/၀ မှ ၁၆၃/၀ အထိအရှည်တစ်မိုင် တစ်ဖာလုံ၊ လမ်းအကျယ် ၁၂ ပေ၊ အမြင့် ၁၁ လက်မ၊ သုံးလွှာ ပထမအလွှာ၊ ဒုတိယ အလွှာ၊ တတိယ အလွှာအဆင့်ဆင့်ဆောင်ရွက်မှာဖြစ်ပါတယ်။ အခု ပထမအဆင့်အဖြစ် ကျောက်စီခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများကို လူအင်အား ၅၀ ဖြင့် နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိဆောင်ရွက်နေတာပါ။ ဒီပြည်ထောင်စုလမ်းမကြီးပေါ်မှာရှိတဲ့ ၅/၁၆၀၊ ၆/၁၆၀၊ ၇/၁၆၀ တံတားသုံးစင်းကိုလည်း အာရ်စီကွန်ကရစ်တံတားအဖြစ် ဆောက်လုပ်ပေးမှာပါ”ဟု လမ်းအထူးအဖွဲ့(၁)မှ လက်ထောက်အင်ဂျင်နီယာ(မြို့ပြ)ဦးထင်လင်း ကပြောပြသည်။

ခင်မောင်ဆွေ(မော်လူး)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလို စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၁) အထည်စက်ရုံခွဲ (မရမ်းကုန်း)ရှိ အသုံးမလို ပိုလျှံစက်အရန်ပစ္စည်း(အဟောင်း) ၈၂၂ မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
(က)	ရက်ကန်းစက်အရန်ပစ္စည်းများ	၁၆၆ မျိုး
(ခ)	နိုင်လွန်ဇာစက်အရန်ပစ္စည်းများ	၁၇ မျိုး
(ဂ)	အချောကိုင်စက်အရန်ပစ္စည်းများ	၅၇ မျိုး
(ဃ)	အထွေထွေစက်အရန်ပစ္စည်းများ	၅၈၂ မျိုး
	စုစုပေါင်း	**၈၂၂ မျိုး**

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၅-၂-၂၀၁၄ ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း (ရုံးခွဲ) အမှတ် (၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့
(၂) နေပြည်တော် - ရုံးအမှတ် (၃၇)၊ အထည်အလိပ်လုပ်ငန်း နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၇-၃-၂၀၁၄ ရက် ၁၆း၀၀ နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ် (၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး (ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်(ရွာမ)ရပ်ကွက်၊ ကျောက်မြောင်းဈေးလမ်း၊ အမှတ် ၄၆၊ ခြောက်လွှာတိုက်ခန်းနှင့်ပတ်သက်၍
အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းသည် ဦးထွန်းရွှေ၊ ဒေါ်အေးတင်တို့ပိုင်ဆိုင်ခဲ့ပြီး ၎င်းတို့ကွယ်လွန်သွား၍ သားဖြစ်သူ ဦးလှမင်းက ပိုင်ဆိုင်ခဲ့ကြောင်းနှင့် ဦးလှမင်းက ၎င်း၏သားဖြစ်သူ ကိုမင်းလွင်၊ ကိုအာကာလင်းမင်း၊ ကိုနေဇာလင်းမင်းတို့အား ၄-၃-၂၀၁၃ရက်စွဲပါ တရားရုံးကတိသစ္စာပြုလွှာဖြင့် အပြီးအပိုင်ပေးကမ်းခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ သားသုံးဦးအနက် တစ်ဦးကွယ်လွန်ခဲ့၍ ကိုမင်းလွင်နှင့် ကိုအာကာလင်းမင်းတို့က လက်ရှိပိုင်ဆိုင်ကြောင်း၊ ၎င်းတို့၏မိခင် ဒေါ်ခင်သန်းရီ MME-၄၈၄၀၄၁က ပြောဆိုဝန်ခံပြီး ကိုယ်စားလက်မှတ်ရေးထိုး၍ ကျွန်ုပ်၏မိတ်ဆွေ ဦးမင်းမင်းထွန်းနှင့် ဒေါ်သင်းစုလှိုင်တို့အား ရောင်းချခဲ့သဖြင့် တိုက်ခန်းဖိုး စရန်ငွေအချို့ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်၍ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူရှိပါက ပိုင်ဆိုင်ကြောင်းခိုင်လုံသည့်အထောက်အထားဖြင့် ဤကြေညာပါသည့်ရက်မှ ငါးရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အပြီးသတ် အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

ဝယ်သူဦးမင်းမင်းထွန်းနှင့် ဒေါ်သင်းစုလှိုင်တို့၏ ညွှန်ကြားချက်အရ-
ဦးဝင်းငွေ LL.B, D.B.L, D.M.L(စဉ်-၃၈၉၃) ဒေါ်ပပခင် LL.B (စဉ်-၇၂၀၄)
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၅၆၁၊ ပထမထပ်၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

အယူတော်ခံမှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို
အယူတော်ခံတရားပြိုင်သို့ကြားသိစေသည့်
အကြောင်းကြားစာ
(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
တောင်ကြီးခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအယူခံမှုအမှတ်-၂၈

ဒေါ်သန်းရီ **နှင့်** ၁။ ဒေါ်ဥမ္မာစိုး၊ ၂။ မောင်အောင်ကိုကို ၃။ ဒေါ်စန်း၊ ၄။ ဒေါ်ငွေငွေဝင်း၊ ၅။ ဒေါ်အေးခိုင်

အယူခံတရားလို **အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၅ရက်စွဲပါ တောင်ကြီးမြို့နယ်တရားမရုံးတော်မှ စီရင်ချက် ဒီကရီကို အယူတော်ခံမှု။

အယူတော်ခံတရားပြိုင် ဒေါ်အေးခိုင်၊ ပန်းခံရွာ၊ မိုင်စီမြို့နယ်ခွဲ၊ မိုင်းရှူးမြို့ (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

ယခုအမှုတွင် တောင်ကြီးမြို့နယ် တရားမရုံးတော်ကချပေးသည့် ဒီကရီကို ဒေါ်သန်းရီက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၊ ထိုအယူခံမှုကို ၂၀၁၄ခုနှစ် မတ် ၁၁ရက် (၁၃၇၅ခုနှစ် တပေါင်းလဆန်း ၁၁ရက်)တွင်ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤအယူခံမှုတွင် သင့်အတွက် ရှက်ဆောင်ရန် တရားဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာမရောက်ရှိခဲ့လျှင် ၎င်းအယူခံမှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်ပြုလုပ်၍ စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကိုအမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊နည်းဥပဒေ-၂၂အရ ချိန်းထားသည့်အချိန်အတွင်း ဤကဲ့သို့ သင်က ကန့်ကွက်လိုကြောင်း ဤအယူခံရုံး၌ အကြောင်းကြားအစီရင်ခံစာ တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သန္တေပင်ရပ်ကွက်၊ ပြည်လမ်း၊ မြေကွက်အမှတ် ၁၄၇၊ မြေအကျယ်အဝန်း (၂၅×၆၅)ပေခန့်ရှိ မြေကွက်နေအိမ်တို့သည် ဦးတင်အောင် ၁၂/မဘန(နိုင်)၀၃၂၄၇၀ အမည်ဖြင့် မှတ်သားတည်ရှိသော မြေကွက်ဖြစ်ပါသည်။ ၎င်းထံမှ ကျွန်ုပ်မိတ်ဆွေက စရန်ငွေကျပ် တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း အထောက်အထားဂရန်မူရင်းများ ယူဆောင်လာ၍ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသာလှိုင်
အထက်တန်းရှေ့နေ
အမှတ် ၃၉၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၄၉၇၆၃၊ ၀၉-၄၄၈၀၀၉၃၃၅

ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများထောက်ပံ့ရေးအစီအစဉ်အရ ကျေးရွာချင်းဆက်တံတားတစ်စင်းနှင့် ကျောင်းဆောင်သစ်နှစ်ဆောင် ထောက်ပံ့

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ဂျပန်နိုင်ငံအစိုးရသည် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အမေရိကန်ဒေါ်လာ ၃၄၂၇၃၃ ကို လူသားချင်းစာနာထောက်ထားမှု အထောက်အပံ့အဖြစ် ပေးအပ်ခဲ့ရာ ရှမ်းပြည်နယ် ကလောမြို့နယ် အင်းမို့-ရွာကြီးကျေးရွာကြား ကျေးလက်ဆက်သွယ်ရေးတံတား ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၀၁၅၉၊ ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလပိုးကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၀၂၄၄၇ နှင့် ကယားပြည်နယ် လွိုင်ကော်မြို့နယ် လောဒလေ့ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း ဆောက်လုပ်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၂၀၁၂၇ တို့ဖြစ်သည်။

အင်းမို့-ရွာကြီး ကျေးလက်ဆက်သွယ်ရေးတံတားတစ်စင်းနှင့် ကျောင်းဆောင်သစ်နှစ်ဆောင် ဖွင့်လှစ်လွှဲပြောင်းပွဲ အခမ်းအနားများကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်အတွင်းရှိ အဆိုပါမြို့နယ် အသီးသီးတွင်ကျင်းပခဲ့ရာ အင်းမို့-ရွာကြီး ကျေးလက်ဆက်သွယ်ရေး တံတားဖွင့်ပွဲအခမ်းအနားသို့ ရှမ်းပြည်နယ် သယ်ယူပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဦးစိုင်းနော်ခမ်းက လည်းကောင်း၊ကယားပြည်နယ်ရှိ လွိုင်ကော်မြို့နယ် ကျောင်းနှစ်ဆောင် ဖွင့်ပွဲအခမ်းအနားသို့ ကယားပြည်နယ် လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစောတူးတူးနှင့်မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် Mr. Toshihiro WATANABE နှင့်တကွ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ ကော်မတီအဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများ၊ ရပ်မိရပ်ဖများနှင့်ဒေသခံပြည်သူများ တက်ရောက်ခဲ့ကြသည်။

အင်းမို့-ရွာကြီး ကျေးရွာကြား ကျေးလက်ဆက်သွယ်ရေး တံတားသည် ယခင်သစ်သားတံတားဖြစ်ပြီး ဟောင်းနွမ်းဆွေးမြည့်နေသောကြောင့် အသုံးမပြုနိုင်ဘဲ ဒေသခံများ၏ လူမှုရေး၊ စီးပွားရေးအခက်အခဲများ ဖြစ်ပေါ်ခဲ့ပြီး ယခုအခါ ပြုပြင်ခဲ့သဖြင့် ၄င်းဒေသအတွင်းရှိ လူဦးရေ ၁၁၀၀၀ ဝန်းကျင်အတွက် အကျိုးအမြတ်ရရှိစေသည်။ ကယားပြည်နယ် လွိုင်ကော်မြို့နယ် နွားလပိုးနှင့် လောဒလေ့ကျေးရွာရှိ အလယ်တန်းကျောင်း နှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၈၅၀ မှာ အဆောက်အအုံများ အိုမင်းဟောင်းနွမ်းနေခြင်း၊ ကောင်းမွန်သော စာသင်ကြားမှုပတ်ဝန်းကျင်ကောင်းကို မရရှိနိုင်ခြင်း စသည့်အခက်အခဲများကို ရင်ဆိုင်ကြုံတွေ့နေခဲ့ကြရသည်။

ထို့ကြောင့် ဂျပန်နိုင်ငံအစိုးရသည် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ကျေးရွာချင်းဆက်သံကူကွန်ကရစ်တံတား သစ်တစ်စင်း တည်ဆောက်ခြင်းနှင့် ကျောင်းဆောင်သစ်တို့တွင် အိမ်သာများအပါအဝင် ကျောင်းသုံးပရိဘောဂများအတွက် ထောက်ပံ့ပေးအပ်ခဲ့သည်။ ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှစတင်ပြီး စီမံကိန်းပေါင်း ၆၅၁ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ကျောင်းဆောင်သစ်ဆောက်လုပ်ရေးစီမံကိန်းပေါင်း ၂၉၁ ခု၊ မြို့နယ်ဆေးရုံ၊ တိုက်နယ်ဆေးရုံနှင့်ကျေးလက်ကျန်းမာရေးဆေးပေးခန်း တည်ဆောက်ခြင်းနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၆၆ ခုနှင့် လမ်းတံတားတည်ဆောက်ရေးစီမံကိန်းပေါင်း ၁၂၉ ခုတို့ကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်သည်။ ဤအထောက်အပံ့များသည် ဂျပန်-မြန်မာ နှစ်နိုင်ငံချစ်ကြည်ရေးကို ပိုမိုတိုးတက်ခိုင်မာလာစေလိမ့်မည်ဟု မျှော်လင့်လျက်ရှိသည်။ **(သတင်းစဉ်)**

မူကြို(၄) ရင်သွေးငယ်များ ဆော့ကစား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

ကလေးများနေ့အထိမ်းအမှတ်အဖြစ် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း အမှတ်(၄) အလုံတွင် ဖေဖော်ဝါရီ ၂၁ ရက်က ရင်သွေးငယ် ၂၂၀ တို့အား ပျော်ရွှင်ဖွယ်ရာ ကလေးငယ်များ ဆော့ကစားနည်းရှစ်မျိုးကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ယုဒါရီနှင့် ဆရာမများက နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကျောင်းဝင်းအတွင်း စီစဉ်ကျင်းပပေးရာ ရင်သွေးငယ်အားလုံး ပါဝင်ကစားကြသည်။

ရင်သွေးငယ်များအား အကြီးတန်း၊ အငယ်တန်းနှစ်ဆင့်ခွဲပြီး ဘတ်စ်ကက်ဘောကစားခြင်း၊ ရောင်စုံပေသီးကစားခြင်း၊ တိရစ္ဆာန်အရုပ်ကလေးများ ဝှက်တမ်းကစားခြင်း၊ မျက်စိပိတ်၍ သံပုံးရိုက်ကစားခြင်း၊ဘိုးလင်းပစ်ကစားခြင်း၊ မျက်လှည့်အိတ်နှိုက်ကံစမ်းကစားခြင်းများ ပါဝင်သည်။ အကျယ် ပေ (၃၀×၂၀) ခန့်ရှိ ပျော့ပျော့အိအိကလေး ကစားကွင်းကြီးတွင် ကလေးများအားလုံး တပျော်တပါးပြေးလွှားဆော့ကစားကြသည်။ **အောင်သန်း-မင်္ဂလာတောင်ညွန့်**

ပခုက္ကူမြို့နယ်တွင် နွေစပါးစိုက်ပျိုး

ပခုက္ကူ ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ခုနှစ်နွေစပါးကို ရေရရှိရေး နည်းလမ်းနှစ်သွယ်ဖြင့် ၁၉၅၇ ဧက လျာထားသတ်မှတ်ထားရှိရာ ရေကျနောက်စိုက် ၄၁၂ ဧကစိုက်ပျိုးပြီးစီးခဲ့ပြီး လျှပ်စစ်မြစ်ရေတင်ဒေသသုံးနေရာ၌ နွေစပါးစိုက်ပျိုးရန် ၁၉၅၄ ဧကလျာထားသတ်မှတ်ထားရှိပြီး ယခုလက်ရှိအခြေအနေတွင် ရေတင်သုံးခု၌ နွေစပါးစိုက်ပျိုးရန်အတွက် စတင်ပျိုးထောင်လျက်ရှိနေကြောင်း သိရသည်။ **(ဝဲပုံ)**

နွေစပါးမျိုးများမှာ ပုလဲသွယ်၊ ရွှေပြည်ဧး၊ ရတနာတိုး၊ ဆင်းနွယ်ရင်၊ သီးထပ်ရင်စပါးမျိုးများကို လျာထားချက်ပြည့်မီကျော်လွန်စွာ စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိနေကြောင်းသိရသည်။ **(၁၀၂)**

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သတင်းတိုများ

ပြည်ထောင်စုတရားသူကြီးချုပ် လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်း

ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့်တိုင်းဒေသကြီး/ ပြည်နယ်တရားလွှတ်တော်များ၊ ခရိုင်တရားရုံးများ၏ ဆဋ္ဌမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်ထောင်စုတရားသူကြီးချုပ်၏ လမ်းညွှန်မှာကြားချက်များ ထပ်ဆင့်ရှင်းလင်းပွဲကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီက ရခိုင်ပြည်နယ် တရားလွှတ်တော် အစည်းအဝေးခန်းမ၌ကျင်းပရာ ရခိုင်ပြည်နယ်တရားသူကြီးချုပ် ဦးကျော်က စစ်တွေခရိုင်အတွင်းရှိ တရားရုံးအဆင့်ဆင့်မှ တရားသူကြီးများနှင့်တရားရေးအရာရှိများကို ထပ်ဆင့်ရှင်းလင်းမှာကြားသည်။

"အမှုများကိုစီရင်ရာတွင် ပြည်ထောင်စုတရားဥပဒေအခြေခံမူများ၊ ပြဋ္ဌာန်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မှန်မှန်နှင့် မြန်မြန်တရားစီရင်ကြရန်၊ ပြစ်မှုနှင့်ပြစ်ဒဏ်မျှတမှုရှိစေရန်၊ လာဘ်ပေးလာဘ်ယူမှုကင်းရှင်းပြီး အဂတိတရားကင်းရှင်း၍ သီလ၊ သမာဓိ၊ ပညာပြည့်ဝစွာဖြင့် တရားစီရင်ရေး လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်ကြရန်"စသည်ဖြင့် ရခိုင်ပြည်နယ်တရားသူကြီးချုပ်က မှာကြားပြီး တရားသူကြီးများနှင့်တရားရေးအရာရှိ ၂၄ ဦးတို့ တက်ရောက်ကြကြောင်း သိရသည်။

(လ/၀၀၃)

မြတ်ပညာ စာကြည့်တိုက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၌ ဖွင့်

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၆၅)ရပ်ကွက်တွင် ရပ်ကွက်နေပြည်သူများ၊ ကျောင်းသားကျောင်းသူများ ဗဟုသုတမြင့်မားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ငွေကျပ်သိန်း ၇၀ ကျော် ကုန်ကျသော မြတ်ပညာစာကြည့်တိုက်ကို ဖေဖော်ဝါရီ ၂၃ ရက် နံနက် ၉ နာရီခွဲက ဖွင့်လှစ်ခဲ့သည်။

မြတ်ပညာစာကြည့်တိုက်ကို တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဒေါ်စန်းစန်းဝင်း၊ တိုင်းဒေသကြီးပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်ဆွေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့်မြို့နယ်အထောက်အကူပြုအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်ငြိမ်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မြတ်ပညာစာကြည့်တိုက်သို့ အလှူရှင်တို့က လှူဒါန်းသော ရုပ်မြင်သံကြားစက်နှင့် စာအုပ်စာစောင်တို့ကို တာဝန်ရှိသူတို့က လက်ခံကြသည်။

အဆိုပါစာကြည့်တိုက်ကို ဝေါလ်ဗွီးရှင်းမှ ငွေကျပ် ၄၄ သိန်းမတည်၍ ရပ်ကွက်ပြည်သူများက ငွေကျပ် ၂၆ သိန်းကျော် ထည့်ဝင်ဆောက်လုပ်ခဲ့ပြီး အကျယ်အဝန်းမှာ အလျားပေ ၂၀၊ အနံပေ ၆၀ ဖြစ်သည်။

(ခရိုင် ပြန်/ဆက်)

စက်မှုဝန်ကြီးဌာန
အထည်အလိပ်လုပ်ငန်း
အသုံးမလိုစက်နှင့်စက်အရန်ပစ္စည်း(အဟောင်း)များ ရောင်းချရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အထည်အလိပ်လုပ်ငန်းမှ အမှတ်(၆) အထည်စက်ရုံခွဲ(မုံရွာ)ရှိ အသုံးမလိုပိုလျှံ စက်နှင့်စက်အရန်ပစ္စည်း(အဟောင်း) (၁၃)မျိုးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချလိုပါသည်-

စဉ်	စက်အမျိုးအမည်	အရေအတွက်
	Weaving Machineries	
(က)	Tsuda Koma K-Type Looms	20 Lot
(ခ)	Tsuda Koma L-Type Looms	10 Lot
(ဂ)	Hokuriku Looms	3 Lot
(ဃ)	Picanol Looms	11 Lot
(င)	Pirn Winder	3 Lot
(စ)	Horizontal Pirn Winder	2 Lot
	စီမံကိန်းလက်ကျန်လျှပ်စစ်ပစ္စည်းများ	
(ဆ)	RCC Post (8m)	4 Nos
(ဇ)	Cable 1C × 95	330 meter
(ဈ)	Cable 3C × 150 + 2 × 70	14 meter
(ည)	Cable 1C × 50	30 meter
(ဋ)	Cable 3C × 185 + 2 × 95	30 meter
(ဌ)	Cable 3C × 150 + 1 × 70	92 meter
(ဍ)	Cable 4C × 185	70 meter

၂။ တင်ဒါဆိုင်ရာ အချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-
(က) **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၈-၂-၂၀၁၄ရက်
(ခ) **တင်ဒါပုံစံရောင်းချမည့်နေရာ**
(၁) ရန်ကုန် - အထည်အလိပ်လုပ်ငန်း(ရုံးခွဲ) အမှတ် (၁)၊ သုခဝတီလမ်း၊ (၆)ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။
(၂) နေပြည်တော် - ရုံးအမှတ်(၃၇)၊ အထည်အလိပ်လုပ်ငန်း၊ နေပြည်တော်
(ဂ) **တင်ဒါပိတ်မည့်ရက်/အချိန်** -၁၉-၃-၂၀၁၄ရက်၊ ၁၆း၀၀နာရီ
(ဃ) **တင်ဒါတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဌာနတွင် စုံစမ်းနိုင်ပါသည်-
ညွှန်ကြားရေးမှူး(ပစ္စည်းစီမံရေး)၊ အထည်အလိပ်လုပ်ငန်း၊နေပြည်တော်၊
ဖုန်း-၀၆၇-၄၀၈၁၈၅၊ ၄၀၈၃၃၈၊ ၄၀၈၁၅၆၊
ရန်ကုန် ဖုန်း-၀၁-၅၅၄၆၇၁

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ ယဿဝတီ ၁၄ လမ်း၊ အမှတ် ၁၀၁၇/၁ ဟု ခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော သုံးထပ်ခွဲတိုက်၏ မြေညီထပ်ကို ကန်ထရိုက်တာ ဦးလှထွန်းထံမှ ၁၆-၁-၂၀၁၄ ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် ကတိစာချုပ်ဖြင့် လက်ရောက်ဝယ်ယူထားသူ ဦးမောင်မောင်ကြီးထံမှ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်စောဝင်း(စစ်တွေ)
တရားလွှတ်တော်ရှေ့နေ (၇၀၆၀)
တိုက် ၂၇၄၊ အခန်း ၁၅၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၁၈၇၀၃၃

လူပျောက်

ရန်ကုန်မြို့၊ အမှတ်(၂)၊ မြို့သစ် ၂လမ်း၊ ကျောက်မြောင်းမြို့နယ်တွင် နေထိုင်သော ဖော်ပြပါဓာတ်ပုံရှင် မောင်အောင်ဝေလျှံနေဝင်းဦး အသက်(၁၅)နှစ်သည် ၁၄-၂-၂၀၁၄ ရက်တွင် နေအိမ်မှထွက်သွားရာ ပြန်မလာဘဲ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိလျှင် အကြောင်းကြားပါရန်နှင့် မရိုးမသား ဖြားယောင်းသွေးဆောင်လက်ခံထားသူများအား တရားဥပဒေအရ ထိရောက်စွာအရေးယူမည်။

မိဘအုပ်ထိန်းသူ
ဒေါ်စန္ဒာ ၁၂/တမန(နိုင်)၀၆၄၆၆၀
ဖုန်း-၀၉-၅၀၆၈၁၅၁

ဦးနေမျိုးအောင်နှင့် အများသိစေရန်ကြေညာချက်

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ဇောတိကလမ်း၊ အမှတ် ၇၇/၈နေ ဒေါ်မြရွှေ ၁၃/တကန(နိုင်)၀၁၀၅၅၄ က အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

တောင်ကြီးမြို့၊ ဘုရားဖြူရပ်၊ နယ်မြေ(၂)၊ အမှတ်(၂/၇၄၅)၊ အကွက်အမှတ် ၁၄၅၊ အကွက်အမည် ထီသိမ်ရွှေးမြောက်ရပ်၊ ဦးပိုင်အမှတ် ၁၅၆၊ ဧရိယာ ၁ဒသမ ၄၆၄ဧကရှိ မြေကွက်ဥပစာကို ဒေါ်မြရွှေ ၁၃/တကန(နိုင်)၀၁၀၅၅၄က ဦးမောင်ရွှေဆိုသူထံမှ ၂၀-၁-၂၀၀၇ရက်စွဲပါ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသော မြေကွက်ဥပစာဖြစ်ပါသည်။ အဆိုပါမြေကွက်ဥပစာနှင့်ပတ်သက်၍ စည်ပင်သာယာခွန်များအား ဦးနေမျိုးအောင် ၁၃/တကန(နိုင်)၂၀၅၈၄၃ အမည်ဖြင့် ပေးဆောင်ထားခဲ့သော်လည်း အဆိုပါမြေကွက်ဥပစာမှာ ဦးနေမျိုးအောင်နှင့် မည်သို့မျှ သက်ဆိုင်ပတ်သက်မှုမရှိဘဲ ဒေါ်မြရွှေတစ်ဦးတည်းကသာ အမှန်တကယ် ဝယ်ယူပိုင်ဆိုင်ထားခဲ့သည့် မြေကွက်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

ဒေါ်မြရွှေ
၁၃/တကန(နိုင်)၀၁၀၅၅၄

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

သဘာဝအလှများနှင့် ရှုမဝနိုင်သည့် လွိုင်မွေ(ခေါ်)နှင်းတောင်မြို့လေးဆီသို့

ပေငါးထောင်ကျော် ခြောက်ထောင်နီးပါးတောင်တန်းကြီးများကို ဖြတ်သန်းကွေ့ဝိုက်ကာ ဖောက်လုပ်ထားသည့်လမ်းမို့ တစ်ဖက်မှာက တောင်ကမ်းပါးယံ၊ တစ်ဖက်မှာက နက်ရှိုင်းလှသော ချောက်ကမ်းပါးကြီးတွေ၊ ဒီလမ်းမျိုးမှာ မော်တော်ကားစီးရသည်မှာ အသည်းယားဖွယ်ကောင်းလှပေမယ့် တောင်စွယ်တောင်တန်းများကို လှပစွာထုဆစ်ပုံဖော်ထားသည့် လှေကားထစ်လယ်ယာစိုက်ခင်းလေးများကလည်း ရှုမဝနိုင်သည့် သဘာဝအလှမို့ ကြောက်စိတ်နှင့်ကြည်နူးသည့်စိတ်က ဒွန်တွဲလို့နေသည်။ စာရေးသူတို့ သွားရောက်နေသည့်ခရီးကတော့ ရှမ်းဘာသာဖြင့် လွိုင်မွေဟုထင်ရှားသည့် နှင်းတောင်မြို့လေးဆီသို့ ဖြစ်သည်။ လွိုင်မွေတောင်စခန်းမြို့လေးသည် ရှမ်းပြည်နယ် (အရှေ့ပိုင်း)၏မြို့တော်ကျိုင်းတုံနှင့် မိုင်၂၀ အကွာတွင် တည်ရှိနေပြီး ထင်ရှားလှပသည့်တောင်စခန်းမြို့လေးဖြစ်သည်။ ပင်လယ်ရေမျက်နှာပြင် အထက် ၅၅၄၂ ပေတွင်တည်ရှိကာ မြို့တည်သက်တမ်းအားဖြင့် နှစ်ရာပြည့်ပွဲတော်ကိုဆင်နွှဲနိုင်ခဲ့သည့် သက်တမ်းရင့်မြို့လေးဟုလည်း သတ်မှတ်နိုင်ပါမည်။

နှစ်တစ်ရာအိမ်ကြီး

လွိုင်မွေမြို့လေးကို ကိုလိုနီခေတ်ကတည်ဆောက်ခဲ့ခြင်းဖြစ်ကာ ယနေ့ထက်တိုင် ကိုလိုနီခေတ်လက်ရာ အုတ်တိုက်နီနီလေးများဖြင့် သာယာလှပသော တောင်စခန်းမြို့လေးအဖြစ် ကမ္ဘာလှည့်ခရီးသည်များ အထူးနှစ်ခြိုက်စွာ လာရောက်လေ့လာလည်ပတ်ကြသည့် ဥရောပဆန်သောမြို့လေးလည်း ဖြစ်ပေသည်။ ထင်းရှူး၊ ယူကလစ်၊ ချယ်ရီ၊ မက်မန်း၊ ပင်စိမ်း၊ သစ်တော်၊ မက်မွန်ပင်များဖြင့် ဝန်းရံထားပြီး တိမ်ပြာပြာတို့ ထိစပ်နေသော လွိုင်မွေ မြို့လေး၏ အထူးထင်ရှားသော သင်္ကေတကား နှစ်တစ်ရာအိမ်ကြီးဟု လူသိများသည့် ကိုလိုနီခေတ်လက်ရာအဆောက်အအုံကြီး ဖြစ်လေသည်။ ရှေးယခင်က အင်္ဂလိပ် အရေးပိုင်မင်းနေထိုင်ခဲ့သည့်အိမ်ဟု ဒေသခံများက ပြောကြားသည့် ယင်းနှစ်တစ်ရာအိမ်ကြီးမှာ ၁၉၁၈ ခုနှစ်တွင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း ရေးထိုးထားသည့် မော်ကွန်းစာအရသိရပေသည်။ ထုထည် ခိုင်ခံ့စွာဖြင့် တည်ဆောက်ထားကာ ယနေ့ခေတ်လိုသံထည်များ မပါဘဲ ကျောက်တုံးကြီးများ၊ မြေအုတ်များဖြင့် လှပသေသပ်စွာ တည်ဆောက်ထားပြီး တောင်ပေါ်ဒေသ အလွန်အေးချမ်းသောရာသီဥတုနှင့် လိုက်လျောညီထွေစွာ အခန်းတိုင်းတွင် မီးလင်းဖိုကြီးများကို ထည့်သွင်းစီမံထားလေသည်။ အထူးအားဖြင့် လွိုင်မွေမြို့လေးကို အပေါ်စီးမှ ရှုမြင်နိုင်သည့် တောင်ကုန်းမြင့်မြင့်ပေါ်တွင် တည်ဆောက်ထားသည်မို့ မြို့လေး၏အလှကိုလည်း တစိမ့်စိမ့် ကြည့်ရှုနိုင်လေသည်။ နှစ်တစ်ရာအိမ်ကြီးတည်ရှိရာ တောင်ကုန်းပေါ်သို့ ရောက်ရှိသွားသည်နှင့် သန့်ရှင်းလတ်ဆတ်သော လေလေးကို သင်းပျံ့သော ထင်းရှူးနံ့၊ ယူကလစ်နံ့တို့နှင့်အတူ ရှူရှိုက်လိုက်ရသည်မို့ လန်းဆန်းတက်ကြွသွားစေမှုကလည်း ထူးခြားသောဆွဲဆောင်မှု တစ်ရပ်ပင်ဖြစ်သည်။ ထို့ကြောင့်လည်း နှစ်စဉ်နှစ်တိုင်း ဥရောပသားကမ္ဘာလှည့်ခရီးသည်များလာရောက်လည်ပတ်လေ့လာကြခြင်းဖြစ်ပေမည်။

ထို့အပြင် လွိုင်မွေဒေသ၏ ထင်ရှားသောအမှတ်သင်္ကေတကား ဒေသထွက် သစ်သီးများဖြင့်စီမံဖော်စပ်ထားသည့်ဝိုင်မျိုးစုံပင်ဖြစ်သည်။ ယနေ့ခေတ်လို ဓာတုဗေဒပစ္စည်းမျိုးစုံအရောအနှောတွေဖြင့် အစားအစာမျိုးစုံကို ထုတ်လုပ်နေကြချိန်ဝယ် လွိုင်မွေဒေသထွက် ချယ်ရီ၊ သစ်တော်၊ မက်မန်း၊ ပင်စိမ်း၊ မက်မွန်၊ စတော်ဘယ်ရီ၊ နာနတ်စသည့်သန့်ရှင်းလတ်ဆတ်သော သဘာဝသီးနှံများဖြင့် ရှေးရိုးစဉ်လာနည်းပညာအတိုင်း ထုတ်လုပ်ထားသည့်နှစ်ချို့ဝိုင်လေးများကား ချိုမြမြရှိန်းတိန်းတိန်းလေးဖြင့်သောက်သုံးသူတို့ နှစ်ခြိုက်ကြသည့် လွိုင်မွေဒေသ ထွက်ကုန်လည်း ဖြစ်ပေသည်။

သို့မို့ကြောင့်လည်း လှပသောတောတောင်သဘာဝကို ခံစားကာ လတ်ဆတ်သော လေကောင်းလေသန့်ကိုရှူရှိုက်ရင်း နှစ်ချို့ဝိုင်လေးများ၏ ချိုရှရှ အရသာကိုခံစားနိုင်စေဖို့အတွက် လွိုင်မွေတောင်စခန်းမြို့လေးနှင့် နှစ်တစ်ရာအိမ်ကြီးကို တစ်ခါတစ်ခေါက်လာရောက် လည်ပတ်ကာ အပန်းဖြေ အနားယူနိုင်ကြပါစေကြောင်း ဖိတ်ခေါ်ရေးသားလိုက်ရပါတော့သည်။ **မောင်ယဉ်ကျေး**

ရှေ့ယာဉ်ကိုကျော်တက်စဉ် ဆိုက်ကားနှင့်စက်ဘီးတိုက်မိ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ယမုံနာလမ်းအတိုင်း ဒေါပုံမှသန်လျင်သို့ ဒဂုံအရှေ့မြို့နယ်(၃)ရပ်ကွက်နေ စိုးရန်နောင်(၂၂ နှစ်) မောင်းနှင်လာသော ပရာဒိုယာဉ်သည် ဖေဖော်ဝါရီ ၂၀ ရက် ညနေ ၄ နာရီ မိနစ် ၄၀ ကမြင်တော်သာလမ်းထိပ် ဂိတ်ဟောင်း မှတ်တိုင်အနီးသို့ အရောက်တွင် ၎င်း၏ရှေ့မှ ယာဉ်ကို ကျော်တက်စဉ် သာကေတမြို့နယ် ၄/မြောက် ရပ်ကွက်နေ ကိုငယ်လေးချို(၃၅ နှစ်)စီးနင်းပြီး ဒေါပုံမြို့နယ် သဘော်ကျင်း ရပ်ကွက်နေ ဒေါ်ရီရီထွန်း(၃၅ နှစ်)နှင့် သမီးဖြစ်သူ မနွေ့ယွန်းဖြူ ခြောက်နှစ်ခြောက်လတို့ လိုက်ပါလာသည့်ဆိုက်ကားနှင့် တစ်မြို့တည်းနေ ဦးကြည်ဝင်း(၄၅ နှစ်)စီးနင်းလာသောစက်ဘီးတို့တိုက်မိခဲ့သည်။ ထိုသို့ တိုက်မိမှုကြောင့် ကိုငယ်လေးချိုနှင့် ဒေါ်ရီရီထွန်းတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး မနွေ့ယွန်းဖြူတွင်ဒဏ်ရာများရရှိခဲ့သဖြင့် ယာဉ်မဆင်မခြင်မောင်းနှင်သူ စိုးရန်နောင်ကို သာကေတမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

မီးဖိုပေါ်ယမ်းစိမ်းများ ဖိတ်ကျရာမှ မီးလောင်ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် ပင်းတယမြို့နယ် ပြည်သူ့ဆေးရုံတွင် ဖေဖော်ဝါရီ ၂၁ ရက်နံနက် ၉ နာရီ ၄၅ မိနစ်က ခန္ဓာကိုယ် မီးလောင်ဒဏ်ရာများဖြင့် လူနာတစ်ဦး ရောက်ရှိနေကြောင်း သတင်းအရ ပင်းတယမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ ပင်းတယမြို့နယ် ကျောက်တောကျေးရွာနေ ဦးမောင်လွင်(၄၈ နှစ်) စုတ်ပြဲ မီးလောင်ဒဏ်ရာများဖြင့် တွေ့ရှိရသည်။ စစ်ဆေးချက်အရ ဦးမောင်လွင်သည် ယင်းနေ့ နံနက် ၈ နာရီက နေအိမ်မီးဖိုချောင်အတွင်း ဆာလာအိတ်ဖြင့်ထည့်သိမ်းထားသည့် ကျေးရွာလမ်းဖောက်လုပ်ရာတွင် အသုံးပြုမည့် ယမ်းစိမ်း ၇၅ ကျပ်သားခန့်ကို ယူဆောင်လာစဉ် မီးဖိုပေါ်သို့ဖိတ်ကျ၍ မီးကူးစက်လောင်ကျွမ်းရာမှ ဒဏ်ရာများရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသဖြင့် ဦးမောင်လွင်ကို ပင်းတယမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

ယာဉ်နောက်ဆုတ်မောင်းနှင်စဉ် ကလေးငယ်ကိုကြိတ်မိ၍သေဆုံး

နေပြည်တော် ဖေဖော်ဝါရီ ၂၅

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့ အမှတ်(၁) စံပြရပ်ကွက်အတွင်း ဖေဖော်ဝါရီ ၂၁ ရက် ည ၇ နာရီခွဲကယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ စေတုတ္တရာမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့သည်။ စစ်ဆေးချက်အရ စေတုတ္တရာမြို့ အမှတ်(၁)စံပြရပ်ကွက်နေ သီဟစိုး(ခ)သားစိုး(၂၀ နှစ်)သည် ၎င်းမောင်းနှင်သည့် ၁က/---အီဖူးဖူး အဝါရောင်ခြောက်ဘီးယာဉ်ကို နောက်ဆုတ်မောင်းနှင်စဉ် လမ်းဖြတ်ကူးလာသည့် တစ်ရပ်ကွက်တည်းနေ မောင်ဇေယျာလွင်(၅နှစ်)ကို ယာဉ်၏ ယာဘက်နောက်ဘီးဖြင့်ကြိတ်မိ၍ ဒဏ်ရာများရရှိပြီး အခင်းဖြစ်နေရာတွင် သေဆုံးခဲ့ကြောင်း သိရသဖြင့် သီဟစိုး(ခ) သားစိုးကို စေတုတ္တရာ မြို့ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုရဲ**

အဘိဓမ္မာတတ်မှ ဘဝပညာတတ်မည် အဘိဓမ္မတက္ကသိုလ် (U.A)

အခြားမည်သည့်နေရာတွင်မှ မသင်ယူနိုင်သော မူလအသုံးချ အဘိဓမ္မာ၊ ပုဂ္ဂလပညတ် စသည့်ဘာသာရပ်များကို အင်္ဂလိပ်၊ မြန်မာနှစ်ဘာသာဖြင့် ၅-၄-၂၀၁၄ရက်(စနေနေ့) နံနက် ၈နာရီမှစ၍ သင်ကြားပို့ချမည်ဖြစ်ပါသည်။

- Superior Diploma Course in Abhidhamma Level I၊ အင်္ဂလိပ်နှင့် မြန်မာနှစ်ဘာသာဖြင့် ပုံမှန်သင်တန်းနှင့် အဝေးသင် သင်တန်း
(တနင်္လာနေ့၊ အင်္ဂါ ရုံးပိတ်ရက်မှအပ ကျန်နေ့များတွင် ရုံးချိန်အတွင်း သင်တန်းသားများ လက်ခံနေပါသည်။)

Dynamic English သင်တန်း တစ်မူထူးခြားသောသင်တန်း

- U.A တက္ကသိုလ်၏အဓိပတိ၊ အငြိမ်းစားသံအမတ်ကြီး ဦးမြသန်း(စာရေးဆရာ နော်ရထာဝင်း)ကိုယ်တိုင် ဦးဆောင်သင်ကြားမည်။
- ဆရာမအကယ်ဒမီဒေါ်ဆွေဇင်ထိုက်၊ ဆရာဦးတင်သိန်း၊ ဒေါ်အေးပတ္တမြား(M.A English) စသည့် ဆရာ ဆရာမများလည်း သင်ကြားပေးမည်။
- နေ့စဉ် အင်္ဂလိပ်စကားပြောမှစ၍ Phonetics အင်္ဂလိပ်ဝတ္ထုများ၊ ရုပ်ရှင်နှင့်မီဒီယာ သင်ခန်းစာများနှင့် Abhidhamma English အထိ သင်ကြားပေးမည်။
- တက္ကသိုလ်ဝင်သင်တန်းအောင်မြင်ပြီးသူ မည်သူမဆို လျှောက်ထားနိုင်သည်။
- B.A Degree Course in Abhidhamma အတွက် မတက်မဖြစ်တက်ရမည့် အကြိုသင်တန်းဖြစ်သည်။
- ဦးရာလူစနစ်ဖြင့် လက်ခံမည်။

သင်တန်းလျှောက်လွှာတင်ရန်နေရာ

- အဘိဓမ္မတက္ကသိုလ်(U.A)၊ ကမ္ဘာအေးဘုရားဝင်းအတွင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၆၅၅၇၅၆၊ ၆၅၇၈၆၃

အမည်ဖြည့်စွက်ခေါ်ပါရန်

မန္တလေးတိုင်းဒေသကြီး၊ သာစည်မြို့နေ (ဦးဌေးလွင်)-ဒေါ်ခင်ပုတို့၏သား ဉာဏ်သိန်းအား မျိုးကျော်သိန်းဟု ဖြည့်စွက်ခေါ်ပါရန်။

ဉာဏ်သိန်း(ခ)မျိုးကျော်သိန်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ ၁နှင့် ၅)

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး နယ်တရားမရုံး၌

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၄၅၅

၁။ ဦးဝင်းနိုင်	နှင့်	၁။ ဦးမြင့်လွင်
၂။ မအေးအေးမော်		၂။ ဦးစိုးသိန်း
၃။ ဦးဝင်းအောင်မိုး		၃။ ဒေါ်ခင်ခင်ပြုံး
		၄။ ဒေါ်သန်းသန်းဝင်း
		၅။ ဦးဟုတ်အင်း
		၆။ ဦးဟုတ်ဝှက်
တရားလိုများ		**တရားပြိုင်များ**

ယခင်လိပ်စာ-အမှတ်-၁၁၊ မြေညီထပ်၊ သီတာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ် (ယခုနေရပ်လိပ်စာမသိ) (၅) ဦးဟုတ်အင်း၊ (၆) ဦးဟုတ်ဝှက် သိစေရမည်။

သင့်အပေါ်၌ တရားလိုများက အမွေပုံပစ္စည်း စီမံခန့်ခွဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ ခုနှစ် မတ် ၁၀ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး (၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်း အကြောင်းကြားစာ

(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)

ရန်ကုန်အရှေ့ပိုင်းခရိုင် ခရိုင်တရားမရုံး၌

၂၀၁၄ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်-၅၀

ကွယ်လွန်သူ ဒေါ်သန်းမြင့်၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။

မောင်စံကျော် ၁၄/ဘကလ(နိုင်)၁၄၄၂၉၂ **လျှောက်ထားသူ**

မ-၄၊ ခေမာသီလမ်း၊ (၁၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်နေ မောင်စံကျော်က ကွယ်လွန်သူ ဒေါ်သန်းမြင့်၏သားဖြစ်သည်ဟူ၍ အထက်ပါလိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်သန်းမြင့်မှာ ကျန်ရှိရစ်သောပစ္စည်းပိုင်နက် ရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သောလျှောက်ထားကြောင်းကို အများလူတို့သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သန်းမြင့်မှာ ကျန်ရစ်သောပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၄ခုနှစ် မတ် ၁၄ ရက် (၁၃၇၅ခုနှစ် တန်ခူးလဆန်း ၁၄ရက်)တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ မောင်စံကျော်၏လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဥမ္မာတင်)
ဒုတိယခရိုင်တရားသူကြီး (၁)
ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး

အမှတ်တရခရီးသွားဆောင်းပါး

ချင်းတောင်တန်းမှ သဘာဝနှင့် အားပြိုင်နေသည့် ဖွံ့ဖြိုးတိုးတက်မှု အလှတရား

အယ်လ်ဘွေထန်း(ပြန်/ဆက်)

ကျွန်တော် အမေ့အိမ်နှင့် ဝေးကွာခဲ့သည်မှာ အနှစ် ၂၀ ကျော်ခဲ့လေပြီ။ ၂၀၁၃ ခုနှစ် မိုးတွင်းတစ်နေ့ ကျေးဇူးရှင်ဖေဖေ သက်ကြီးရောဂါဖြင့် ဖျားနေကြောင်း ဖုန်းလက်ခံရရှိသဖြင့် အမေ့အိမ်သို့ပြန်ရန် အကြောင်းဖန်လာသည်။ အနှစ် ၂၀ ကျော်ကာလ အဖေ့ရွာ၊ အမေ့အိမ်အပြန်လမ်းခရီး ချင်းတိုင်းရင်းသားတို့ပျော်စံရာ ချင်းတောင်ဒေသ ဖွံ့ဖြိုးတိုးတက်မှု အကြောင်း မျှဝေပေးလိုပါသည်။

မိမိသည် မူဆယ်မြို့မှ ရွှေမန်းမြို့၊ ထိုမှတစ်ဆင့် ဧရာဝတီမြစ်အနောက်ဘက် ပခုက္ကူသို့ ပြန်သွားခဲ့ရာ ခြောက်နာရီစွန်းစွန်းသာကြာတော့သည်။ စီးသွားသည့် ကားကလည်း ယခင်ခေတ်ကာလနှင့် ဘာမျှမဆိုင်တော့။ Town Age လိုင်းကားတဲ့။ ခရီးသည် ၁၀ ဦးသာ ခရီးစဉ်က သက်သာလွန်းလှသည်။ လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်ခန့်ကလို ပခုက္ကူမှ မြင်းခြံသို့ စုန်ဆန်သွားနေသော မူလ၊ မင်းဒင်စသည့် ရေယာဉ်ဖြင့် ဧရာဝတီမြစ်ကို ဆန်တက်လျက် မြင်းခြံဆိပ်ကမ်းသို့ ကပ်ရသည်။ ပခုက္ကူမှ မြင်းခြံ ရေယာဉ်(မော်တော်)ခမှာ ထိုစဉ်က လူကြီး လေးကျပ်၊ ကလေး သုံးကျပ်၊ မြင်းခြံရေဆိပ်မှ မန္တလေးမြို့ထဲသို့သွားရာတွင် ဒတ်ဆန်းကားဂိတ်သို့ မြင်းလှည်းဖြင့်သွားခဲ့ရသည်။ ယခုမူ ပခုက္ကူမြို့ မတူပီကြားစခန်းသို့ မွန်းလွဲ ၁ နာရီတွင်ရောက်သည်နှင့် အနောက်ဘက် ချင်းတောင်တန်းသို့သွားမည့် လူစီးဘတ်စ်ကားယာဉ်က အဆင်သင့်စောင့်နေသည်။

ည ၁၀ နာရီတွင် ချင်းတောင်တန်း၏ မြေပြန့်ထွက်ပေါက် ကျောက်ထုမြို့သို့ ရောက်လေသည်။ တစ်ချိန်က ကျောက်ထုနှင့် ပခုက္ကူမြို့ကို ကုန်တင်ကားဖြင့် တစ်နေကုန်သွားရသော်လည်း ယခုတွင် ၇ နာရီဖြင့် နေ့တစ်ဝက်ခန့်သာ သွားရတော့သည်။ ပြောင်းလဲတိုးတက်မှုတစ်ခုဟု ခံစားရပါသည်။ သို့နှင့် ချင်းတောင်တန်းအဝင် ခရိုင်မြို့ မင်းတပ်သို့ ရောက်ရှိရန် ၁၈ မိုင်သာလိုတော့သည်မို့ ခရီးဆက်ကြရသည်။ အိပ်ချိန်ဖြစ်သော်လည်း မရောက်တာကြာ၍ ပတ်ဝန်းကျင်ကို စိတ်ဝင်စားနေမိသည်။ တောင်ပေါ်နယ်ခြားရောက်၍ စိမ့်ကနဲအေးပြီး လေနုအေးတိုက်သွားသည်ကို သတိပြုမိသည်။ ထို့ထက်သာ၍ ထူးခြားချက်မှာ ပခုက္ကူနှင့် ကျောက်ထုအကြား မိုင် ၁၀၀ ခန့်ခရီးကို ခရီးကြမ်းကဲ့သို့ စီးလာခဲ့သော်လည်း ချင်းတောင်တန်းမှာမူ ညင်သာလွန်းနေတော့သည်။ တောင်တက်အကွေ့အကောက်မှလွဲပြီး ကားခုန်ခြင်း၊ ရုတ်တရက်ဘရိတ်အုပ်ခြင်းမရှိ၊ ချောမွေ့လမ်းသို့နှယ် တကယ်ပင် ချင်းတောင်တန်းလမ်းကား ကတ္တရာလမ်းအပြည့် ယာဉ်မောင်းသည်ပင် သက်တောင့်သက်သာရှိကြောင်း ပြောလာသည်။ ငယ်စဉ်က မင်းတပ်မြို့တွင် တစ်နှစ်သာ နေခဲ့ဖူးသည်မို့ မြို့တွင်းသို့သွားပြီး အပေါင်းအသင်းမိတ်ဆွေများကို နှုတ်ဆက်ချင်သော်လည်း အချိန်မပေးနိုင်ခဲ့။ မိုးသောက်သည်နှင့် ၁၀၂ မိုင်ရှိနေသေးသော ဇာတိမြေ မတူပီမြို့သို့ ဆောလျင်စွာ ထွက်ခွာခဲ့သည်။ မင်းတပ်မြို့အထွက် နိုင်ငံတော်စိုက်ပျိုးရေး ဥယျာဉ်ခြံမြေ ပန်းသီး၊ သစ်တော်သီး၊ စတော်ဘယ်ရီသီး၊ ထောပတ်သီး သီးနှံမျိုးစုံ စိုက်ပျိုးအောင်မြင်ခဲ့သော ခြံကို အမှတ်ထင်ထင် သတိပြုမိသည်။ ယခုအခါ စနစ်တကျပြုစု ခြင်းမရှိ၍လားမသိ သစ်သီးဝယ်ချင်တောင် မရတော့ကြောင်း ပြောလာပါသည်။ တစ်ချိန်က ဤခြံ၌ ပန်းသီးရာသီတွင် ကိုယ်တိုင် ခြံအရောက်ဝယ်ယူပါက တစ်ပိဿာလေးကျပ်ဖြင့် ကြိုက်သလောက် သယ်သွားရုံ။ မိမိနှင့်အဖွဲ့သည် တစ်ပိဿာဝယ်ပြီး ပန်းသီးပင်အောက်ကြွေသီးကို ခြင်းတောင်းနှင့်အပြည့် ထမ်းသွားခဲ့ဖူးသည်။ ပြောင်းလဲနေသော နိုင်ငံရေး ဈေးကွက်စီးပွားရေးလမ်းကြောင်းနှင့်အညီ ထိုဥယျာဉ်ခြံများကို ခေတ်မီနည်းစနစ်ဖြင့် ပြုပြင်ပြောင်းလဲစိုက်ပျိုးပါက ဈေးကွက်ရရှိပြီး အလုပ်လက်မဲ့မှု လုပ်သားစွမ်းအားအရင်းအမြစ်ကို ဖြေရှင်း၍ ချင်းတိုင်းရင်းသားများ ပြည်ပ ဝေးမြေခြားသို့ အလုအယက်သွားရန်မလိုကြောင်း တွေးမိသည်။

ပန်းသီးရာသီတွင် တစ်ပိဿာလေးကျပ်ဖြင့် ကြိုက်သလောက်သယ်သွားရုံ . . .

၁၆ မိုင် ဗိုလ်တဲစခန်းတွင် တောင်ပေါ်ကျောက်ထွင်းရေထွက်တွင် ရပ်နားကြသည်။ ကျောက်ကြားထွက်ရေကြည်လင်အေးစိမ့်ကို တစ်ဝသောက်ခဲ့ကြသည်။ ဤစိမ့်ရေကား PH-7 အတိ အပိုအလိုမရှိကြောင်း နိုင်ငံရပ်ခြားပညာရှင်များမှ မှတ်ချက်ပြုထားကြောင်း သိရသည်။

ထိုမှ မိုင် ၃၀ ဗိုလ်တဲစခန်း ပင်လယ်ရေမျက်နှာပြင် အမြင့်ပေ ၆၀၀၀ ကျော်တောင်တန်းများ၊ တောင်ထိပ်လွင်ပြင်၊ မြေပြင်လျှောများရှိရာ ဒုတိယကမ္ဘာစစ်ကာလ ဖက်စစ် စစ်တပ်ဤနေရာထိ ရောက်ခဲ့ဖူးသည်။ တောင်တန်းလွင်ပြင် သဘာဝရှုခင်း၊ သစ်တောကြိုးဝိုင်းနှင့် ချင်းတောင်တန်း ပန်းဘုရင်မ တောင်ဇလပ်ပန်းတို့ပွင့်ချိန် စွေးစွေးနီလျက် ကမ္ဘာဦးက အတိုင်း သစ်တောကြိုးဝိုင်းများ ရှိနေသေးသည်။ သဇင်နှင့် သစ်ခွပန်းမျိုးနွယ်များ တွေ့မြင်ရသေးသည်။ ရှားပါး သစ်ခွမျိုးများ ပေါချင်တိုင်းပေါပြီး တောင်ပေါ်ပင်မြင့်တွင် လှပခဲ့သော မြင်ကွင်းများ ယခုအခါ လမ်းဘေးဝဲယာတွင် အနည်းငယ်ကျန်ရှိနေသည်။

တောင်ပေါ်မြို့ မတူပီ(ချင်းတောင်)လမ်းခရီးလည်း ချောမွေ့နေသည်။ တောင်တက် တောင်ဆင်း အကွေ့တိုင်း ဗျူးပွိုင့်က ပန်းချီကားတစ်ချပ်သဖွယ် လှပ၍ ရှုမဆုံးတော့သည်။ ယာဉ်မောင်းများကလည်း ချင်းတိုင်းရင်းသားများအကြိုက် “တောင်ပေါ်ခေါင်ရည်ချိုမြမြ တစ်ခွက်လောက်သောက်ရင် အမောပြေ” သီချင်းကို ဖွင့်ပေးနေသည်။ မတူပီ ရောက်ဖို့နီးလေ လမ်းဘေးတစ်လျှောက် စိုက်ခင်းများ ခပ်စိပ်စိပ်တွေ့ရသည်။ စပါး၊ ပြောင်း၊ လူးများမဟုတ်၊ ပန်းသီး၊ သစ်တော်၊ စပျစ်ခြံ၊ လိမ္မော်ခြံ၊ သရက်ခြံလည်းမဟုတ်။ စီးပွားဖြစ် ဝဉ (Kham Bal) စိုက်ခင်းများဖြစ်သည်။ ဝဉစိုက်ပျိုးမှုဖြစ်ထွန်းသဖြင့် ဒေသခံတိုင်းရင်းသားများ စီးပွားဖြစ်ထွန်းနေကြောင်း၊ ကျေးရွာတိုင်း ဝဉစိုက်ခင်းရှိကြောင်း၊ ဒေသခံတိုင်းရင်းသားများ ပြည်ပသို့ မသွားကြတော့ဘဲ မိမိဒေသတွင်ပင် အလုပ်အကိုင်အခွင့်အလမ်း ရရှိသကဲ့သို့ တိုက်တာများနှင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိကြောင်းကို မတူပီမြို့ရောက်သည်နှင့် ကိုယ်တွေ့မြင်ရလေသည်။ အစိုးရဌာနဆိုင်ရာ အဆောက်အအုံများ၊ ယခင်က တောင်ပေါ်သက်ငယ်မိုး ပျဉ်ထောင်အိမ်များမှသည် တစ်မြို့လုံးနီးနီး တိုက်တာအိမ်များဖြစ်နေလေပြီ။ မတူပီမြို့မရောက်မီ တွေ့ခဲ့ရသော ကျေးရွာတိုင်းလိုလို ကိုယ့်အားကိုယ်ကိုး စမ်းချောင်းရေအားလျှပ်စစ်မီးနှင့် ကျေးရွာအိမ်များတွင် ရုပ်မြင်သံကြားပြစက်နှင့် ဖွံ့ဖြိုးပြောင်းလဲမှုကား ခေတ်နောက်ကျခြင်းမရှိလှကြောင်း တွေ့ရပေသည်။ ချင်းတိုင်းရင်းသားများ၏ အတတ်ပညာ၊ ပညာရေး ကြိုးပမ်းဆည်းပူးရှာဖွေခြင်းကား အကျိုးမယုတ်ခဲ့။ နိုင်ငံ့ဂုဏ်တင့်စေခဲ့လေပြီ။ ၁၉၇၀ ဝန်းကျင်ခန့်က မတူပီမြို့နယ်တွင် ဘွဲ့ရကျောင်းသား ၁၀ ဦး ဝန်းကျင်ခန့်သာရှိခဲ့သည်။ ယခုတွင်ကား မရေတွက်နိုင်ခဲ့တော့။ ပညာသင်၍ နိုင်ငံတော်အတွက် ပြည်သူ့ဝန်ထမ်းအဖြစ် အမှုထမ်းများသည်လည်း များစွာရှိလာနေသည်။ နှစ်ပေါင်း ၃၀ ကာလတစ်ခုအတွင်း မြို့ပြကျေးလက် တိုးတက်ဖွံ့ဖြိုးမှုကား များစွာပင်။ လမ်းဘေးဝဲယာတွင် ကုန်စုံဆိုင်၊ စတိုးဆိုင်နှင့် ဆက်သွယ်ရေးအနီးအဝေးပြော တယ်လီဖုန်းဆိုင်ကလေးများ၊ ပြည်ပသို့ တိုက်ရိုက်ဆက်သွယ်နိုင်သော အင်တာနက်ဆိုင်များဖြင့် မြို့တစ်မြို့တွင်ရှိသင့်လှသော မြို့ပြအင်္ဂါရပ်နှင့် ပြည့်စုံနေသောကြောင့် သွေးချင်း တိုင်းရင်းသားများပျော်စံရာ ချင်းတောင်မြို့၏ ဒေသဖွံ့ဖြိုးနေမှုကို မြန်မာနိုင်ငံအရပ်ရပ်မှ တိုင်းရင်းသားဆွေမျိုးများအားလုံးကို မျှဝေခံစားတင်ပြလိုက်ရပါသည်။

ဘော့ကျေးရွာအမကသို့ စာရေးခုံများလှူဒါန်း

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ကုက္ကိုကျေးရွာအုပ်စု ဘော့ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် လိုအပ်နေသော စာရေးခုံ ၁၈ စုံ၊ ဘီဒို တစ်လုံး၊ စားပွဲသုံးလုံးနှင့် ကုလားထိုင်လေးလုံးအား ရန်ကုန်မြို့ရှိ အလင်းရောင်နှလုံးသားများ ပရဟိတအဖွဲ့မှ စုပေါင်းလှူဒါန်းခဲ့သည်။

အလင်းရောင်နှလုံးသားများအဖွဲ့မှ ဦးမင်းသန့်ဆွေက “ကျွန်တော် အလုပ်ကိစ္စနဲ့ ဘော့ကျေးရွာရောက်တော့ ကလေးတွေက တမံသလင်းပေါ်မှာထိုင်ပြီး စာသင်နေရတယ်။ အဲဒါနဲ့ ကျွန်တော့်အဖွဲ့က မိတ်ဆွေတွေကို ပြောပြပြီး လာလှူတာပါ” ဟု ပြောပြသည်။ ဘော့ကျေးရွာသည် သနပ်ပင်မြို့နယ်နှင့် ၂၂ မိုင်ကွာဝေးပြီး အများစုမှာ လက်လုပ်လက်စားများဖြစ်ကြောင်း သိရသည်။

တင်အောင်ဆန်း(သနပ်ပင်)

ကန့်ကွက်နိုင်ကြောင်းကြေညာချက်

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ရလပ-၂၂၊ မြေကွက်အမှတ် ၁၁၅၀၊ အကျယ်အဝန်း(ပေ၄၀× ပေ၆၀)ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ ရွှေလင်ပန်းရပ်ကွက်၊ ကမ်းပတ်လမ်း၊ အကွက်အမှတ်(၁၁၅၀) ဟုခေါ်တွင်သောမြေကွက်ကို အဆက်အစပ်စာချုပ်များဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဝါဝါသန်း ၁၂/ကတတ(နိုင်)၀၀၂၅၆၆ က တရားဝင်ပိုင်ဆိုင်ကြောင်းဝန်ခံပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေများက ၂၀-၂-၂၀၁၄ ရက်တွင် စရန်ငွေပေးချေဝယ်ယူပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကို ကန့်ကွက်လိုသူများသည် ကြေညာချက်ပါသည့်ရက်မှ ၁၀ ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်မိုးစန္ဒာမြင့်
LL.B,Dip in Business Law
WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၉၁)
ခြံအမှတ် ၆၈/A၊ သမာဓိ ၆ လမ်း၊ ကမ္ဘာအေး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၆၀၆၄၂၊ ၀၉-၅၀၀၅၃၂၃

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်တင်တင်လှိုင် ၁၂/ဥကမ(နိုင်)၀၆၇၇၉၁ ၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်ရှိ အလျားပေ ၂၀×အနံပေ ၆၀ ရှိ မြေတိုင်းရပ်ကွက်အမှတ် (၉)၊ မြေကွက်အမှတ် ၇၀၁/ခ သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အမည်ပေါက် ဦးစန်းဝေထံမှ ကျွန်ုပ်၏ မိတ်ဆွေက ၉-၁-၁၉၉၀ ရက်တွင် အပိုင်ဝယ်ယူနေထိုင်ခဲ့ပါသည်။ ယခုအခါ မြေချပါမစ်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် မြေချပါမစ်ပျောက်ဂရန်သစ်လျှောက်ထားမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများတင်ပြပြီး ကျွန်ုပ်ထံတွင် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဇော်မျိုးထက် LL.B အထက်တန်းရှေ့နေ (စဉ်-၂၉၁၉၁)
အမှတ် ၁၀၅/ခ၊ အောင်သိဒ္ဓိ ၄ လမ်း၊ (၂၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊
ဖုန်း-၀၉-၄၂၀၀၈၇၁၇၇၊ ၀၉-၃၁၂၆၄၀

အယူတော်ခံမှုကိုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို အယူတော်ခံတရားပြိုင်များသို့ကြားသိစေသည့် အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်
၂၀၁၄ခုနှစ် တရားမပထမအယူခံမှုအမှတ်-၁

ဦးအောင်ကြည်သိန်း	နှင့်	၁။ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) (စက်မှုလက်မှုငွေချေးဌာန) (၄င်း၏မန်နေဂျာ) ၂။ ဗိုလ်မှူးလှဌေး(ငြိမ်း) ၃။ ဒေါ်ခင်စန်းဝင်း အမှတ် ၂၀၊ ၂ လမ်း၊ ရွှေနံ့သာစံပြမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။
အယူခံတရားလို		**အယူခံတရားပြိုင်များ**

၂၀၁၃ခုနှစ် အောက်တိုဘာ ၂၅ ရက်စွဲပါ ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ်-၂၇၈/၂၀၁၁ ကို အယူတော်ခံမှု။

အထက်အမည်ပါအမှုမှ အမှတ် (၂)၊ (၃) အယူခံတရားပြိုင်များ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ယခုအမှုတွင် ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်က ချမှတ်ပေးသည့်ဒီကရီကို ဦးအောင်ကြည်သိန်းက အယူတော်ခံရာ ဤရုံးတော်တွင် မှတ်တမ်းတင်စာရင်းသွင်း ဤအယူခံမှုကို ၂၀၁၄ ခုနှစ် မတ် ၁၄ရက် (၁၃၇၅ ခုနှစ် တပေါင်းလဆန်း ၁၄ရက်)တွင် ဆိုင်ရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သင်တို့ရှေ့နေဖြစ်စေ၊ အယူခံမှုတွင် သင်တို့အတွက် ရှေ့ဆောင်ရန် တရားဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ ဤရုံးသို့ မလာမရောက်ရှိခဲ့လျှင် ၄င်းအယူခံမှုကို သင်တို့မျက်ကွယ်တွင် စီရင်ဆုံးဖြတ်လိမ့်မည်။

ထို့ပြင် သင်တို့က အယူခံနိုင်ခွင့်ရှိသော ဤအမှုတွင် ဒီကရီကို အမိန့်-၄၁၊ နည်းဥပဒေ-၂၂ အရ ကန့်ကွက်လိုလျှင် အမိန့်-၄၁၊ နည်းဥပဒေ-၂၂အရ ချိန်းဆိုထားသောအချိန်အတွင်း ဤကဲ့သို့ သင်တို့က ကန့်ကွက်ကြောင်း ဤအယူခံရုံးတော်၌ အကြောင်းကြား အစီရင်ခံစာတင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၂၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

အမိန့်အရ-

(ကျော်စွာငြိမ်း)
ဒုတိယညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်

ငွေချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ပြည်ကြီးတံခွန်မြို့နယ်တရားရုံးတော်
၂၀၁၄ခုနှစ် တရားမကြီးမှုအမှတ်-၇

ဦးရီချန်	နှင့်	ဦးအောင်လွင်
တရားလို		**တရားပြိုင်**

မန္တလေးမြို့၊ ၇၅ လမ်း၊ ၃၁×၃၂ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့နေ ဦးအောင်လွင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် (ယ-၆)၊ ဦးပိုင်(၉)မြေကွက်နှင့်ပတ်သက်၍ တရားလို တရားဝင်ပိုင်ဆိုင်ကြောင်း မြွက်ဟကြေညာ ပြဋ္ဌာန်းပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၄ခုနှစ် မတ် ၁၀ရက်(၁၃၇၅ ခုနှစ် တန်ပေါင်းလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၄င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင် တရားလိုက ကြည့်ရှုလိုသည့် သက်ဆိုင်သည့်စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည် သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(စိုးဝင်း)
မြို့နယ်တရားသူကြီး
ပြည်ကြီးတံခွန်မြို့နယ်တရားရုံး

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ရန်ကုန်မြို့ ပန်းခြံများ အဆင့်မြှင့်တင်မွမ်းမံခြင်းအတွက် ငွေကျပ် ၁ ဒသမ ၉ ဘီလီယံလျာထား

ရန်ကုန် ဖေဖော်ဝါရီ ၂၅

လာမည့် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း သခင်မြပန်းခြံ၊ ကမာရွတ်အင်းလျားပန်းခြံနှင့် အင်းစိန်မြို့နယ်ရှိ နံ့သာမြိုင်ပန်းခြံတို့ကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းဌာနက သိရသည်။

အဆိုပါဌာနမှ လာမည့်ဘဏ္ဍာရေးနှစ်အတွင်း ပန်းခြံနှင့် အားကစားကွင်းများ အဆင့်မြှင့်တင်ရေးအတွက် အသုံးပြုမည့် ဘတ်ဂျက်ပမာဏမှာ ငွေကျပ် ၁ ဒသမ ၉ ဘီလီယံ လျာထားပြီးအဆင့်မြှင့်တင်မည့် ပန်းခြံသုံးခုအပြင် တောင်ဥက္ကလာပမြို့နယ်ရှိ သုမင်္ဂလာပန်းခြံ၊ ဒဂုံမြို့နယ်ရှိ ဇီဝကပန်းခြံ၊ စမ်းချောင်းမြို့နယ်ရှိ ပဒုမ္မာပန်းခြံ၊ ပုဇွန်တောင်မြို့နယ်ရှိ ဇေယျာမြိုင်ပန်းခြံ၊ ဒဂုံမြို့သစ်အရှေ့ပိုင်းရှိ ဒဂုံအရှေ့ပန်းခြံနှင့် ဒဂုံဆိပ်ကမ်းပန်းခြံ၊ ဒဂုံမြို့နယ်ရှိ ဒဂုံပန်းခြံ၊ ဗဟန်းမြို့နယ်ရှိ သွေးဆေးကန်ပန်းခြံ၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကန်တော်ကြီး ပုလဲမဟာမြိုင်ပန်းခြံ၊ လှိုင်သာယာမြို့နယ်ရှိ ဘုရင့်နောင်ပန်းခြံ၊ အင်းစိန်မြို့နယ်ရှိ အင်းစိန်ပန်းခြံ၊ ဒလမြို့နယ်ရှိ ဒလ ပန်းခြံတို့ကိုလည်း မွမ်းမံပြုပြင်သွားမည် ဖြစ်ကြောင်း သိရသည်။

အဆင့်မြှင့်တင်ခြင်း လုပ်ငန်းများ၌ အဆောက်အအုံနှင့် တည်ဆောက်မှုများ ပြုပြင်မွမ်းမံခြင်း၊ သာယာလှပစေရေး၊ မြက်ခင်းနှင့် ပန်းမန်များစိုက်ပျိုးခြင်း၊ ဝန်ထမ်းများ၏ လစာများနှင့် အထွေထွေအသုံးစရိတ်များ ပါဝင်ကြောင်း သိရသည်။

ခင်ရတနာ

ယမန်နှစ်က အဆင့်မြှင့်တင်ထားခဲ့သည့် မဟာဗန္ဓုလပန်းခြံအတွင်း ပြည်သူများ နေ့စဉ်လာရောက် အပန်းဖြေလျက်ရှိသည်။

ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ကျေးလက်ဒေသစွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့ ကွင်းဆင်းစစ်ဆေး

တာချီလိတ် ဖေဖော်ဝါရီ ၂၅

ရှမ်းပြည်နယ် (အရှေ့ပိုင်း)တာချီလိတ်မြို့နယ်တွင် ၂၀၁၃ ခုနှစ် မွေးမြူရေး အကောင်းဆုံးလုပ်ငန်းရှင်နှင့် မွေးမြူရေးထုတ်လုပ်မှု အကောင်းဆုံး လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများကို ကျေးလက်ဒေသစွမ်းဆောင်ရည်ဆုရွေးချယ်ရေးအဖွဲ့က ဖေဖော်ဝါရီ ၂၀ ရက် နံနက် ၁၀ နာရီတွင် လုပ်ငန်းခွင်များသို့ သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

၂၀၁၃ ခုနှစ် မွေးမြူထုတ်လုပ်မှု အကောင်းဆုံးမွေးမြူရေးသမား ဆုပေးရန်အတွက် ရွေးချယ်ခြင်းခံထားရသော တာချီလိတ်မြို့နယ် ဟောင်လိတ်ကျေးရွာအုပ်စု လွယ်စီတိုကျေးရွာရှိ ဒေါ်နီနီစိုး၏ ဝက်မွေးမြူရေးခြံ၊ ကြက်ခြံနှင့် ငါးမွေးမြူထားရှိသော ကျောက်စိမ်းကန်များသို့ သွားရောက်ပြီး လုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်ထားမှု ရှိ၊ မရှိနှင့် မွေးမြူရေးခြံအတွင်း ဝက်၊ ကြက်၊ ငါးများ မွေးမြူထားမှု ရှိ၊ မရှိ တို့ကို သွားရောက် စစ်ဆေးခဲ့သည်။

အဆိုပါ ရွေးချယ်ခံရသူတစ်ဦးကို ဗဟိုအဆင့်ပြိုင်ပွဲများသို့ ဆက်လက်ပို့ဆောင်ပေးသွားမည် ဖြစ်ကြောင်းနှင့် မွေးမြူသူမှာ စုစုပေါင်းတိရစ္ဆာန်မွေးမြူမှု ရာခိုင်နှုန်း၊ မွေးမြူရေးသုံး စက်ကိရိယာများသုံးစွဲနိုင်မှု၊ သိပ္ပံနည်းကျမွေးမြူနည်းစနစ်များ လိုက်နာဆောင်ရွက်နိုင်မှု၊ အဆင့်မြင့် မွေးမြူရေးခြံများ ဖော်ထုတ်မွေးမြူနိုင်မှု၊ လူမှုရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်မှု၊ မွေးမြူရေးသမားများ၏ ယုံကြည်အားကိုးမှုနှင့် ထူးခြားစွာဆောင်ရွက်နိုင်မှု စသည့်အချက်များနှင့် ကိုက်ညီသည့် မွေးမြူရေးသမားတစ်ဦးကို ရှမ်းပြည်နယ် ကိုယ်စားပြုအနေဖြင့် ရွေးချယ်ခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတ၏ နိုင်ငံစွမ်းဆောင်ရည်ဆု ရွေးချယ်ရေးအတွက် ကျေးလက်ဒေသစွမ်းဆောင်ရည် ဆုရွေးချယ်ရေးအဖွဲ့မှ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယ ရုံးအဖွဲ့မှူး ဦးအောင်ဇံထွေး၊ ဦးတင်ထွဋ် (ဦးစီးအရာရှိ)၊ ပြည်နယ်တိရစ္ဆာန်ဆေးကုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာစိန်ဝင်းနှင့်တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးခဲ့သည်။

မြင့်မိုရ်(တာချီလိတ်)

သတင်းတိုများ

သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြပါ

သစ်တောကဏ္ဍမြှင့်တင်ရေး ဆောင်ရွက်ချက်အရ ဖေဖော်ဝါရီ ၂၃ ရက်က အလုံမြို့နယ် သစ်တောဦးစီးဌာန တောအုပ်ကြီး ဦးခင်မောင်ရွှေ၊ ရပ်မိရပ်ဖ ဦးမြင့်ကြည်နှင့် သစ်တောဝန်ထမ်းများက ကြည့်မြင်တိုင်မြို့နယ် လှိုင်မြစ်တစ်ဖက်ကမ်းရှိ ဝါးရုံဆိပ်ရပ်ကွက်၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောကဏ္ဍမြှင့်တင်ရေးဟောပြောဆွေးနွေးခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဇော်လင်းနှင့် ပြည်သူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

ကိုကြီးတင်

လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး အသိပညာပေး

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ ဟောင်လိတ်ကျေးရွာ၌ ဖေဖော်ဝါရီ ၂၂ ရက်က တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ မူးယစ်တပ်ဖွဲ့ဝင်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့ဝင်များအား လုပ်ငန်းခွင်မပျက်စေဘဲ အသိပညာပေးသင်တန်းကို လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စိတ်မှူးရုံး အစည်းအဝေးခန်းမ၌ ဖွင့်လှစ်ခဲ့သည်။ စုစုပေါင်းသင်တန်းသား ၄၀ တက်ရောက်ခဲ့ပြီး ရှာဖွေခြင်း၊ သိမ်းဆည်းခြင်း၊ ဖမ်းဆီးခြင်းဆိုင်ရာနှင့် လူကုန်ကူးမှုဆိုင်ရာ အခြေခံလုပ်ငန်းလမ်းညွှန်စာအုပ်များကို ဖြန့်ဝေပေးခဲ့သည်။ သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ဝင်းထွန်းနှင့် တပ်ဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

မြင့်မိုရ်(တာချီလိတ်)

ရေးမြို့၌ ပင်မရေနုတ်မြောင်းတူးဖော်ခြင်းဆောင်ရွက်

မွန်ပြည်နယ် ရေးမြို့ ရန်ကြီးအောင်-ရန်မျိုးအောင်တိုးချဲ့ကွက်သစ်ဗညားရဲလမ်းဘေးရှိ ပင်မရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၁၉ ရက် နံနက်ပိုင်းက ဆောင်ရွက်ရာ ရန်ကြီးအောင်-ရန်မျိုးအောင်မြို့နယ်စည်ပင်မှ ပူးပေါင်းပြီး မြောင်းအရှည်တစ်ဖက် ပေ ၁၀၀၀ စီ ပျမ်းမျှအကျယ် ခြောက်ပေ၊ အနက် လေးပေ တူးဖော်ခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်က မြေတူးစက်ဖြင့် ပံ့ပိုးပေးပြီး ရပ်ကွက်နေ ပြည်သူများကလည်း လိုအပ်သည့်ကုန်ကျစရိတ်များကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးသည်။ အဆိုပါရေနုတ်မြောင်းတူးဖော်ခြင်းအားဖြင့် မြို့တွင်းမှ ဆင်းသက်လာသောရေများသည် ရေးမြစ်အတွင်းသို့ အဟန့်အတားမရှိ ရေစီးရေလာအဆင်ပြေကောင်းမွန်စွာ ဆင်းသက်နိုင်မည်ဖြစ်ကြောင်းသိရသည်။

နေမျိုးထွဋ်(ရေး)

မကွေး၌လက်သမားနှင့်ပန်းရန်သင်တန်းများဖွင့်လှစ်ပေး

မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဖွင့်လှစ်သည့် လက်သမားအတတ်ပညာသင်တန်းနှင့် ပန်းရန်အတတ်ပညာသင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၂၄ရက်က အောင်မြေကုန်းနှင့်ယာစမ်းကွက်ကျေးရွာများတွင် ကျင်းပရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်က အမှာစကားပြောကြားပြီး သင်တန်းသားများကို သင်တန်းဆင်းလက်မှတ်များပေးအပ်သည်။ ကျေးရွာတစ်ရွာလျှင် လက်သမားလုပ်ငန်းသုံးနှင့် ပန်းရန်လုပ်ငန်းသုံးကိရိယာပစ္စည်းငါးစုံစီတို့ကို ပေးအပ်ခဲ့ပြီး သင်တန်းကို ခွင့်ပြုရန်ပုံငွေကျပ်သိန်း ၁၂၀ ဖြင့် ကျေးရွာတစ်ရွာလျှင် သင်တန်းသား ၆၀ တက်ရောက်ခွင့်ရရှိခဲ့သည်။

ခင်မာလာ(မကွေး)

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ယဉ်ကျေးလိမ္မာသင်တန်းနည်းပြ ဆရာ ဆရာမများ မွမ်းမံသင်တန်းခေါ်ယူခြင်း

မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်း ဗဟိုအလုပ်အမှုဆောင်ကော်မတီ ပြည်တွင်းထေရဝါဒ ဗုဒ္ဓဘာသာပြန့်ပွားရေးဆပ်ကော်မတီမှ ကြီးမှူးဖွင့်လှစ်သော ယဉ်ကျေးလိမ္မာဆရာဖြစ် သင်တန်းအမှတ်စဉ် (၁၊ ၂၊ ၃)သင်တန်းဆင်းနည်းပြ ဆရာ ဆရာမများမွမ်းမံ သင်တန်းကို တံတားလေးလမ်းဝရှိ ဇမ္ဗူသီရိဗိမာန်တော်တွင် ကျင်းပပြုလုပ်ရန်ရှိပါသည်။

(၁/၂-၃-၂၀၁၄) နှစ်ရက်ကြာပို့ချမည့်သင်တန်းသို့ ယဉ်ကျေးလိမ္မာသင်တန်းနည်းပြဆရာ ဆရာမအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဖွင့်လှစ်မည့်နေ့ရက် - ၁-၃-၂၀၁၄ရက်(စနေနေ့)
ဖွင့်လှစ်မည့်အချိန် - နံနက် ၈း၀၀ နာရီ
ဖွင့်လှစ်မည့်နေရာ - ဇမ္ဗူသီရိဗိမာန်တော်တံတားလေးလမ်းဝ၊ မရမ်းကုန်းမြို့နယ်

သင်တန်းတက်ရောက်မည့် ဆရာ ဆရာမများအားလုံးသည် မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂ္ဂဟအသင်းရုံးချုပ်သို့ ၂၆-၂-၂၀၁၄ ရက် နောက်ဆုံးထား၍ စာရင်းပေးပို့ရမည်ဖြစ်ကြောင်းနှင့် ဖုန်း-၀၁-၆၅၅၉၇၃၊ ၆၅၆၆၂၇ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း	ယာဉ်အမှတ် ၁က/၃၈၆၃၊ Hino TE 21 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်လွင်ဦး ၉/ပမန(နိုင်)၁၂၇၃၁၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက် နိုင်ပါသည်။ **ကညန၊ နေပြည်တော်**

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၇၊ မြေကွက်အမှတ် ၁၀၂၂ ၁/၂၊ မြေကွက်တည်နေရာအမှတ်-၁၀၂၂ ၁/၂၊ ၁၇လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးချစ်တင်အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးချစ်တင်နှင့်ဇနီး ဒေါ်လှကြည်ကွယ်လွန်သဖြင့် ဒေါ်အေးအေးဝင်း ၁၂/ဥကတ(နိုင်)၀၈၈၇၀၆၊ ဦးကျော်ဝင်း ၁၂/ဥကတ(နိုင်)၀၈၈၇၈၈၊ ဒေါ်တိုးတိုး ၁၂/ဥကတ(နိုင်)၀၈၆၇၀၄၊ ဒေါ်ဘေဘီခင် ၁၄/၀ခမ(နိုင်)၁၀၄၅၆၅၊ ဒေါ်သန်းသန်းဝင်း ၁၂/ဥကတ (နိုင်)၀၈၈၈၁၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

New Light Co., Ltd. မှ ရောင်းမည်

၁။ ပေ (၅၀×၇၅)၊ ဂရန်၊ ကျပ်သိန်း ၁၃၀၀၀၊ နဝဒေး၊ မရမ်းကုန်း (မြေ)
၂။ ပေ (၆၅×၂၀၀)၊ ဂရန်၊ 4RC, 35R၊ မစိုးရိမ်လမ်း၊ မရမ်းကုန်း၊ ဟိုတယ်ကောင်း
၃။ ပေ (၉၀×၁၁၇)၊ ဂရန်၊ 2RC, 5MR, 2BR၊ ရေကူးကန်ပါ၊ ကမ္ဘာအေးဗီလာ၊

ဖုန်း-၀၉-၅၀၂၁၁၆၃၊ ၀၉-၈၆၁၉၀၆၃၊ ၀၉-၃၁၂၉၇၈၆၁၊ ၀၁-၆၅၆၇၃၄



ကန့်ကွက်နိုင်ပါကြောင်း

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၆ကေ၊ မြေကွက်အမှတ် ၁၁၁-အက်စ်/၂- အေ-၁၊ မြေကွက်တည်နေရာအမှတ်-၄၂ B၊ အင်းလျားမြိုင်လမ်း၊ ဗဟန်းမြို့နယ် ဒေါ်လှကြည်အမည်ပေါက် မြေပိုင်မြေအား ရန်ကုန်မြို့၊ တရားရုံးချုပ် ၂၀၁၀ ခုနှစ်၊ တရားမအထွေထွေလျှောက်လွှာ(အထူး) အမှတ်-၉၅၊ နေ့စဉ်မှတ်တမ်း၊ အရောင်းအဝယ်စာချုပ်အမှတ်-၁၃၂/၂၈-၂-၂၀၀၆၊ အမှားပြင်စာချုပ်အမှတ်-၃၇၂၁/၁၈-၉-၁၉၉၇ တို့မှာ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးလက်ခံအမှန်တင်ပြ၍ အမည်ပေါက် ဒေါ်လှကြည်ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၄၃၁၀/ ၃၀-၄-၂၀၁၀ ရရှိသူ ဒေါ်မြင့်မြင့်ဆွေ ၁၂/မရက(နိုင်)၀၈၃၂၆၄ က ပါဝါပေးသူသက်ရှိ ထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း၊ ကျမ်းကျိန်လွှာ၊ တရားရုံး၏စီရင်ချက်အရ ပူးတွဲပိုင်ရှင် ဒေါ်အုန်းစိန် ၁၂/ဗဟန(နိုင်)၀၄၆၆၅၅တို့နှင့်ပူးတွဲ၍ မြေကွက်၏ (Portion)ကို အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

(၃၅)နှစ်မြောက် မင်္ဂလာဆုမွန်လွှာ

ချစ်ဒယ်ဒီ ဒေါက်တာတင့်ထွန်းကျော် (ဒုတိယညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆေးမှူးချုပ်၊ အကျဉ်းဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန)နှင့် ချစ်မာမီ ဒေါက်တာစန္ဒာဝင်း (Rosie Aye Maung) တို့၏ ၂၅-၂-၂၀၁၄ ရက်တွင်ကျရောက်သော (၃၅)နှစ်မြောက် မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာ ချစ်လှစွာသော သားတို့သမီးတို့နှင့်အတူ ပျော်ရွှင်စွာ ဘဝခရီး လျှောက်လှမ်းနိုင်ပါစေရန် ဆုမွန်ပြုလိုက်ပါသည်။

မိခင်ကြီး - ဒေါ်တင်တင်
ညီမ - **Dolly Aye Mg (Protection Officer-Singapore)**
သမီးကြီး - **အေးမြတ်ခိုင် ACCA(UK)-M.Sc(Finance)(National University of Dubalin), General Manager, Oxfam International-Myanmar**
သမီးငယ် - **ခိုင်နှင်းရီ M.Sc(Engg:) (NUS)-Senior Geotechnical Engineer Amberg Geotechnical Consultant Co.(Switzerland) Singapore**
သားငယ် - **ဒေါက်တာကျော်ထွန်းဝင်း House Officer (University of Dental Medicine, Yangon)**
သားကြီး - **သိန်းဇော်ထွန်း၊ ချိုပြုံး၊ ကောင်းကောင်း**

ကိုးဘွဲ့ရရိပ်သာ၌ အမြတ်ဆုံး သိမ်၊ ဘုရား၊ ကျောင်း ဒကာခံယူပါ။

(ဖုန်း ၀၉၂၁၁-၁၁၀ ၃၀၅ ၊ ၀၉၄၂၁-၁၁ ၅၃ ၃၀၆)

၁၉၈၂ခုနှစ် ရန်ကုန်တက္ကသိုလ် ဘူမိဗေဒကျောင်းသား၊ ကျောင်းသူဟောင်းများ၏အာစရိယပူဇော်ပွဲနှင့်

မိတ်ဆုံစားပွဲဖိတ်ကြားခြင်း

နေ့ရက် - ၂၂-၃-၂၀၁၄ရက်(စနေနေ့)
အချိန် - ညနေ ၄း၃၀နာရီမှ ည ၉နာရီ
နေရာ - Jade Room,Western Park Royal Restaurant
ကန်တော်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

ဆဋ္ဌမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို အထက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါ၍ ဖော်ပြပါသူငယ်ချင်းများထံ ဆက်သွယ်ကြပါရန်-
ကိုမြင့်စန်း ဖုန်း-၀၉-၅၁၅၅၄၅၀၊ ကိုလှမင်း ဖုန်း-၀၉-၅၁၈၈၂၃၇၊ ကိုအောင်မျိုးသိုက် ဖုန်း-၀၉-၅၁၅၇၂၇၆၊ ကိုမောင်မောင်နိုင် ဖုန်း-၀၉-၅၁၂၈၈၈၆၊ ကိုအောင်ဌေးမင်း ဖုန်း-၀၉-၅၁၅၁၃၂၇၊ မနီနီမော် ဖုန်း-၀၉-၅၁၄၆၈၀၈၊ ကိုဖုန်းဦး-စပ်ခင်သူဇာ ဖုန်း-၀၉-၅၀၀၁၁၉၁၊ ကိုကောင်းနိုင်-မခင်ခင်ဝေ ဖုန်း-၀၉-၇၃၁၅၄၂၉၉၊ ဗိုလ်ကြည်သောင်း ဖုန်း-၀၉-၇၃၂၀၃၉၀၇၊ ရပ်ဝေးမှ သူငယ်ချင်းများအတွက် ကမ္ဘောဇဘဏ် အကောင့်နံပါတ် ၀၅၇-၃၀၂-၀၅၇၀၀၀၁၅၆၇၀၁ သို့ ထည့်ဝင်လှူဒါန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄E၊ မြေကွက်အမှတ် ၄၃၊ မြေကွက်တည်နေရာ အမှတ် ၈၊ နတ်စင်လမ်း၊ ကျောက်မြောင်းကြီးရပ်ကွက် ဦးရွှေမြတ်နှင့် ဒေါ်ခင်စန်းသီ အမည်ပေါက် နှစ် ၉၀ဂရန်မြေအား အမည်ပေါက် ဦးရွှေမြတ်(ဖခင်)၊ ဒေါ်ခင်စန်းသီ (မိခင်)နှင့် ဒေါ်စန္ဒာ (သမီးတစ်ဦး-အပျိုကြီးဘဝဖြင့်) အသီးသီးကွယ်လွန်သဖြင့် (၁) ဒေါ်ရတနာ ၁၂/တမန(နိုင်)၀၅၇၈၈၄၊ (၂) ဒေါ်နီလာ ၁၂/တမန(နိုင်)၀၂၃၀၀၀၊ (၃) ဦးအောင်မြတ်ဦး ၁၂/တမန(နိုင်)၀၆၁၂၅၈ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ဧရာဝတီတိုင်းဒေသကြီးအမှာ…

ရောင်းရန်ကြော်ငြာစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မိတ္ထီလာခရိုင်တရားရုံး
၂၀၁၃ ခုနှစ် ဇာရီမှုအမှတ်-၃၉

မန်နေဂျာ	**နှင့်**	၁။ ဦးစိုးမြင့်
မြန်မာ့စီးပွားရေးဘဏ်		၂။ ဒေါ်မြင့်မြင့်တင်
သာစည်မြို့။		အမှတ်(၃)ရပ်ကွက်၊
		သာစည်မြို့။
တရားနိုင်		**တရားရှုံးများ**

၂၀၁၁ ခုနှစ် တရားမကြီးမှုအမှတ်-၃၄ တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းများကို ၂၀၁၄ခုနှစ် မတ် ၂၈ ရက် (၁၃၇၅ခုနှစ် တပေါင်းလပြည့်ကျော် ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့်ပစ္စည်းများစာရင်း

၁။ သာစည်မြို့၊ အမှတ်(၃)ရပ်ကွက်၊ အကွက်အမှတ် (၁၆/ခ)ရှမ်းပွဲ၊ ဦးပိုင်(၅၂)၊ မြေကွက်အမှတ်(၁၅)၊ ဧရိယာ ၀ ဒသမ ၀၈၄ ဧကရှိမြေနှင့် ယင်းမြေပေါ်ရှိ ပေ(၃၀×၄၀) သွပ်မိုး၊ အုတ်ကာ၊ လျှာထိုး၊ ကွန်ကရစ်ခင်း၊ လူနေနှစ်ထပ်တိုက်တွဲလျက် ပေ(၃၇×၁၃)ပေ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ လူနေနှစ်ထပ်တိုက်၊ ပေ(၂၀×၂၀)သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း၊ မီးဖိုချောင်၊ (၈၂)ပေ အုတ်တံတိုင်း၊ နှစ်လက်မအဝီစိတွင်း၊ ရေချိုးခန်း။

ကြမ်းခင်းဈေး ကျပ်သိန်း ၂၀၀၀။

၂။ သာစည်မြို့၊ အမှတ်(၆)ရပ်ကွက်၊ အကွက်(၁၀/သာယာကုန်း)၊ ဦးပိုင်(၁၅၈/ခ)၊ မြေကွက်အမှတ်(၁၅၅/၃၂၃)၊ ဧရိယာ ၀ ဒသမ ၂၀၁ဧကရှိ မြေနှင့် ယင်းမြေပေါ်ရှိ ပေ(၂၀×၂၂×၂၀) သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်လျှာထိုးခင်းတွဲလျက် (၁၁×၁၉)ပေ စမုတ်ပါ လူနေနှစ်ထပ်တိုက်။

ကြမ်းခင်းဈေး ကျပ်သိန်း ၈၀၀။
လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

(၁) စာရင်းတွင် ဖော်ပြပါရှိသောအချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
(၂) လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
(၃) လေလံစည်းကမ်းအချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင် ရောင်းချမည့် ရက်မတိုင်မီရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၁၄ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်ခင်ထွေး)
ဒုတိယခရိုင်တရားသူကြီး
မိတ္ထီလာခရိုင်တရားရုံး

ပိုင်ရှင်ကိုယ်တိုင် ရောင်း/ငှားမည်

နေပြည်တော် ဥတ္တရသီရိမြို့၊ ဥတ္တရသီရိအဆင့်မြင့်ဈေး၊ ကျန်းမာရေးနှင့် အလှဆိုင်လုပ်ငန်း လုပ်ရန်အတွက် စက်ပစ္စည်းများနှင့် အဆင်သင့်အဆင့်မြင့်ပြင်ဆင်ပြီး ခြံအကျယ်ပေ(၁၀၀×၂၀၀)၊ အဆောက်အအုံပေ(၇၀×၅၀)တစ်လုံး၊ ပေ(၅၀×၈၀)တစ်လုံး၊ ပေ(၂၀×၄၀)တစ်လုံး အပါအဝင်။

နေပြည်တော် ဥတ္တရသီရိမြို့၊ ဥတ္တရသီရိအဆင့်မြင့်ဈေး၊ အဆင့်မြင့်စားသောက်ဆိုင် လုပ်ငန်း လုပ်ရန်အတွက် Kitchen+ Tables အသုံးအဆောင်ပစ္စည်း အစုံအလင်၊ စားသောက်ဆိုင်လုပ်ငန်းလုပ်ရန်အတွက် အဆင်သင့် အဆင့်မြင့်ပြင်ဆင်ပြီး ခြံအကျယ်ပေ(၁၀၀×၂၀၀)၊ အဆောက်အအုံပေ(၇၀×၅၀)တစ်လုံး၊ ပေ(၂၅×၂၅)နှစ်လုံး အပါအဝင်။

ဆက်သွယ်ရန် ဖုန်း-၀၉-၄၃၀၅၆၂၁၁၊ ၀၉-၄၉၃၃၂၂၂၄

အများနှင့်သက်ဆိုင်သော ကုမ္ပဏီဖွဲ့စည်းပြီးကြောင်း ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာတွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဧရာဝတီ အောင်လင်းထက် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်အား အမှတ်-၅၀၉၂/၂၀၁၃/၂၀၁၄ဖြင့် ၂၀၁၄ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် မှတ်ပုံတင်ခွင့် ပြုပေးပြီးဖြစ်ပါသည်။ သင်းဖွဲ့စည်းမျဉ်းဥပဒေအရ အစုရှယ်ယာများကိုလည်း ဝယ်ယူလိုသူများကို တစ်စုလျှင် ၁၀၀၀၀ိ/နှုန်းဖြင့် ဝယ်ယူနိုင်ကြောင်း ကြေညာအပ်ပါသည်။ **(တင်ထွန်း)**

အမှုဆောင်ဒါရိုက်တာ
ဧရာဝတီအောင်လင်းထက်အများနှင့်သက်ဆိုင်သော
ကုမ္ပဏီလီမိတက် ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့

၁၈-၂-၂၀၁၄ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၉-၂-၂၀၁၄ ရက်ထုတ် ကြေးမုံသတင်းစာပါ ဦးမောင်မောင်သန်း၊ ဦးအောင်သူရထွန်းတို့၏ လွှဲအပ်ညွှန်ကြားချက်အရ တရားလွှတ်တော်ရှေ့နေကြီးများဖြစ်သည့် ဦးတင်ရွှေ၊ ဒေါ်ကေသီထွန်းတို့၏အများသိစေရန် ကြေညာချက်အပေါ်

အဖြစ်မှန်အတိုင်း ပြန်လည်ရှင်းလင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တိုက် ၃၅၈၊ အခန်း ၇၊ အနောက်ရန်ကင်း၊ ရန်ကင်းမြို့နယ်နှင့် တိုက်စီ၊ အခန်းအမှတ် ၂၀၄၊ ပညာ့ဝတီအိမ်ရာ၊ (၅)ရပ်ကွက်၊ ရန်ကင်းမြို့နယ်နေ ဒေါ်သီတာမြင့် ၁၂/မရက(နိုင်)၁၂၇၁၅၃၊ ဒေါ်နီလာမြင့် ၁၂/မရက(နိုင်)၀၆၆၀၆၇တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အဖြစ်မှန်အတိုင်း ပြန်လည်ရှင်းလင်းကြေညာအပ်ပါသည်။

၁။ ဒေါ်သီတာမြင့်၊ ဒေါ်နီလာမြင့်အမည်ပေါက်ပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၇၊ မြေကွက်အမှတ် ၄၊ ဇ[၃]-ဒီ[၃]၊ ဧရိယာ ၀ဒသမ ၁၁၅ဧကရှိ အမှတ် ၁၊ ကုန်းမြင့်ရိပ်သာ၊ ၇ မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်ဟု ခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းအပါအဝင် အကျိုးခံစားခွင့်ကို ဦးမောင်မောင်သန်းနှင့် ဦးအောင်သူရထွန်းတို့အား ၁၉-၁၁-၂၀၁၃ ရက်စွဲပါ မြေကွက်အရောင်းအဝယ်စရန်ပေးကတိစာချုပ်ဖြင့် ရောင်းချခဲ့ရာတွင် ဝယ်သူများဘက်မှ တရားလွှတ်တော်ရှေ့နေကြီးများဖြစ်ကြသည့် ဦးတင်ရွှေ၊ ဒေါ်ကေသီထွန်းနှင့် ရောင်းသူများဘက်မှ တရားလွှတ်တော်ရှေ့နေ ဦးစိန်ရီတို့ဖြင့် စာချုပ်ချုပ်ဆိုခဲ့ကြပါသည်။

၂။ ၂၆-၁၂-၂၀၁၃ ရက် သိန်း ၃၅၀၀အား တတိယအကြိမ် ပေးချေရမည်ဖြစ်သော်လည်း ဝယ်သူများဘက်မှ ၃၀-၁၂-၂၀၁၃ ရက်တွင် ငွေကျပ်သိန်း ၁၀၀၀သာ ပေးချေနိုင်ပြီး ၂-၁-၂၀၁၄ ရက်တွင် စမ်းချောင်းမြို့နယ် UAB ဘဏ်၌ ငွေကျပ်သိန်း ၂၅၀၀ ထုတ်ယူရန် Check no.039316 ဖြင့် Check လက်မှတ်တစ်စောင်ပေးအပ်ရာ ရောင်းသူများမှ ၃-၁-၂၀၁၄ ရက်၌ သွားရောက်ထုတ်ယူရာတွင် အဆိုပါ Check သည် ငွေမရှိကြောင်းသိရှိရပြီး ယင်းနေ့ညနေတွင် ဝယ်သူ၏ရုံးမှ တာဝန်ရှိသူနှစ်ဦးလိုက်လာပြီး ၇-၁-၂၀၁၄ရက် နောက်ဆုံးထား၍ ပေးသွင်းမည်ဖြစ်ကြောင်း စာချုပ်နောက်ကျောတွင် ဝန်ခံလက်မှတ်ရေးထိုးပေးခဲ့ကြောင်း စာရွက်စာတမ်းအထောက်အထားအရ ပေါ်ပေါက်နေပါသည်။

၃။ ဦးအောင်သူရထွန်းမှ ဖုန်းဖြင့် ၇-၁-၂၀၁၄ ရက်တွင် ငွေအခက်အခဲဖြစ်၍ မပေးချေနိုင်သေးကြောင်းနှင့် ၈-၁-၂၀၁၄ ရက်တွင် စာချုပ်နောက်ကျော၌ ၂၄-၁-၂၀၁၄ ရက်တွင် တတိယအရစ်ကျန်ငွေသိန်း ၂၅၀၀နှင့် နောက်ဆုံးငွေသိန်း ၃၅၀၀ ပေါင်း သိန်း၆၀၀၀ အား ပေးချေမည်ဖြစ်ကြောင်း မပေးနိုင်ပါက စရန်ငွေအဆုံးခံမည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးပေးခဲ့ပြီး ၂၄-၁-၂၀၁၄ ရက် နေ့လယ်တွင် ရောင်းသူများမှ ဝယ်သူ၏ရုံးခန်းတည်ရှိရာသို့ လိုက်သွားရာ ညနေ ၆ နာရီကျော်တွင် ဖုန်းဆက်၍ ငွေပေးမည့်အချိန်ကိုထပ်ပြောမည်။ အိမ်တွင်စောင့်နေပါပြော၍ ပြန်လာပြီးစောင့်နေရာ ဝယ်သူမှလာမည်ဟုသာပြောပြီး လာရောက်ခဲ့ခြင်း လုံးဝမရှိပါ။

၄။ ရောင်းသူများဘက်မှ ၄-၂-၂၀၁၄ ရက်တွင် ရှေ့နေမှတစ်ဆင့် နို့တစ်စာပေး၍ ရောင်းသူ ဝယ်သူတို့ချုပ်ဆိုခဲ့သည့် ၁၉-၁၁-၂၀၁၃ ရက်စာချုပ်ပါ အပိုဒ်(၇) (၈)အရ လည်းကောင်း၊ ရောင်းသူမှ လူမှုရေးအရလိုက်လျော၍ ရက်ရွှေ့ပေးခဲ့သော်လည်း ဝယ်သူဘက်မှ အကြိမ်ကြိမ် ပျက်ကွက်ခြင်းကြောင့် စရန်ငွေဆုံးရှုံး၍ အရောင်းအဝယ်ရပ်စဲသွားပြီဖြစ်ကြောင်း အကြောင်းကြားခဲ့ရာ ဝယ်သူများ၏ တရားလွှတ်တော်ရှေ့နေမှ ငွေကျပ်သိန်း ၆၀၀၀ အား ပေးမည်။ အရောင်းအဝယ်ဆက်လက်ဆောင်ရွက်ရန်(သို့မဟုတ်) ဝယ်သူ၏ဆန္ဒမပါဘဲ အရောင်းအဝယ်ရပ်စဲပါက ပေးထားသောစရန်ငွေနှစ်ဆပေးမှ အရောင်းအဝယ်ရပ်စဲမည်ဖြစ်ကြောင်း ပြန်ကြားခဲ့ပြီး သတင်းစာများတွင်လည်းအဆိုပါမြေကွက်အား အရောင်းအဝယ်မပြုရန် အများသိစေရန်ကြေညာသော်လည်း မည်သည့်နေ့ရက်၌ အတိအကျဆောင်ရွက်မည်ဖြစ်ကြောင်း လုံးဝဖော်ပြမှုမပြုခဲ့ကြောင်းလည်းတွေ့ရပါသည်။

၅။ အဆိုပါမြေကွက်နှင့်ပတ်သက်၍ ရောင်းသူများဘက်မှ တရားဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး ဝယ်သူ ဦးမောင်မောင်သန်း၊ ဦးအောင်သူရထွန်းတို့၏ ညွှန်ကြားချက်အရ ကြော်ငြာပါအကြောင်းအရာကို လိုက်နာဆောင်ရွက်ပေးမည်မဟုတ်ပါ။ ကျွန်ုပ်၏အမှုသည်များမှာ ကြီးမား၍ကုစားရန်မလွယ်သော နစ်နာဆုံးရှုံးမှုကြီးနှင့်လည်း ကြုံတွေ့ခံစားလိုက်ရသည်ဖြစ်၍ ဥပဒေအရ တရားစွဲဆိုပါက ဥပဒေနှင့်အညီ ရင်ဆိုင်ခုခံဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းညွှန်ကြားချက်အရ အဖြစ်မှန်အတိုင်း အများသိစေရန် ရှင်းလင်းကြေညာပါသည်။

ဒေါ်သီတာမြင့်နှင့် ဒေါ်နီလာမြင့်တို့၏
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်သက်နွယ် B.A(Law), LL.B
တရားလွှတ်တော်ရှေ့နေ(စဉ်-၂၇၆၇)
အမှတ် ၂၀၉၊ ဒုတိယထပ်(ဝဲ)၊ ၃၇ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၈၈၁၃၂၊ ၀၉-၄၉၃၁၉၈၆၄

အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P)များ ရုပ်သိမ်းကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် ၁၀-၁-၂၀၁၄ ရက်က ဒေါ်ကြည်ကြည် ၁၂/ဥကတ(နိုင်)၁၂၁၅၇၉၊ ဦးခင်မောင်အေး S/OKA-၀၀၈၅၅၁၊ ဦးသန်းအေး ၁၂/ဥကတ(နိုင်)၁၂၁၄၉၄ နှင့် ဒေါ်မြင့်မြင့်အေး ၁၂/ဥကတ(နိုင်)၁၂၁၅၆၉၊ ဒေါ်မြင့်မြင့်သွယ် ၁၂/ဥကတ(နိုင်)၁၂၁၅၆၆၊ ဒေါ်ခင်မြင့်ရီ ၁၂/ဥကတ(နိုင်)၁၂၃၀၃၄တို့မှ ဦးသောင်းထိုက် ၁၂/ဥကတ(နိုင်)၀၁၁၃၁၇ ထံ အထွေထွေကိုယ်စားလှယ်လွှဲစာ အမှတ်(၉၈၉/၂၀၁၄)နှင့် (၉၉၀/၂၀၁၄) တို့အရ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ(G.P)နှစ်ခုအား လုပ်ငန်းဆောင်ရွက်ရန်မရှိသေးပါသဖြင့် ပြန်လည်ရုပ်သိမ်းပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်နိုင်	**ဦးရဲလင်း**	**ဦးစိုင်းပြည့်ဖြိုးဝေ**
(စဉ်-၃၉၉၃)	**(စဉ်-၆၁၀၀)**	**(စဉ်-၄၂၉၈၀)**

အထက်တန်းရှေ့နေများ
အမှတ် ၉၂၊ ကန်တော်လမ်း၊ လေးထောင့်ကန်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၇၃၁၀၇၈၅၀၊ ၀၉-၇၃၀၀၀၁၉၀၊ ၀၉-၄၅၀၀၆၁၇၉၀

ဦးမီးရာမိုဟီဒင် ၁၂/သဃက(နိုင်)၁၁၈၂၀၃နှင့် ၎င်း၏ရှေ့နေ ဦးသိန်းနိုင်(စဉ်-၃၃၁၀၁)တို့၏ ၂၁-၂-၂၀၁၄ရက်စွဲပါ မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ-၁၉တွင်ပါရှိသော ကြေညာချက်အပေါ် ပြန်လည်၍

အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ၊ (B-25)နေ ဦးဇော်ကိုဦး ၁၂/မရက(နိုင်)၀၉၄၇၇၇နှင့် ဦးသက်သူရဝင်း ၁၂/ဥကတ(နိုင်)၀၀၀၉၆၀တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးမီးရာမိုဟီဒင်နှင့် အများသိစေရန် ပြန်လည်၍ ရှင်းလင်းအသိပေးကြေညာအပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အောင်သပြေ (၁)လမ်း၊ (၅၃၁/က) ပေ(၁၂×၅၀)၊ မြေညီထပ်(ညာ)ခန်းအား မြေပိုင်ရှင် ဦးမင်းလွင် ၁၂/သဃက(နိုင်) ၀၅၅၆၈၁ကိုယ်တိုင်အသိအမှတ်ပြုကာ ရောင်းချသူအဖြစ် ကန်ထရိုက်တာ ဦးသိန်းထွန်း ၁၂/မဂတ(နိုင်)၀၀၂၆၃၃ ဝယ်ယူသူများအဖြစ် ကျွန်ုပ်တို့၏ မိတ်ဆွေများက ၁၇-၁-၂၀၁၄ရက်စွဲပါ နေအိမ်တိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်စာချုပ်ဖြင့် အသိသက်သေများရှေ့တွင် လွှဲပြောင်းဝယ်ယူပြီး ယနေ့တိုင်အောင် သော့ခတ်လက်ရောက်ရရှိထားပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ မမှန်မကန် ကြေညာခြင်းများ ဆက်လက်မပြုလုပ်ပါရန် ပြန်လည်ရှင်းလင်း အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးဘူမောင်(LL.B) (စဉ်-၂၂၇၄၇)	**ဒေါ်နှင်းပွင့်သန်း(LL.B) (စဉ်-၂၇၀၇၅)**

လင်း အိမ်၊ ခြံ၊ မြေ၊ တိုက်ခန်းအကျိုးဆောင် အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ မြေညီ၊ ဗိုလ်ချုပ်ရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၁၆၅၉၊ ၀၉-၅၁၁၈၀၀၇၊ ၀၉-၄၀၂၅၉၄၃၄၇၊ ၀၉-၂၅၄၀၅၁၄၆၇

စီးပွားရေးနှင့်လူမှုရေးကြော်ငြာ

[illegible]

[illegible]

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြောက်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်-၂၉၊မြေကွက်အမှတ်၉၄၊ မြေကွက်တည်နေရာအမှတ်-၉၄၊ (၂၉)ရပ်ကွက်၊ ဒဂုံမြောက်မြို့နယ်၊ ဦးလှတင် AC-၀၄၄၅၅၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက်ဦးလှတင် ကွယ်လွန်သဖြင့် ဒေါ်တင်နွယ်ရီ ၁၂/သကတ(နိုင်) ၀၉၉၂၂၂က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၅၅၉၃/၁၃(၁၂-၁၂-၁၃)ဖြင့် ကိုယ်စားလှယ်ရရှိသူ ဦးကျော်စိုးလှိုင် ၁၄/ဖပန(နိုင်) ၀၂၁၃၉၈က ပါဝါပေးသူ သက်ရှိထင်ရှားရှိကြောင်းနှင့် ပါဝါပြန်လည်ရုပ်သိမ်းခြင်းမရှိကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄ဘီ၊ မြေကွက်အမှတ် ၂၈၂၊ မြေကွက်တည်နေရာအမှတ် ၂၈၂၊ ၇လမ်း၊ ပုသိမ်ညွန့်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ် ဦးမြင့်ရွှေအမည်ပေါက် နှစ်၆၀ ဂရန်မြေအားအမည်ပေါက် ဖခင် ဦးမြင့်ရွှေ၊ မိခင်ဒေါ်ထွေးကြည် ကွယ်လွန်သဖြင့် (၁)ဦးစိုးမြင့် ၁၂/မဂတ(နိုင်) ၀၅၂၂၅၄၊ (၂)ဒေါ်ခင်ခင်ကြီး ၁၂/မဂတ(နိုင်)၀၅၃၉၈၈၊ (၃) ဒေါ်ခင်ခင်ဆွေ ၁၂/မဂတ(နိုင်)၀၅၃၉၅၉၊ (၄)ဦးကျော်မိုးနိုင် ၁၂/မဂတ(နိုင်)၀၅၃၉၆၀၊ (၅) ဒေါ်ယဉ်ယဉ်ဆွေ ၁၂/မဂတ(နိုင်)၀၀၁၀၉၃တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ၁၄ရက်အတွင်းကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ

အထူးဝမ်းနည်းကြေကွဲခြင်း
ဦးအောင်ဇော်မိုး (အင်းစိန်)
အသက်(၅၅)နှစ်

ဦးချိုမြင့်(MD) မြင့်မိသားစု ကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံ ကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်(နေပြည်တော်)-ဒေါ်စန္ဒာ(Executive Director) မြတ်နန်းယုံကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်(နေပြည်တော်)တို့၏ အစ်ကိုဖြစ်သူ ဦးအောင်ဇော်မိုးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့)နေ့လယ်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

- **မြတ်နန်းယုံ ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ**
- **မြတ်နန်းယုံ ငွေရေးကြေးရေးဝန်ဆောင်မှု ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ**
  မြတ်နန်းယုံ ဟိုတယ်(နေပြည်တော်)မှ ဝန်ထမ်းများ
  မြတ်နန်းယုံဟိုတယ်(နေပြည်တော်) နှင့်
  မြတ်နန်းယုံ ဟိုတယ်(မန္တလေး)
  တည်ဆောက်ရေးစီမံကိန်းမှ ဝန်ထမ်းများ

(၂)နှစ်ပြည့် လွမ်းဆွတ်အောက်မေ့သတိရခြင်း
ပါမောက္ခဒေါက်တာခင်ဆွေသောင်း

မြတ်မိခင်ပမာ
မေတ္တာပန်းများ
နှလုံးသားမှာ အရှိန်းမဲ့
တို့ချစ်တဲ့ ဆရာမ
နှစ်ကာလတွေ အနန္တ
အမှတ်တရ ဦးညွတ်လျက်

ဒုတိယရဲမှူးအောင်နိုင်ဦး-ဒေါက်တာသီဂီစိုးမြင့်
သမီး အိမ်ဦးသွယ်

ပါမောက္ခဒေါက်တာခင်ဆွေသောင်း
(၂)နှစ်ပြည့် လွမ်းဆွတ်အောက်မေ့သတိရခြင်း

- တစ်နှစ်လွန်မြောက်၊ နှစ်နှစ်ရောက်လည်း
  မေ့ပျောက်ဘယ်ခါ၊ မဖြစ်ပါဘူး၊
  စိတ်မှာစွဲလမ်း၊ မေတ္တာပန်းဖြင့်၊
  မြတ်တမ်းအောက်မေ့၊ ရင်ထဲပွေ့လျက်၊
  လွမ်းနေ့များနဲ့၊ ကုန်ဆုံးခဲ့တယ်၊
  ချစ်တဲ့မေမေ၊ တီချယ်ဆွေ။
- တို့တွေလွမ်းခဲ့၊ တမ်းတခဲ့တယ်၊
  ချစ်တဲ့မေမေ၊ တီချယ်ဆွေ။
- မပြေပေမဲ့၊ ဖြေဆည်ခဲ့တယ်၊
  ချစ်တဲ့မေမေ၊ တီချယ်ဆွေ။ ။

သီဂီစိုးမြင့်၊ ခိုင်ခိုင်သန်း၊ မေသစ်လွင်

ဝမ်းနည်းကြေကွဲခြင်း
ဆရာကြီး ဦးသန်းညွန့်(ဓမ္မာစရိယ)
အဖွဲ့ဝင်၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့နှင့် နက္ခတ္တဗေဒအဘိဓာန်ကျမ်းပြုအဖွဲ့ဝင်
အသက်(၈၀)

ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သခန်းညိုအုပ်စု၊ သိမ်ကုန်းကျေးရွာနေ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဝင်နှင့် နက္ခတ္တဗေဒ အဘိဓာန်ကျမ်းပြုအဖွဲ့ဝင် ဆရာကြီး ဦးသန်းညွန့်(ဓမ္မာစရိယ) သည် ၂၃-၂-၂၀၁၄ရက် နံနက် ၁နာရီတွင် ကွယ်လွန်ကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမျိုးမြင့် (လက်ထောက်အင်ဂျင်နီယာချုပ်၊ ငြိမ်း)၊ M.E.P.E
အသက်(၇၉)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ မြောင်မြို့နယ်၊ ရွှေပေါက်ပင်ရွာနေ (ဦးလူဌေး-ဒေါ်မျှင်)တို့၏သား၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ရွှေရတနာလမ်း၊ ၁၈-D/၆နေ(ဦးဘသိန်း-ဒေါ်စိန်တင့်)တို့၏သားသမက်၊ ဒေါ်ခင်စိန်ကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ ခင်ပွန်း၊ မသူဇာမြင့်-ကိုနေဝင်း(စင်ကာပူ)၊ (ဒေါက်တာစိုးလှိုင်မြင့်)၊ ကိုကျော်ဆန်း- နန်းမေအေးရင်၊ ကိုသီဟ-မမြတ်မာညွန့် (စင်ကာပူ)တို့၏ဖခင်၊ Winnie Chan, Raymond Chan (စင်ကာပူ)၊ မဆုအိဝင့်(G-3, K, TTC)၊ မောင်သန့်ဇော်မြတ်တို့၏ အဘိုးသည် ၂၄-၂-၂၀၁၄ ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး
ဦးမျိုးမြင့် (လက်ထောက်အင်ဂျင်နီယာချုပ်၊ ငြိမ်း)၊ M.E.P.E
အသက်(၇၉)နှစ်

ရန်ကုန်မြို့၊မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ရွှေရတနာလမ်း၊ ၁၈-D/၆ နေ ဒေါ်ခင်စိန်ကြည်(ကျောင်းအုပ်ဆရာမကြီး၊ ငြိမ်း)၏ခင်ပွန်း၊ (ဒေါ်ခင် စိန်ရီ၊ အထက်တန်းပြ၊ ငြိမ်း)၏အစ်ကို၊ ဦးကျော်ဝင်း-ဒေါ်ဌေးဌေး (ငွေနဂါး အထည်စက်၊ စစ်ကိုင်း)၊ဒေါက်တာ လှိုင်မျိုးထွန်း-ဒေါက်တာဝင်းဝင်းမင်း၊ မသန်းငြိမ်း၊ မခင်စန်းတင့်၊ မသန်းသန်းဌေး တို့၏ဦးလေး၊ မဝေဝေလွင်၊ မကြီး၊ မငယ်တို့၏ဘကြီးသည် ၂၄-၂-၂၀၁၄ရက် (တနင်္လာနေ့) နံနက် ၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူတူ၊တူမများ

ဦးအောင်ဇော်မိုး (အင်းစိန်)
အသက်(၅၅)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်နေ (ဗိုလ်ကြီးဘုဒီမန်လားမား၊ ငြိမ်း)-ဒေါ် နယ်လီတို့၏သားလတ်၊ အမှတ် ၁၈၃၊ မာဃလမ်း၊ ဈေးကုန်းအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်နေ (ဦးတင်စိုး-ဒေါ်ကြည်)တို့၏သားသမက်၊ ဒေါ်စိုးစိုးဝင်း၏ခင်ပွန်း၊ ခင်ဖြူဇော်မိုး(ရိုးမဘဏ်၊ ရှစ်မိုင်ဘဏ်ခွဲ)၊ ကြည်ဖြူဇော်မိုး(2nd MB ဆေး-၂)တို့၏ဖခင်၊ ဦးဝင်းနိုင်-ဒေါ်သဇင်မြင့် (ကန်တော်ကြီးပဲလေ့ဟိုတယ်)တို့၏ညီ၊ တပ်ကြပ်ကြီးစာရေး နေဝင်း(အမှတ်-၁၊ စစ်သားစုဆောင်းရေးတပ်၊ တည်းကုန်း)-ဒေါ်မာလာ၊ ဦးချိုမြင့်(MD၊ မြင့်မိသားစုကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်)-ဒေါ်စန္ဒာ (Executive Director၊ မြတ်နန်းယုံကုမ္ပဏီလီမိတက်၊ မြတ်နန်းယုံဟိုတယ်၊ နေပြည်တော်)၊ ဦးအောင်ဇော်ဝင်း(Uniteam Marine)-ဒေါ်နီလာတို့၏အစ်ကို၊ မမေငြိမ်းသူ(ကမ္ဘောဇဘဏ်)၊ မနန္ဒာလင်း၊ မဝတ်ရည်အောင်၊ မယဉ်မင်းအေး၊ မမြတ်ဆုမွန်၊ မောင်ဝေယံရဲရင့်တို့၏ဦးလေးသည် ၂၄-၂-၂၀၁၄ရက်(တနင်္လာနေ့) မွန်းလွဲ ၁၂း၅၅နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး (ဦးနှောက်နှင့်အာရုံကြောဌာန)၌ ကွယ်လွန်သွားပါသဖြင့် ၂၆-၂-၂၀၁၄ရက်(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး အရိုးပြာကိုဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂-၃-၂၀၁၄ရက်(တနင်္ဂနွေနေ့)နံနက် ၇နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘဝနတ်ထံပျံလွန်တော်မူခြင်း
နှင့်
အန္တိမဈာပန အခမ်းအနားဖိတ်ကြားလွှာ
သက်တော်ရှည် မိုးကုတ်ဆရာတော် ဘဒ္ဒန္တသာသန
သက်တော်(၁၀၀)၊ သိက္ခာတော်(၄၀)

ကရင်ပြည်နယ်၊ မြဝတီမြို့၊ မိချောင်းကုန်းကျောင်းတိုက်၌ သီတင်းသုံးနေထိုင်တော်မူသော (ယခင်ဘားအံမြို့၊ တောင်ကလေးကျောင်းတိုက်) သက်တော်ရှည် (မိုးကုတ်) ဆရာတော် ဘဒ္ဒန္တသာသန သက်တော် (၁၀၀)၊ သိက္ခာတော်(၄၀) သည် (၁၃၇၅ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) ၂၃-၂-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကျန်ရှိနေသော ရုပ်ကလာပ်တော်အား (၁၃၇၅ခုနှစ်၊ တပေါင်းလဆန်း ၉ရက်) ၉-၃-၂၀၁၄ရက်တွင် အန္တိမဈာပနပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆရာတော်၏သာဝက ရဟန်းရှင်လူပြည်သူများ မြဝတီမြို့၊ မိချောင်းကုန်းကျောင်းတိုက်သို့ ကြွရောက်ကြည်ညိုကုသိုလ်ယူနိုင်ကြပါရန် လေးစားစွာ ဖိတ်ကြားလျှောက်ထားအပ်ပါသည်။

အစီအစဉ်

- (၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၉ရက်) ၂၃-၂-၂၀၁၄ရက်မှစ၍ ၃-၃-၂၀၁၄ရက်အထိ ညစဉ် ၇နာရီတွင် ဆရာတော်ကြီးများမှ နိဗ္ဗာန်ရောက်ကျောင်း တရားတော်များ ဟောကြားတော်မူမည်ဖြစ်သည်။
